www.burmeseclassic.com

# ဈေးရောင်းရင်း ပါရမီဖြည့်မယ်




ဓမ္မဒူတဆရာတော်ကြီး၏
တပည့်
ဓမ္မဒူတ အရှင်ဆေကိန္ဒ

www.burmeseclassic.com

www.burmeseclassic.com

ဘယ်အာရုံတွေ မဆို

ပေါ်ပေါ်, ပျောက်ပျောက်

အသိတရား

မပျောက်တဲ့

သတိရှိဖို့ အရေးကြီးတယ်၊

အသိပေးတဲ့

ဆောင်းပါးတွေပါ။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# ဈေးရောင်းရင်း

# ပါရမီဖြည့်မယ်

နှင့်

# အခြားဆောင်းပါးများ

ဓမ္မဒူတ အရှင်ဆေကိန္ဒ

www.burmeseclassic.com

www.burmeseclassic.com

# ဈေးရောင်းရင်းပါရမီဖြည့်မယ်

စာမူခွင့်ပြုအမှတ် ◆ ၆/၂၀၀၃(၁)
မျက်နှာဖုံးခွင့်ပြုအမှတ် ◆ ၂၇/၂၀၀၃(၁)
အုပ်ရေ ◆ (၁၀၀၀) အုပ်
တန်ဖိုး ◆ ဓမ္မဒါန
ပုံနှိပ်သူ ◆ ဒေါ်ကျင်လှိုင် (၀၃၂၄၉)
**ကျော့အောင်** အော့ဖ်ဆက်
အမှတ် ၇၈၊ ၄၄-လမ်း၊
ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်။
ထုတ်ဝေသူ ◆ ဦးတင်ရှိန်
စန်းရောင်ရှိန်စာပေ
အမှတ်(၄/၁၇၇)၊ မေခလမ်း၊
မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

## ဈေးရောင်းရင်း ပါရမီဖြည့်မယ်

## နိုင်ရာကိုပဲ ထမ်းတာပါ

"တာဝန်သိသူမှာ တာဝန်ရှိတယ်။ တာဝန်ရှိရင် တာဝန်ပိတတ်တယ်"။ ကျေးဇူးတော်ရှင် မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီးရဲ့ ဩဝါဒပါ။

မိမိက ဒီဩဝါဒကို သိရကတည်းက မိမိနဲ့ ဆိုင်တဲ့ တာဝန်တွေကို သိအောင် ကြိုးစားခဲ့ပါတယ်။ သိသည့်အတိုင်း တာဝန်တွေလဲ ရှိလာပါတယ်။

ဒါပေမဲ့ တာဝန်အပိတော့ သိပ်မခံနိုင်ပါ။ ငယ်စဉ်ကတည်းက နိုင်တဲ့အလုပ်ကိုပဲ လုပ်တယ်။ နိုင်တဲ့တာဝန်ကိုပဲ ထမ်းတယ်။ မနိုင်ဝန် ထမ်းရင် ခါးကျိုးတတ်သလို ဉာဏ်လည်း ကျိုးတတ်တယ်။ စိတ်ဓာတ်လဲ ကျိုးတတ်တယ်ဆိုတာကို သိထားခဲ့ ပါတယ်။

ဒါကြောင့်မို့ နိုင်ရာကို နိုင်သလောက်သာ ထမ်းလေ့ရှိပါတယ်။

ကျေးဇူးတော်ရှင် (တောင်စွန်း) ဓမ္မဒူတ ဆရာတော်ကြီးက မိမိကို စာရေး စာချ တရားဟော တရားပြ သာသနာ့တာဝန်တွေကို လက်ထပ်သင်ပေး နည်းယူစေခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

## ဓမ္မဒူတ အရှင်ဇေကိန္ဒ ၏

နိုင်ရာကို ထမ်းတာဟာ သမာဓိရှိသူတွေရဲ့ စွမ်းအင် တစ်မျိုးပါပဲ။ မိမိလဲ နိုင်ရာကိုပဲ ထမ်းပါတယ်။ မိမိနဲ့နီးစပ်သူတွေကိုလဲ နိုင်ရာကိုပဲ ထမ်းစေလိုပါတယ်။

သာသနာ့တာဝန်တွေကို သိ၊ တာဝန်တွေ ရှိလွန်းတော့ တာဝန်ပိလွန်းတတ်ပါတယ်။ တာဝန် ပိလွန်းအားကြီးလို့ နိုင်သလောက်ထဲက ဖြစ်သင့်တာတွေကို ဦးစားပေးခဲ့ရလို့ စာရေးနှေးခဲ့ပါတယ်။ စာမရေးဖြစ်တာ ကြာပါပြီ။

ဒါပေမဲ့ စာဖတ်သူတွေအတွက် ဓမ္မဒူတ မောင်စစ်ကိုင်း၊ ဓမ္မဒူတ အရှင်ဇေကိန္ဒ၊ ကောင်းမွန်သာ အမည်တွေနဲ့ ရေးခဲ့တဲ့ ဆောင်းပါးတွေကို ရှာဖွေပြီး စာအုပ်အဖြစ် တစ်စုတစ်စည်းတည်း ပြန်လည်မျှဝေလိုက်တာပါ။ အသိတိုးပြီး ကျင့်သုံးနိုင်ကြပါစေ။

ဓမ္မဒူတ မောင်စစ်ကိုင်း

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

၁။ သစ္စာ ၁

၂။ ဘုရားတွေ့သလိုလို ၃

၃။ တရားရတယ်ဆိုတာ ၁၅

၄။ တရားတွေ့သလိုလို ၃၁

၅။ ဗုဒ္ဓသာသနာ ၄၁

၆။ သံဃာတွေ့သလိုလို ၅၇

၇။ တံလျှပ်ကို ရေထင် ၆၇

၈။ ဘယ်လိုမြင်နေကြပါသလဲ ၇၅

၉။ ဗီဇဝါသနာစရိုက် (၁) ၈၇

၁၀။ ဗီဇဝါသနာစရိုက် (၂) ၁၀၁

၁၁။ ဗီဇဝါသနာစရိုက် (၃) ၁၁၃

၁၂။ မိုးယိုရင် နေရာရွှေ့တယ် ၁၂၅

၁၃။ အိမ်တွင်းကန်တော့ပွဲ ပြင်ကြစို့ ၁၃၇

၁၄။ ကိုယ်ပိုင်နွားကျောင်းသား ၁၅၁

၁၅။ အလွယ်ဆုံးအလုပ် ၁၆၃

www.burmeseclassic.com

www.burmeseclassic.com

၁၆။ ဈေးရောင်းရင်း ပါရမီဖြည့်မယ် ၁၇၁
၁၇။ ဖြေရှင်းမယ် ၁၈၇
၁၈။ ခေါင်းဆောင်ကောင်း ၁၉၉
နောက်လိုက်ကောင်း
၁၉။ ကရုဏာ ဒေါသော ၂၁၁
၂၀။ မရှာဘဲတွေ့ မမေ့သော တန်ဖိုး ၂၁၅

www.burmeseclassic.com

www.burmeseclassic.com



# သဗ္ဗာ

ဖူး
ငုံ
ပွင့်
နွမ်း
ပန်းစကား။

နူ
ရင့်
ဝါ
ကြွေ
ရွက်သက်သေ။

အို
နာ
သေ
ရ
ဘဝါဘဝ။

ဖြစ်
တည်
ပျက်
မှန်
လောကဓံ။

ဓမ္မအမြင်-အတွဲ (၁) အမှတ် (၁)၊ ဓမ္မဒူတ ဇော်စစ်ကိုင်း

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



# ဘုရားတွေ့သလိုလို

ဓမ္မဒူတ – မောင်စစ်ကိုင်း

တစ်ချို့သော ပုဂ္ဂိုလ်တို့က ပကတိမျက်စိဖြင့် မျက်ဝါးထင်ထင် တွေ့မြင်ရမှုကို အဓိကထား၍ တစ်ချို့က ပကတိနားဖြင့် ကြားရမှု၊ နှာခေါင်းဖြင့် အနံ့ရမှု၊ လျှာပါးစပ်ဖြင့် စားရမှု၊ ကိုယ်ဖြင့် တွေ့ထိရမှု၊ ကိုယ်တိုင်ကြုံရမှု ယုံကြည်ကြ၏၊ လက်ခံကြ၏။

အပြစ်မပြောသာပါပေ။

အဘယ်ကြောင့်ဆိုသော် ခေတ်အခါကာလကြီး သည်ပင် ကိုယ်တွေ့ဖြစ်ရပ်မှ ယုံသည်။ ရိုးသည် ဆန်းသည်တို့ထက် ကိုယ်တွေ့ကိုသာ ဦးစားပေးသော သိပ္ပံခေတ်ကြီး ဖြစ်နေသောကြောင့်သာတည်း။

ခေတ်ရေစီးကြောင်း ပြောင်းလာသည်ဟု ဆိုဆို တိုးတက်သော ခေတ်ကို ရောက်လာသည်ပဲပြောပြော မျက်ဝါးထင်ထင် တွေ့မြင် ကြုံရ ဆုံရသော ဖြစ်ရပ် တို့သည် အံ့ဩဘနန်း ရှိလှချေ၏။

www.burmeseclassic.com

www.burmeseclassic.com



ယခင့်ယခင်က အသုံးအဆောင်၊ အပြောအဆို၊ အရေးအသား၊ စာပေအတတ် အရပ်ရပ်တို့ကို ခေတ်နောက်ကျခဲ့သည်ဟု ဆို၍ နှုတ်ဆိတ်လိုကြသည်၊ ခွဲခွာလိုကြသည်၊ ပစ်ပယ်လိုကြသည်၊ အရာမသွင်းလိုကြပြီ။

ဗုဒ္ဓစာပေ၊ ဗုဒ္ဓအယူအဆ၊ ဗုဒ္ဓကိုးကွယ်မှု၊ ဗုဒ္ဓယုံကြည်မှုတို့ကိုလည်း ထိုနည်းနှင်နှင် မသိလိုက် မသိဖာသာ နေလိုကြသည်။

သို့သော် ဘိုးဘေးဘီဘင် အစဉ်အဆက်မှသည် ယခု အမိ အဘတိုင်အောင် ကိုးကွယ်ခဲ့သော ဘာသာ၊ အားထားခဲ့သော ဗုဒ္ဓအဖြစ်ဖြင့် သာမာန်မျှသာ တစ်နည်းအားဖြင့် မသိသလို ပြုလုပ်နေကြသည့်အဆင့်မျှသာ ကိုးကွယ်လာကြတော့သည်။

"အရှင်ဘုရား၊ တပည့်တော်တို့ အိမ်ခွဲပြီး နေမလို့ပါ ဘုရား"

"အေး နေပေါ့၊ ကိုယ့်ဘဝတစ်ခုကို တက်ညီလက်ညီ ထူထောင်ကြပေါ့"

"မှန်ပါ့ ဘုရား၊ အိမ်ခွဲဖို့ အခု ဧပြီလ ၂၉-ရက်နေ့က အမြို့တွက်စုတ်နေ့ကျတယ်တဲ့။ အဲဒီနေ့ကို အိမ်

www.burmeseclassic.com

www.burmeseclassic.com



တက်လုပ်တဲ့ ဘုရား။ တပည့်တော်ကလည်း ရက်က ကပ်နေတော့ အိမ်တက်လုပ်လို့ မှီပါ့မလား"

"အမြိတ်တစ်စုတ်တွေ၊ နှစ်စုတ်တွေ ခဏထား စမ်းပါ၊ ဘဝတစ်ခု၊ အိုးအိမ်တစ်ခု တည်ထောင်ပြီ ဆိုရင် ဆိုပါစို့။ မိမိတို့ တစ်သက်လုံး မှီခိုနေမယ့် အိမ်ဂေဟာအသစ်ကို ရှေးဦးစွာ ဘုရားရှင်ကို ပင့်တင် သီတင်းသုံးတော်မူစေဖို့၊ နောက်ပြီး သံဃာတော် အရှင်မြတ်တွေရဲ့ မေတ္တာကရုဏာဓာတ်တွေကို ခံယူ၊ ဘုရားရှင်ရဲ့ ပရိတ်တရားတော်မြတ်တွေကို နာကြား၊ ဒါကို ဦးစားပေးလုပ်ရတယ်"

"အဲဒါ လျှောက်မလို့ပါဘုရား၊ အရှင်ဘုရားလဲ ခရီးဆက်မကြွခင် အိမ်ကို ပရိတ်လေးရွတ်ပေးဖို့နဲ့ နောက်ပြီး ဒက္ခိဏာသာခါပဲ ကိုးကွယ်ရမလား၊ မီးကွင်းပဲ ဖြစ်ဖြစ်၊ ဆင်ခံ မြင်းခံပဲဖြစ်ဖြစ် ဘာကို ကိုးကွယ်ရ မလဲဆိုတာ အမိန့်ရှိပါဘုရား"

"သွားရော၊ သွားရော၊ ရေစုန်မျောကုန်ပါပေါ့ လား၊ ဘုရားရှင်ရဲ့ ပရိတ်တရားတော်မြတ်ကြီးတွေကို ပရိတ်ကလေးရွတ်ပေးဖို့တဲ့။ သေရောကွယ်၊ သေရော သေရော"

www.burmeseclassic.com

www.burmeseclassic.com



"ပိုဆိုးတာက ဘုရားကိုးကွယ်တာပဲ ဒကာ္ခိဏာ သာခါတို့၊ မီးကွင်းတို့၊ အပါယ်ပိတ်တို့၊ ဆင်ခံမြင်းခံ တို့ဆိုတော့ တို့ရဲ့ဗုဒ္ဓဘုရားရှင်ကို လူတွေက ဘယ်လို မြင်လာကြပါလဲ၊ မပြောတတ်အောင်ဘဲကြောက်စရာ ကောင်းလိုက်တာ"

"တပည့်တော် စကားပြောမှား၍ ခွင့်လွှတ်ပါ ဘုရား။ မလျှောက်တတ် လျှောက်တတ်နဲ့ လျှောက်လို့ ပါဘုရား၊ ဆင်ခံမြင်းခံတို့ဆိုတာက အများပြောနေ ကြတာ၊ လာဘ်လာဘပေါတယ်၊ အန္တရာယ်ကင်းတယ် ဆိုလို့ ပိုကောင်းမလား လျှောက်ကြည့်ရတာပါဘုရား။

"ပိုမကောင်းဘူးဟေ့၊ ပိုဆိုးတယ်၊ ပိုဆိုးတယ်။ တို့များတော့ စိတ်ပျက်လက်ပျက်နဲ့ အော်ပစ်လိုက်ချင် တော့တာပါပဲ"

"ဘာလို့ပါလဲ ဘုရား"

"အေး - ပြောမယ် ပြောမယ်။ အခု မင်းတို့လို အမိအဖ အဘိုးအဘွား၊ ဗုဒ္ဓဘာသာ၊ ဗုဒ္ဓသာသနာကို ယုံကြည်လို့ ကိုးကွယ်တဲ့သူတွေက ဘုရားကိုးကွယ်တဲ့ နေရာမှာ ဘုရားစင်ပေါ် ဘုရားတင်ထားပြီး ဘုရား

www.burmeseclassic.com

www.burmeseclassic.com



တွေ့သလိုလိုနဲ့ တရားမေ့၊ သံဃာမေ့ ဖြစ်နေကြတာကို စိတ်မကောင်းဖြစ်ဆုံးပဲ"

"အိမ်ဦးခန်းက ဘုရားစင်မှာ ဘုရားတွေ့နေမှတော့ ကုသိုလ်ဖြစ် တရားတွေပြီပေါ့ဘုရား၊ တရားမေ့ သံဃာမေ့ ဘယ်ဖြစ်နိုင်မလဲ"

"အံမယ်၊ ဒီလိုကျတော့လဲ အပြောက တော်တော်တတ်ပါလား၊ ဘုရားတွေ့တယ်ဆိုတာ နှစ်မျိုးရှိတယ်။ ပကတိမျက်စိနဲ့ မြင်စရာကို တွေ့တာရယ်၊ ပကတိမျက်စိနဲ့ မမြင်နိုင်တာကို တွေ့တာရယ်လို့ နှစ်မျိုးရှိတယ်"

"ဟာ - အရှင်ဘုရားကလဲ မြင်လို့တွေ့တာက ဟုတ်သေး၊ မမြင်နိုင်ဘဲ တွေ့တယ်ဆိုတော့ ဖြစ်နိုင်ပါ့မလားဘုရား"

"ကဲ - ကဲ သေချာနားထောင်၊ မင်းတို့ကို တိုက်ရိုက်မပြောဘဲ ဦးပဥ္စင်းကြုံခဲ့ရတဲ့ အကြောင်းလေးတစ်ခု ပြောပြမယ်။ ပြီးခဲ့တဲ့နှစ်က ဦးပဥ္စင်း စာသင်ခန်းတစ်ခုထဲ ရောက်သွားတယ်၊ ဒီစာသင်ခန်းက မြန်မာလို မပြောရဘဲ အင်္ဂလိပ်လို ပြောရတယ်"

"အရှင်ဘုရားကလဲ အင်္ဂလိပ်လို -"

www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ၊ အသာနားထောင်စမ်းပါ၊ စကားပြော ရတာ အရှိန်ပျက်တယ်၊ အဲဒီ စာသင်ခန်းထဲမှာက ဗုဒ္ဓ ဘာသာဝင်သာမကဘဲ ဘာသာမျိုးစုံ၊ လူမျိုးစုံ၊ အယူ အဆမျိုးစုံ ခေတ်ပညာတတ်ဆိုတဲ့ အသိုင်းအဝိုင်း မျိုးစုံ တွေရှိတယ်။ အဲဒီနေ့က အသက် (၃၀)လောက် ရှိတဲ့ နိုင်ငံခြားသားတွေကို ခရီးလမ်းညွှန် လုပ်ငန်း လုပ်နေတဲ့ ခေတ်ပညာဘွဲ့ရ ဟိုတယ်ဝန်ထမ်း အမျိုး သားလေး တစ်ယောက်နဲ့ စကားလက်ဆုံကြနေတယ်။ စကားဝိုင်းမှာ လေးငါးခြောက်ယောက် ရှိတာပေါ့၊ သူက အဓိကမေးတဲ့သူလေ"

"ဗုဒ္ဓဘာသာဟာ ပရိနိဗ္ဗာန်စံပြီး သေပြီးတဲ့ ဘုရားဆိုသူရဲ့ ရုပ်ပုံတွေကို ထုပြီး တည်ဆောက် ကိုးကွယ်ကြ၊ ရှိခိုးကြ လုပ်နေကြတယ်။ တကယ်တမ်း ကျတော့ စဉ်းစားလေလေ အဓိပ္ပာယ်မရှိလေလေ ဘဲတဲ့"

"ဟာ - အဲဒီလိုတောင်ပြောရသလား ဘုရား"

"ပြောတာပေါ့၊ ပြောလဲပြောရဲတယ်လေ၊ သူက ဘယ်ဘာသာမှ မကိုးကွယ်တဲ့ ဘာသာမဲ့ကိုး"

www.burmeseclassic.com

www.burmeseclassic.com



"အရှင်ဘုရားက ဝင်ပြီးမပြောဘူးလား"

"ဒီဝိုင်းထဲမှာ ပါပေမယ့် သူ့အသိကလေး တစ်ထွာလောက်နဲ့ သူ့အထင် သူ့အဟုတ်မှတ်ပြီး ပြောတော့ အသာပဲငြိမ်ပြီး နားထောင်နေတယ်"

"တပည့်တော်ဆို ဟုတ်ဟုတ် မဟုတ်ဟုတ် ပြန်ပြောမိမှာပဲ ဘုရား"

"စကားပြောတယ်ဆိုတာ အဓိကအားဖြင့် ဘုရား၊ တရားစကား ပြောတယ်ဆိုတာ ဟုတ်တာကိုပဲ ပြောရတယ်။ ဦးပဥ္စင်းလဲ ဘေးလူတွေ မပြောဘဲ သူတစ်ယောက်တည်း စွတ်ပြောနေတာနဲ့ ဝင်ပြော လိုက်မိတယ်"

"ဘယ်လို ပြောလိုက်သလဲ"

"တို့များကို ခွင့်ပြုမယ်ဆိုရင် စကားနည်းနည်း မေးချင်တယ်၊ ပြောချင်တယ်လို့"

"ဘယ်လို မေးလိုက်သလဲ ဘုရား"

"ကဲ - ဝင်မပြောနဲ့ အစအဆုံး သေချာ နားထောင်၊ သူက မေးနိုင်ပါတယ်ဆိုတော့ သင့်မှာ အဖေ ရှိသလား၊ ရှိတာပေါ့တဲ့၊ ဒီလိုဆို ထပ်မေးပါ

www.burmeseclassic.com

www.burmeseclassic.com



ရစေ၊ အဖေရှိတယ်ဆိုရင် သင်ရဲ့အဖေဆိုတာ ဘယ်သူလဲ၊သင့်ရဲ့အဖေဆိုတာ ဘာလဲလို့ မေးလိုက်တယ်"

"တပည့်တော်တောင် ဖြေချင်လာပြီ"

"ဝင်မပြောနဲ့ဆိုလဲ ဝင်ပြောတာပဲ၊ ကဲ - ကဲ ဖြေစမ်းပါဦး"

"အဖေဆိုတာ ဘယ်သူလဲ၊ ဘာလဲတွေ လုပ်မနေပါနဲ့၊ အဖေဆိုတာ အဖေပဲပေါ့"

"အေး ကောင်းတယ်၊ ကောင်းတယ်၊ သူလည်းပဲ အဲဒီလိုပဲ ဖြေတယ်၊ ဒါကြောင့် ပြောတာပေါ့၊ သေချာနားထောင်၊ အဖေဆိုတာ ဘယ်သူလည်းလို့ မေးရင် ဟောဒါ အဖေ၊ ဒီဟာ အဖေ၊ ဒီမှာ အဖေလို့ ကိုင်တွယ်လို့ ပြလို့ရတဲ့ အထည်ကိုယ်ဒြပ်ကြီးမြင်နေရတဲ့ကိုယ်ကောင်ကြီးကို ခေါ်တယ်"

"ဒါဖြင့် အဖေဆိုတာ ဘာလဲဆိုတာကရော"

"အဖေဆိုတာ အမေ့ယောကျ်ားပေါ့"

"ဟာ - ဦးပဥ္စင်းက ကပ်ပြောတာပဲ"

"အေး - အမေရဲ့ယောကျ်ားဆိုတာ ကိုင်ပြလို့ မရဘူး၊ သားသမီးတွေကို ကျွေးမွေးတာ၊ ပေါင့်ရှောက်

www.burmeseclassic.com

www.burmeseclassic.com



တာ၊ ဂရုစိုက်တာ၊ ချစ်တာ၊ ဒါတွေဟာ အဖေဆိုတာ ဘာလဲရဲ့ အဖြေပေါ့”

“ဟာ - ဒါက အဖေရဲ့ ဂုဏ်ပုဒ်တွေလေ၊ ကျေးဇူးတွေလေ”

“အမယ် ဒီလိုတော့လည်း တယ်သိပါလား၊ အဖေဆိုတာ ဘယ်သူလဲ၊ အဖေဆိုတာ ဘာလဲဆိုတာက မြင်ရတဲ့ဒြပ်နဲ့ မမြင်ရတဲ့ဂုဏ်ကျေးဇူးလို့ နှစ်မျိုးကွာသွားတယ်။ သေဆုံးသွားတဲ့ အဖေရဲ့ဓာတ်ပုံကို ကြည့်ပြီး အဖေရဲ့ ဂုဏ်ကျေးဇူးတွေကို စဉ်းစားလေလေ ယုံကြည်လေလေ အဖေရဲ့ဓာတ်ပုံက အသက်ဝင် ဂုဏ်ကျေးဇူးတွေ ကြီးလေလေပေါ့”

“သူက စကားဆက်နားထောင်နေတုန်း စာရွက်အလွတ်တစ်ရွက်ပေါ်မှာ သူ့ရဲ့လက်မှတ်ထိုးပေးဖို့ ပြောတယ်၊ ပထမတော့ ငြင်းတယ်၊ နောက်တောင်းပန်မှ ထိုးပေးတယ်။ အဲဒီ သူထိုးထားတဲ့ လက်မှတ် ဘယ်လောက်တန်တယ် ထင်သလဲ”

“အလကား စာရွက်ပေါ်ထိုးရင် အလကားပဲ တန်တာပေါ့”

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် တစ်သိန်းတန်ချက်လက်မှတ်ပေါ် ထိုးရင်ရော"

"တစ်သိန်းတန်လက်မှတ်ပေ့ါ"

"လက်မှတ်ပုံစံမပြောင်း၊ မှင်မပြောင်းပဲနဲ့ ထိုးရာဖြစ်တဲ့ စာရွက်တန်ဖိုးပြောင်းတာနဲ့အမျှ လက်မှတ်တန်ဖိုးက ကွာခြားလာတာပေ့ါ။ ဒါကို သဘောပေါက်တယ်ဆိုရင် ဗုဒ္ဓဘုရားရှင်ရဲ့ ရုပ်ပုံတူ ရုပ်ထုတော်ကို ကိုးကွယ်ကြတယ်ဆိုတာ သာမန်မျက်စိနဲ့မမြင်ရတဲ့ ဂုဏ်ကျေးဇူး အရည်အချင်းတွေကို မိမိရဲ့ ယုံကြည်မှု သဒ္ဓါနဲ့ သတိ ဝီရိယ ပညာတို့နဲ့ မြင်နိုင်မှ ကျေးဇူးများတယ်၊ မြင်အောင်လည်း ကြိုးစားရမယ်"

အပေါ်ယံမြင်မှု ဆင်းတုတော် ပုံစံအမျိုးမျိုးကို တွေ့မြင်ရုံနဲ့တော့ ဘုရားကို တကယ်မမြင်ပါဘူး။ ဘုရားတွေ့သလိုလိုသာပါပဲ၊ တကယ်တမ်း ဉာဏ်ရှိမှသာ မြင်နိုင်တဲ့ ဘုရားရှင်ရဲ့ ဂုဏ်ကျေးဇူးတွေကို မြင်မှသာ ဘုရားအစစ်တွေ့တယ် ခေါ်ပါတယ်"

"တပည့်တော်တော့ သဘောပေါက်ပါပြီဘုရား၊ ဘုရားဆင်းတုတော် ပုံစံကို ထွင်းဖောက်ပြီး ဂုဏ်

www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတွေကို မြင်ဖို့၊ မြင်ဖို့ဆိုရာမှာလဲ မိမိရဲ့ သဒ္ဓါအားကောင်းလေလေ ဉာဏ်ကြီးလေလေ၊ ဘုရားရှင်ရဲ့ဂုဏ်ကျေးဇူးတွေက တန်ဖိုးမဖြတ်နိုင် များလေလေပေါ့ ဘုရား၊ စောစောက ဦးပဥ္ဇင်းနဲ့ စကားပြောတဲ့လူကရော ဘုရား၊ သဘောပေါက်သွားလားဘုရား"

"သဘောပေါက်သွားပါတယ်၊ ဒါပေမယ့် နောက်ထပ် ဥပမာတွေနဲ့ ထပ်ရှင်းရသေးတယ်"

"တပည့်တော်တို့ကိုလဲ ထပ်ပြောပါဦး ဘုရား"

"ဟော - ဆွမ်းစားတုံးခေါက်သွားပြီ၊ နောက်မှ ဆက်ပြောတာပေါ့"

တရားတမန် အများထံ အမှန်ရောက်စေသောဝ်။

ဓမ္မဒူတ-မောင်စစ်ကိုင်း

ရတနာမွန်-အတွဲ (၂၅) အမှတ် (၃)

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



# တရားရတယ်ဆိုတာ

ဓမ္မဒူတ–မောင်စစ်ကိုင်း

လောကကြီးတစ်ခုလုံးကို သေချာစွာ လေ့လာကြည့်ပါက အကြောင်းတရားနှင့် အကျိုးတရားတို့၏ ကြောင်းကျိုးဆက်ကာ ဖြစ်ပေါ်ပြောင်းလဲနေခြင်း သဘောတရားကို တွေ့မြင်ရပေသည်။ တစ်ချို့သော အကြောင်းတရားတို့ကား အကျိုးတရား တစ်ခုကိုလည်းကောင်း၊ များစွာကိုလည်းကောင်း ဖြစ်ပေါ်စေနိုင်သကဲ့သို့ တစ်ချို့သော အကျိုးတရားတို့ကား အကြောင်းတရား တစ်ခုတည်း ကြောင့်သော်လည်းကောင်း၊ အကြောင်းတရား များစွာတို့ကြောင့်လည်းကောင်း ပေါ်ပေါက်သည်ကို မိမိတို့၏ ဉာဏ်အားရှိသည့်အလျောက် သိမြင်ရပေသည်။

အကြောင်းအကျိုး သဘောတရား နှစ်မျိုးလုံး တိုက်ရိုက် သိမြင်နိုင်သလို အကြောင်းကို တိုက်ရိုက်မြင်ပြီး အကျိုးကို မှန်းဆ သိနိုင်သည်လည်း ရှိ၏။

www.burmeseclassic.com



အကျိုးကို တိုက်ရိုက်မြင်ပြီး အကြောင်းကို မှန်းဆ သိနိုင်သည်လည်း ရှိတတ်သေး၏။

မည်သို့ပင်ဆိုစေ အကျိုးတရား မှန်သမျှသည် အကြောင်းတရားကြောင့် ဖြစ်လာသည်။ အကြောင်း ကောင်းလို့ အကျိုးကောင်းသည်။ အကြောင်းမကောင်း အကျိုးမကောင်းဟူသော သဘောတရားကား မလွဲ ဧကန် အမှန်သဘောပင် ဖြစ်ပေသည်။

စစ်ကိုင်းတောင်ရိုး၊ ရွှေဟင်္သာတိုက်သစ်၊ ကျောင်းတိုက်ကြီးအတွင်း၌ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဘိဓဇမဟာ ရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် သုံးတန် ဆက်ကပ်ခံယူထား တော်မူသော ဆရာတော်ဘုရားကြီး သီတင်းသုံး နေထိုင်တော်မူသည်။ ဆရာတော်ဘုရားကြီးကား သက်တော် ၁၀၁-နှစ် ကျော်ချေပြီ။ သက်တော်ကြီးရင့် သည်နှင့်အမျှ သီလ၊ သမာဓိ၊ ပညာ စွမ်းပကားတို့ကား ကြီးမားလှပေသည်။ ရွှေကျင် နိကာယကြီး၏ ဥက္ကဋ္ဌ၊ သာသနာပိုင် ဆရာတော်ကြီးလည်း ဖြစ်ပေသည်။

ဆရာတော်ဘုရားကြီး၏ သာသနာအရေး မျှော်တွေး၍ ဩဝါဒ ပေးတော်မူချက်အရ ရွှေဟင်္သာ

www.burmeseclassic.com



တိုက်သစ်အတွင်း၌ မွန်ပြည်နယ် တောင်စွန်း၊ ဓမ္မဒူတ ဆရာတော်၏ ဓမ္မာနုပဿနာသတိပဋ္ဌာန် ၁၀-ရက် တရားစခန်း ကျင်းပခဲ့လေသည်။

တရားစခန်း အားထုတ်ကြခြင်းသည် ကောင်းမြတ်သော အကျိုးတရားတစ်ခု ဖြစ်ပေသည်။ ယင်းအကျိုးတရား၏ အကြောင်းတရားတို့သည်ကား သာသနာပိုင် ဆရာတော်ဘုရားကြီး၏ သာသနာအတွက် အမြော်အမြင်ကြီးမားမှု၊ တိုက်အုပ် ဆရာတော်၏ တရားဓမ္မတို့၌ မွေ့လျော်မှု၊ တိုက်ကြပ်ဘုန်းတော်ကြီးများ တိုက်တွင်း ရဟန်းသာမဏေများ၏ တရားကျင့်ကြံလိုမှုသည်လည်း အဓိကကျသော အကြောင်းတရားတို့ပင် ဖြစ်ပေသည်။

တောင်စွန်း ဓမ္မဒူတ ဆရာတော်၏ သာသနာပြုရာ၌ ပရိယတ္တိ ပဋိပတ္တိဂုဏ်တို့ဖြင့် ပြည့်စုံမှု၊ ကျော်ကြားမှု၊ ရွှေဟင်္သာတိုက်သစ် သာသနာနုဂ္ဂဟအသင်းအဖွဲ့ကြီး၏ သာသနာတော်အတွက် ပစ္စည်းလေးဖြာတို့ဖြင့် ထောက်ပံ့မှု အစရှိကုန်သော အကြောင်းတရားကောင်းတို့လည်း ပေါင်းဆုံမိသောကြောင့် ဖြစ်ပေသည်။

www.burmeseclassic.com



တရားစခန်းနှင့် ပတ်သက်၍ သာသနာပိုင် ဆရာတော်ဘုရားကြီးက ဓမ္မာနုဓမ္မပဋိပတ္တိအား လျော်စွာ သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့ ပရိယတ် ပဋိပတ် ဆောင်ရွက်နေကြတာ တွေ့မြင်ရတော့ အထူးပဲ ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါတယ်။

"ယခုဘဝမှာ မဂ်ဖိုလ်တရားထူးတွေကို ရခဲ့ ရင်တော့ အကျိုးတရားက အတိုင်းထက်အလွန်ပေါ့။ အကယ်၍ မရခဲ့သည် ရှိစေဦးတော့ ဘဝဆက်တိုင်း သံသရာတစ်လျှောက်မှာ ဝိပဿနာတရား အထုံ ဝါသနာ ပါသွားတာတော့ သေချာပါတယ်။

"တရားစခန်းဖွင့်ပြီး ပဋိပတ္တိ ဦးစားပေး အားထုတ်လိုက်ကြတော့ နဂိုရ်က ယဉ်ကျေးပြီး သံဃာတော်တွေဟာ စိန်၊ မြ၊ ပတ္တမြား၊ ရတနာတွေကို ရွှေနဲ့ ကွပ်ထားပေးလိုက်သလို ပိုတင့်တယ်လာတယ်၊ ပိုပြီးခိုင်မြဲလာတယ်။ အနေအထိုင် အပြုအမူ အပြော အဆိုတွေဟာ ပိုပြီး တင့်တယ်လာတာ တွေ့ရလို့ အထူးသဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါတယ်" စသည်ဖြင့် မျက်နှာတော် ကြည်ရွှင်ပြုံးလျက် အမိန့် ရှိခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တိုက်အုပ် ဆရာတော်၏ စီမံခန့်ခွဲမှု၊ တိုက်ကြပ်ဆရာတော်များ၏ အနီးကပ် ကြီးကြပ်မှုတို့ဖြင့် ၁၀-ရက်စခန်းအတွင်း တရားတော်နာ တရားကိုကျင့်ဆောင်ရွက်နေကြသော သံဃာတော်တို့၏ မျက်နှာသွင်ပြင်များသည်ကား နှစ်သက်မှု ပီတိကြောင့်ကြည်လင်ရွှင်လန်း နေကြပေသည်။

တောင်စွန်း ဓမ္မဒူတ ဆရာတော်သည်ကား စစ်ကိုင်းတောင်ရိုး၌ ရွှေဟင်္သာတိုက်သစ် ဆယ်ရက်စခန်းနှင့် ကျောက်စိမ်းတိုက် ဆယ်ရက်စခန်းနှစ်ခုကိုတပည့်များနှင့် တွဲဖက်လျက် အချိန်တူ ဖွင့်လှစ်ဟောကြား ပြသခဲ့လေသည်။ သာသနာအကျိုး ရှုယ်ကိုး၍ မမောနိုင် ပြသပေးနေသည်မှာ သာသနာအတွက် အားတက်ဖွယ်ပင် ဖြစ်ပေသည်။

သူတော်ကောင်း အပေါင်းတို့၏ သဒ္ဓါ၊ ဆန္ဒ၊ ဝီရိယ၊ ပညာ၊ စိတ်ဓာတ်ကောင်း ကိုယ်စီပေါင်းဆုံဆောင်ရွက်မှု အကြောင်းတရားတို့ကြောင့် ဓမ္မာနု-ပဿနာသတိပဋ္ဌာန် ဆယ်ရက်စခန်း တရားပွဲကြီးပေါ်ပေါက်ခဲ့ရပေပြီ။ ကောင်းမြတ်သော အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



တရားတို့ကြောင့် ကောင်းမြတ်သော အကျိုးဖြစ်ပေါ်ခြင်းပင်တည်း။

ယင်းတရားပွဲသည်ပင်လျှင် အကြောင်းကောင်းပြန်လည် ဖြစ်ပေါ်သွားသည့်အတွက် အကျိုးတရားကောင်းများ မုချဧကန် ပေါ်ထွက်လာရဦးပေမည်။

အကြောင်းအကျိုး သဘောတရားတို့၏ ဆက်စပ်မှုကို ဉာဏ်ဖြင့် မသိမမြင်နိုင်သော ပုဂ္ဂိုလ်များလည်း လောကတွင် ရှိနေတက်ပေသည်။ ထိုမသိသူများအထဲမှာ မသိလျှင် မေးတတ်သော ပုဂ္ဂိုလ်များနှင့် တွေ့ခဲ့ရလေသည်။

"တပည့်တော်တို့ ကျောင်းဆရာ ဆရာမတွေပါ ဘုရား။ အရှင်ဘုရားကို မသိတာ နားမလည်တာတွေ မေးလျှောက်ချင်လို့ပါ ဘုရား"

"မေးပါလေ။ သိထားတာဖြစ်ရင် အဖြေပေးရတာတာပေါ့"

"တရားအားထုတ်လို့ တရားရတယ်ဆိုတာ ဘယ်လိုဟာမျိုးကို ခေါ်ပါသလဲ ဘုရား"

"ဟုတ်ပြီ မေးတဲ့ မေးခွန်းက ကောင်းပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မှတ်မှတ်သားသား ဖြစ်အောင် နားထောင်မှတ်သား ထားကြပါ"

"မေးခွန်းကို နှစ်မျိုးခွဲလိုက်ရအောင် တရားအားထုတ်လို့ ဆိုတာက တစ်ခုရယ်။ တရားရတာက တစ်ခုရယ်လို့ မှတ်သားထားလိုက်ပါဦး"

"မှန်လှပါဘုရား၊ တရားအားထုတ်တာနဲ့ တရားရတာပါ ဘုရား"

"ဟုတ်ပြီလေ။ တရားအားထုတ်တယ်ဆိုတာ အကြောင်းတရားပေါ့။ သတိ၊ ဝီရိယ၊ ပညာတွေနဲ့ ကြိုးစားရတာပေါ့။ တရားရတယ်ဆိုတာက အကျိုးတရား။ တရားအားထုတ်ခြင်း အကြောင်းကြောင့် ဖြစ်ပေါ်ရရှိခံစားရတဲ့ အကျိုးတရားပေါ့"

"ရှေးဦးစွာ အကြောင်းတရား ဖြစ်တဲ့ တရားအားထုတ်တာကို ပြောပြမယ်။ တရားအားထုတ်တယ်ဆိုတာ သမထဘာဝနာ၊ ဝိပဿနာဘာဝနာလို့ တရားဘာဝနာနှစ်မျိုးရှိကြတယ်။ ဘာဝနာနှစ်မျိုး၊ တစ်မျိုးမျိုးဖြစ်စေ၊ နှစ်မျိုးလုံးကို ဖြစ်စေ ပွားများနေတာကို ဘာဝနာတရား အားထုတ်တယ်လို့ ခေါ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"သမထနဲ့ ဝိပဿနာက တူပါသလား။ မတူဘူး လား ဘုရား"

"တူတာလည်း ရှိတယ်။ မတူတာလည်း ရှိတာပေါ့။ တူတာက ပွားများနေရတဲ့ ဘာဝနာ သဘော ချင်း တူတယ်။ ကိလေသာ နီဝရဏတွေ နည်းပါး လာတာ တူတယ်။ မတူတာကတော့ အာရုံမတူဘူး။ ရှုတဲ့ဘက်က သမာဓိ၊ ပညာဦးဆောင်မှု မတူဘူးလေ။ သာမန်အကျဉ်းလောက်ပဲ မှတ်ထားဦးပေါ့"

"မှန်လှပါဘုရား။ တရားအားထုတ်လို့ တရား ရတာကိုသာ ဆက်ရှင်းပေးပါဦး ဘုရား။'

"ဘာဝနာပွားမှု နည်းမှန် လမ်းမှန်နဲ့ အားထုတ် ရင် အကြောင်းတရားကောင်းနဲ့ အားထုတ်ရင် အကျိုး တရားကောင်း ရတာပေါ့"

"တရားအားထုတ်တာပဲ ဘုရား။ နည်းမမှန် တာတွေ ရှိပါသေးသလား ဘုရား။"

"ရှိတာပေါ့။ ပရိယတ္တိ စည်းကမ်းနဲ့ မကိုက်ညီဘဲ မိမိတို့ထင်ရာ မြင်ရာတွေနဲ့ ဟောပြော ပြသနေ တာတွေ ရှိသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဓမ္မဒူတဆရာတော် ပြတဲ့ တရားနည်းက ဘာနည်းနဲ့ ပြပါသလဲ"

"ဘုရားနည်း ပြတာပါပဲ"

"မဟုတ်သေးဘူးလေ ဘုရား။ တစ်ချို့က ဘာနည်း၊ ညာနည်းနဲ့ နာမည်တွေ တတ်ပြီးဟောနေကြတာ တပည့်တော် ပြောရမှာ ခက်လို့ပါဘုရား။ အရှင်ဘုရားလဲ သိပါတယ်ဘုရား"

"သိပါတယ်။ ဦးပဥ္စင်းတို့ရဲ့ ဓမ္မဒူတ ဆရာတော်က ဘုရားရှင်အလိုကျ ပရိယတ္တိစည်းကမ်းအရ ပရိယတ္တိနည်းလမ်းတကျ တပည့်သားတော်ပီပီ တစ်ဆင့် ဟောပြော ပြသပေးနေတာပါ။ ဒီနှစ်ဆိုရင် စစ်ကိုင်းတောင်ရိုးမှာ တရားစခန်းနှစ်ခုကို တစ်ပြိုင်နက် ဟောပြော ပြသရတယ်။ စစ်ကိုင်းတောင်ရိုးဆိုတာ စာတတ်ပေတတ် ပရိယတ္တိအကျော် အကျင့်သီလ သမာဓိ ပညာပြည့်စုံတော်မူကြတဲ့ ပဋိပတ္တိအမော် ဆရာတော်တွေ၊ သီလရှင် ဆရာကြီးတွေ သီတင်းသုံးကြတဲ့ နေရာပဲလေ။ ပိုပြီး ထူးခြားတာက ရွှေကျင် သာသနာပိုင် ဆရာတော်ကြီးရဲ့ ဩဝါဒအရ

www.burmeseclassic.com

www.burmeseclassic.com



ရွှေဟင်္သာတိုက်သစ်အတွင်းမှာ သံဃာတော်တွေကို ဆယ်ရက်တိုင်တိုင် ဟောပြော ပြသပေးခဲ့ရတယ်"

"မှန်လှပါ ဘုရား။ ဝမ်းသာလိုက်တာ ဘုရား"

"ပရိယတ္တိ စည်းကမ်းအရ ပရိယတ္တိနည်းလမ်း တကျ ဘုရားနည်း မဖြစ်ရင် ဆရာတော်ဘုရားကြီးက ဘယ်လို ခွင့်ပြုတော်မူလိမ့်မလဲ။ အခုလဲ ဆရာတော် ဘုရားကြီးကိုယ်တိုင်က အမိန့်ရှိလို့ ဟောပြောပြသ ရတာလေ"

"နည်းမှန် လမ်းမှန် တရားအားထုတ်ရင် တရား ရတယ်ဆိုတဲ့ အကျိုးထူးတွေ ရတော့တာပေါ့"

"တရားရတယ်ဆိုတဲ့ အကျိုးထူးတွေကို သိချင် ပါတယ် ဘုရား။"

"ဟုတ်ပြီလေ၊ တကယ်တရားရတယ်ဆိုတာ အဓိကအားဖြင့် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်နဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုတာကို ခေါ်တယ်။ မဂ်ဉာဏ်၊ ဖိုလ် ဉာဏ် မရသေးမီ ဘာဝနာဉာဏ်တွေရလာ ရင့်သန် လာတာကိုလဲ တရားရတယ် ခေါ်နိုင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဝနာဉာဏ် ရင့်သန်လာမှန်း ကိုယ်ကိုယ်တိုင် သိနိုင်ပါသလား ဘုရား"

"သိနိုင်တာပေါ့"

လောဘ ဒေါသ၊ မာန်မာနနှင့်၊ မောဟ
ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ကုက္ကုစ္စ မစ္ဆေ၊ နည်းပါး
စေ၍၊ စိတ်နေ စိတ်ထား၊ သဒ္ဓါပွားလျက်၊
(ဝီရိယပွားလျက်၊ သတိပွားလျက်၊ သမာဓိ
ပွားလျက်၊ ပညာပွားလျက်) ကြီးမား
မြင့်မြတ်၊ ဖြစ်စေတတ်, ခေါ်မှတ်
ဘာဝနာမည်။

"လောဘ၊ ဒေါသ၊ မာန်မာန စတဲ့ မကောင်းတာတွေ နည်းနည်းလာပြီး သဒ္ဓါ ဝီရိယ စတဲ့ ကောင်းတဲ့ တရားတွေ တိုးပွားလာရင် ဘာဝနာဉာဏ် ရင့်သန်လာတယ်လို့ ခေါ်တယ်။ တရားရတယ်လို့ ခေါ်တယ်။ ကောင်းတဲ့တရားတွေ တိုးပွားလာတာ ဘာဝနာတဲ့"

"ဘာဝနာဆိုတာ တိုးပွားလာမှုလို့ မှတ်ရမှာပေါ့ ဘုရား။"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ၊ သဒ္ဓါတွေ ဝီရိယတွေ သတိတွေ ပညာတွေ တိုးတိုးလာပြီး ကောင်းတဲ့အလုပ်မှန်သမျှ လုပ်လိုတဲ့ဆန္ဒ မကောင်းတာမှန်သမျှ ရှောင်ကြဉ်လိုတဲ့ ဆန္ဒတွေ ဖြစ်လာတာကို ဘာဝနာဉာဏ် တိုးပွားလာတယ်လို့ ခေါ်တယ်လေ။ ဘာဝနာဉာဏ် ရလာတဲ့သဘောကို သိရအောင် ဓမ္မဒူတဆရာတော်ရဲ့ ရွှေဟင်္သာတိုက်သစ်မှာ ဖွင့်ပြီးခဲ့တဲ့ တရားစခန်းက ရဟန်းတော်တစ်ပါး ရေးလျှောက်တဲ့ စာကို ဖတ်ပြရဦးမယ်"

"မှန်လှပါ ဘုရား၊ တပည့်တော်တို့ နားထောင်ချင်ပါတယ် ဘုရား"

***၁၃၅၆-ခုနှစ် ဓမ္မဒူတ (တောင်စွန်း) ဆရာတော်၏ တရားစခန်းမှ ထူးခြားစွာ ရရှိသော အကျိုးတရားများ***

၁။ ရာဂစိတ်၊ ဒေါသစိတ်တွေ ခါတိုင်းလို အားမကြီးတော့ဘဲ သတိတရား ပိုကောင်းလာပြီး အလိုလို အမြဲတမ်း ထိန်းချုပ်နိုင်ခြင်း၊

၂။ ပစ္စည်းဥစ္စာတို့၌လည်းကောင်း၊ မိမိကိုယ်ကာယ၌လည်းကောင်း တွယ်တာမှု၊ ကြောင့်ကြမှုတို့ ပို၍ အားနည်းသွားခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



၃။ ပရိယတ် သာသနာ၊ ပဋိပတ်သာသနာတို့၌ ပို၍ စိတ်ဝင်စားလာခြင်း၊

၄။ ကောင်းသော ကုသိုလ်အလုပ်တို့၌ ထကြွလုံ့လ ဝီရိယစိတ်ရှိလာခြင်း၊

၅။ မကောင်းသော အကုသိုလ်အလုပ်ကို ပို၍ ကြောက်တတ်လာခြင်း၊

၆။ သတ္တဝါတို့အပေါ်၌ ပို၍ မေတ္တာထားတတ်လာခြင်း၊

၇။ ရုပ်ရဲ့အကြောင်း၊ နာမ်ရဲ့အကြောင်းကို ပို၍ နားလည်လာခြင်း၊

၈။ ပဋိပတ်မပါလျှင် နိဗ္ဗာန်မရနိုင်ဟု သိရပြီး ပဋိပတ်၏အကျိုးကို သိရပြီး ပဋိပတ်ကို အမြဲတမ်း အားထုတ်လိုသော စိတ်ဖြစ်ပေါ်လာခြင်း စသော အကျိုးတရားများကို ရရှိပါသည်ဘုရား။

တောင်စွန်းဆရာတော်သည် တပည့်တော်ရဲ့ သွားရာ နိဗ္ဗာန်လမ်းကြောင်းကို ညွှန်ပြတော်မူတတ်သော ဆရာတော်တစ်ပါးလို့ မှတ်ယူပါသည် ဘုရား။

www.burmeseclassic.com

www.burmeseclassic.com



တပည့်တော်ကိုလည်း ဆရာတော်ရဲ့ တပည့် တစ်ပါးလို့ မှတ်ယူတော်မူပါ ဘုရား”

အမြဲတမ်း ကျေးဇူးတော်ကို အောက်မေ့လျက်

* * * *

“ဝမ်းသာလိုက်တာ ဘုရား၊ ဒီလို ကောင်းမြတ်တဲ့စိတ်ဓာတ်တွေ ကောင်းမြတ်တဲ့အသိဉာဏ်တွေ တိုးပွားလာရတာကို သိရကြားရတော့ အထူး ဝမ်းသာပါတယ် ဘုရား။ ဒီလို စိတ်ဓာတ်ကောင်းတွေ ဖြစ်လာတာ တရားအားထုတ်လို့ ရလာတာပေါ့၊ ဟုတ်ပါသလား ဘုရား”

“ဟုတ်ပါတယ် ဒီလိုကောင်းကျိုးတရားတွေ ရလာတာ အသိဉာဏ်တွေ တိုးလာတာကို တရားရလာတယ်လို့ ခေါ်ပါတယ်။ ဒါကြောင့် နည်းမှန်လမ်းမှန် တရားအားထုတ်ရင် တကယ် တရားရပါတယ်”

“တရားရတယ်ဆိုတာကို သဘောပေါက်သဖြင့် တရားရအောင် မိမိတို့တစ်တွေလဲ ဘာဝနာတရား

www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားအားထုတ်နိုင်တဲ့သူတွေ ဖြစ်ကြပါစေကုန်သတည်း"

"အရှင်ဘုရား ဖြစ်စေလိုတဲ့အတိုင်း ကြိုးစားပါမယ် ဘုရား"

တရားတမန် အမျှားထံ အမှန်ရောက်စေသော်။

ဓမ္မဒူတ - မောင်စစ်ကိုင်း

ဓမ္မရံသီ-အမှတ် (၇၈)၊ ဇွန်လ၊ ၁၉၉၆-ခု၊

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



# တရားတော့သလိုလို

မဓမ္မဒူတ မောင်စစ်ကိုင်း

'သွာက္ခာတော ဘဂဝတာ ဓမ္မော သန္ဒိဋ္ဌိကော အကာလိကော ဧဟိပဿိကော ဩပနေယျိကော ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ' ဟူသော ဗုဒ္ဓဘုရားရှင် ဟောကြားတော်မူခဲ့သော တရားတော်မြတ်သည် (၆)ပါးသော ဂုဏ်တော်နှင့် ပြည့်စုံပါပေ၏။

ဘဂဝတာ၊ ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရားသည်။ ဓမ္မော၊ မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန်ဟု ဆယ်တန်ထင်ပေါ် တရားတော်မြတ်ကို။ သွာက္ခာတော၊ ကြားနာရုံပင် အပူစင်၍ ကျင့်လျှင်ချမ်းသာ ကျင့်ပြီးကာလည်း လွန်စွာငြိမ်းချမ်း နိဗ္ဗာန်နန်းနှင့် စခန်းသင့်အောင် မှန်းလင့်ရည်ရော် ကောင်းစွာဟောတော်မူအပ်ပါပေ၏။

www.burmeseclassic.com

www.burmeseclassic.com



တရားဂုဏ်တော် ခြောက်ပါးတွင် ပါဝင်သော သွာက္ခာတဂုဏ်တော်ဟူသည် တရားမှန်သမျှကား ဗုဒ္ဓဘုရားရှင်သည် ကောင်းစွာ ဟောတော်မူခဲ့သည် ချည်းသာတည်းဟု ဖြစ်လေ၏။

မည်ကဲ့သို့ ကောင်းစွာဖြစ်သတည်းဟူမူ တရားတော်မြတ်ကို ဟောသည့်အခါ နာကြားရုံမျှဖြင့် ရေးသားထားသည့်အခါ ဖတ်ရရုံမျှဖြင့် စိတ်ပူပန်နောက်ကျိမှုများ ကင်းပျောက်စေနိုင်သောကြောင့်လည်းကောင်း၊ တရားနာပြီး စာပေဖတ်ရှုပြီး ထိုထိုဆုံးမညွှန်ပြသည့်အတိုင်း ကျင့်ကြံအားထုတ်လျှင် ကောင်းကျိုးချမ်းသာ ရစေနိုင်သောကြောင့်လည်းကောင်း၊ ကျင့်ကြံကြိုးကုတ် အားထုတ်၍ ပြီးသည့်အခါ ပြီးသည်ဆိုရာ၌ အလွန်ငြိမ်းချမ်းအေးချမ်း၊ ချမ်းသာလှစွာသော နိဗ္ဗာန်မြတ် အငြိမ်းဓာတ်ကို ရရှိနိုင်စေသောကြောင့်လည်းကောင်း ကောင်းစွာဟောကြားတော်မူခဲ့ပေသည်ဟု ဆိုပါသည်။

"အရှင်ဘုရား တပည့်တော်တို့ မသိတာ၊ နားမလည်တာ လျှောက်ပါရစေဘုရား"

www.burmeseclassic.com

www.burmeseclassic.com



မိမိ၏ ငယ်စဉ်က သူငယ်ချင်း ဇနီးမောင်နှံတို့ ဖြစ်သည်။ သံဃမဟာနာယက ဥက္ကဋ္ဌ၊ သံဃာ့ဥသျှောင် မြင်းခြံကိုးဆောင်တိုက် ဆရာတော်ကြီး၏ တူ၊ တူမများ ဖြစ်ကြသည်။

"ကဲ - ကဲ၊ လျှောက်ပါ၊ မေးပါ၊ ပြော - ပြော"

"တပည့်တော်တို့ ဟိုတစ်နေ့က မြင်းခြံဆရာတော်ကြီးအထံ မရောက်တာကြာလို့ သွားပြီးဖူးမြော်ကန်တော့ပါတယ်ဘုရား။ ဆရာတော်ကြီးက မတွေ့တာကြာလို့ မေးတော့ တပည့်တော်တို့နှစ်ယောက် ရိပ်သာမှာ တရားအားထုတ်နေကြလို့ မတွေ့တာကြာပါတယ်ဘုရားလို့ လျှောက်ပါတယ်"

"အဲဒီတော့"

"အဲဒီတော့ ဆရာတော်ကြီးက အေး - အေး တရားအားထုတ်တာ ကောင်းပါတယ်။ ဒါပေမယ့် တရားအားထုတ်သူတွေဟာ 'တရားတွေ့သလိုလိုနဲ့ ဘုရားမေ့တတ်တယ်'လို့ အမိန့်ရှိပါတယ်ဘုရား"

"အေး - ဖြစ်တတ်တာပေါ့"

"ဘယ်လိုဖြစ်တတ်တာလဲဘုရား၊ တရားအားထုတ်တာပဲဘုရား။ နောက်ပြီး ဒီတရားက ဘုရားဟော

www.burmeseclassic.com

www.burmeseclassic.com



ခဲ့တဲ့တရားတွေပဲ၊ ဘာလို့ ဘုရားမေ့တတ်ရမလဲ။ ဘုရားကို အမြဲသတိရမှ တရားကို သတိရ၊ တရားကို သတိရနေရင် ဘုရားကိုလဲ သတိရပြီပေါ့။ တပည့်တော်တို့ နားမလည် မရှင်းတာပါဘုရား"

"ဆရာတော်ကြီး မေးလျှောက်ကြည့်ပေါ့"

"မလျှောက်မိတာရယ်၊ မလျှောက်ဝံ့တာရယ် နောက်ပြီး နောက်ပြီး ဦးပဥ္စင်းဘုရားကို မေးရင် ဖြေပေးမယ်ဆိုတာလဲ သိလို့ မမေးခဲ့တာပါဘုရား"

"တယ်ဟုတ်ပါလား၊ မေးရင် ဖြေမယ်လို့ တွက်ထားတယ်ပေါ့။ ကဲ - ကဲ ဖြေပေးပါမယ်။ ဒါပေမယ့် ဆရာတော်ကြီးများ မိန့်တဲ့စကားဆိုတာ ကြီးကျယ်မြင့်မားတဲ့ ဉာဏ်တော်နဲ့ မိန့်ထားတာဖြစ်လေတော့ ဦးပဥ္စင်းဉာဏ်နဲ့က လိုက်မီမှာမဟုတ်ဘူး၊ နောက်ပြီး ဦးပဥ္စင်းအဖြေကလဲ ဆရာတော်ကြီး သိစေချင်သလောက် သိနိုင် ပြည့်စုံနိုင်မှာ မဟုတ်ဘူး"

"အံမယ်လေးဘုရား၊ ဖြေသာဖြေပါဘုရား။ စကားပလ္လင်တွေ ခံမနေပါနဲ့တော့၊ သိချင်လှပါပြီ ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"ကဲ - ဒီလိုဆို နားထောင်၊ ဘုရားမေ့တတ်တဲ့ သူဟာ တရားတွေ့တဲ့လူ မဟုတ်ဘူး။ တရားမတွေ့ သေးဘဲ ကိုယ့်ကိုယ်ကို တရားတွေ့သလိုလို ထင်နေတဲ့ လူကို မိန့်တာ"

"ဟုတ်ပြီဘုရား၊ တကယ်တရားတွေ့ရင် ဘုရား ဘယ်မေ့မလဲလို့ တပည့်တော်က ထင်သားပဲ"

"ကဲပါ - ဆက်ပြောမယ် နားထောင်။ ကိုယ့် ကိုယ်ကို တရားတွေ့သလိုလို လူတွေကို ကိုယ်တိုင် အားထုတ်လို့ သိမှ တရားအစစ်၊ တရားအရသာ မခံစားနိုင်ဘူးလို့ ဆိုကြတယ်"

"အဲသလို မဟုတ်ဘူးလား ဆရာ"

"ဘယ်ကလာ ဟုတ်ရမှာလဲ၊ စာအုပ်ထဲကစာ၊ ပရိယတ္တိသာသနာဆိုတဲ့စာ၊ အသံစာလုံးစာလို့ ကွဲပြား ပေမယ့် မျက်စိကမြင်၊ နားကကြားရာကတစ်ဆင့်၊ တစ်ဆင့်ဆိုတာ ချက်ချင်းလဲ ဖြစ်နိုင်တာပဲ၊ မြင်ရ၊ ဖတ်ရ၊ ကြားရ၊ နားထောင်ရတာနဲ့ တစ်ပြိုင်နက် အနက်အဓိပ္ပာယ်ကို မိမိရဲ့စိတ်မှာ သတိ၊ ဝီရိယ၊ ပညာ အဓိကကတော့ ပညာဉာဏ်က ထိုးထွင်းပြီး

www.burmeseclassic.com

www.burmeseclassic.com



သိလိုက်တယ်၊ နားလည်လိုက်တယ်၊ သဘောပေါက်လိုက်တာ"

"ဒီလိုသိလို့၊ နားလည်လို့၊ သဘောပေါက်လို့ တရားထူးရသွားတဲ့ ပုဂ္ဂိုလ်တွေ ဘုရားရှင်လက်ထက်က ဒုနဲ့ဒေး အများကြီးပဲ။ ယခုလဲ အများကြီးပဲ၊ တရားထူးဆိုတာ ခဏထားပါဦး စာဖတ်ရင်း၊ တရားနာရင်း ပူပင်သောက စိတ်ညစ်မှု၊ မချမ်းသာမှုတွေကို တရားရဲ့ အနက်အဓိပ္ပာယ် သိလိုက်တာနဲ့ တစ်ပြိုင်နက် အပူမှန်သမျှ ကင်းစင်သွားတယ်"

"ဟုတ်တယ်ဘုရား၊ ဟုတ်တယ်။ တစ်ခါတစ်လေ တပည့်တော်တို့ စာဖတ်ရင်း၊ တရားနာရင်း အပူကင်းပြီး စိတ်ချမ်းသာတွေ ခဏခဏဖြစ်တယ် ဘုရား။ စာသဘော၊ တရားသဘော နားလည်လိုက်တာဘုရား"

"တစ်ချို့ တစ်ချို့က တရားအားထုတ်ရင် စာခံတယ်၊ စာမဖတ်နဲ့လို့ ပြောကြတယ်၊ ဒါဟာ အမှားပဲ၊ စာဖတ်တာနဲ့ တရားနာတာနဲ့ သဘော အဓိပ္ပာယ် အတူတူပဲ။ ဘုရားဟောထားတဲ့ စာတွေကိုတော့ မဖတ်နဲ့၊ တို့ဟောတဲ့တရားကိုတော့ နာလို့ဆိုရင် ဒီလိုပုဂ္ဂိုလ်တွေက ဘုရားမေ့ရာ ရောက်၊ မရောက်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆိုတော့ ဘုရားမေ့တယ် ခေါ်တာပေါ့"

"နောက်ပြီး ဘာဝနာမယ အားထုတ်လို့ သိတဲ့ ဉာဏ်ရဖို့က စဉ်းစားတဲ့ စိန္တာမယဉာဏ်လိုတယ်၊ စဉ်းစားတဲ့ စိန္တာမယဉာဏ်ဖြစ်ဖို့က စာဖတ်၊ တရားနာမှ ရနိုင်တဲ့ ဗဟုသုတ၊ သုတမယ အသိဉာဏ် လိုအပ်တယ်။ ဒါဉာဏ်အဆင့်ဆင့်ပဲ၊ အဲဒါကို စာမဖတ်နဲ့ ဆိုရင် တရားမနာခိုင်းတာနဲ့ အတူတူပဲ။ သောတာပန်ဖြစ်ကြောင်း အင်္ဂါထဲမှာ တရားနာရမယ်ဆိုတာ ပါတယ်။ ဘုရားရှင်ဟောထားခဲ့တဲ့ တရားတော်တွေဆိုတာ အခုခေတ် တရားစာတွေပေါ့"

"စာမဖတ်နဲ့၊ တရားမနာနဲ့လို့ မပြောသင့်ဘူး၊ စာဖတ်ပြီး အဓိပ္ပာယ်တလွဲမကောက်နဲ့၊ တရားနာပြီး နာသုတနဲ့ ငါဟုတ်လှပြီ မထင်နဲ့လို့ ဒီလို အဓိက သတိရှိသင့်တာ"

"ဟုတ်တယ်ဘုရား၊ တစ်ချို့က ကိုယ်တွေ့ တရားမှ တရားအစစ်၊ တရားအစစ်နဲ့ ပြောနေကြတယ် ဘုရား"

"အေး - အဲဒါကို ပြောတာပေါ့၊ ကိုယ်အရာ ဟောတဲ့တရားမှ၊ ကိုယ်ပြောတဲ့ စကားမှ ကိုယ်တွေ့လို့

www.burmeseclassic.com

www.burmeseclassic.com



ပြောနေကြတယ်။ တကယ်တမ်းကျတော့ ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ်၊ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ဆိုတဲ့ တရားစာတွေဟာ ဘုရားရှင် ပစ္စေကဗုဒ္ဓါ အရှင်မြတ်တွေ ရဟန္တာအရှင်မြတ်တွေရဲ့ ကိုယ်တွေ့ဖြစ်ရပ်တွေ အများကြီးပေါ့"

"ဘုရားရဟန္တာ ပစ္စေကဗုဒ္ဓါအရှင်မြတ်တွေရဲ့ ကိုယ်တွေ့တွေကို ပယ်နေတယ်။ စာမဖတ်နဲ့ဆိုကတည်းက ဘုရားပယ်တာ ဘုရားမေ့တာပေါ့"

"ဒီလိုဆိုတော့ တရားမတွေ့ဘဲ တရားမတွေ့နိုင်တာ အပြစ်ပေါ့။ တရားမတွေ့လို့ ဘဝတွေအလီလီ ဒုက္ခတွေ့ရတာ အပြစ်ပေါ့၊ ဒါထက်ကြီးတဲ့ အပြစ်များ ရှိသေးလို့လား"

"ကြောက်စရာကြီးပါလားဘုရား၊ ဒီလိုဆိုရင် ဘုရားရှင်ရဲ့ တရားစာတွေထဲကအတိုင်း အားထုတ်လို့ မရဘူးလားဘုရား"

"ဪ - ပါးမလိုလိုနဲ့ ထူလိုက်တာပါလား၊ ဘုရားရှင်ရဲ့ တရားစာထဲကအတိုင်း အားမထုတ်ရင် ဘယ်လိုဘယ်နည်း ဘုရားမေ့တတ်ကြပါပေါ့လား"

www.burmeseclassic.com

www.burmeseclassic.com



"အရှင်ဘုရားပြောမှ တပည့်တော် သံဝေဂရ ကြောက်လာပါတယ်ဘုရား၊ တရားအားထုတ်ဖို့တောင် ခက်လာပါတယ်ဘုရား"

"သံဝေဂရတာ ကောင်းပါတယ်၊ ကြောက်တာ ကောင်းပါတယ်၊ တရားအားထုတ်ဖို့ကတော့ မခက်ပါနဲ့၊ ဆရာစွဲ၊ ဆရာနည်း၊ ကိုယ်တွေ့နည်းဆိုတာတွေကို အားမထုတ်မိဘဲ ဘုရားနည်းစစ်စစ်ကိုသာ အားထုတ်မိဖို့ အရေးကြီးပါတယ်"

"မှန်လှပါဘုရား၊ ဘုရားနည်းစစ်စစ်ကိုသာ အားထုတ်ဖြစ်အောင် ကြိုးစားပါ့မယ်ဘုရား"

"သာဓု၊ သာဓု၊ သာဓု"

**တရားတမန် အများထံ အမှန်ရောက်စေသော်။**

**ဓမ္မဒူတ - မောင်စစ်ကိုင်း**

ရတနာမွန်-အတွဲ (၂၅) အမှတ် (၆)

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



# ဗုဒ္ဓသာသနာ

မေမွဒ္ဒတာ – မောင်စစ်ကိုင်း

"အရှင်ဘုရားနေမကောင်းဘူးလား"

မိမိက ရေချိုးပြီး၍ ကုတင်ပေါ်တွင်သက်နိုး ခြုံလျက် ကိုယ်ငွေ့ယူနေခိုက် ဖြစ်ပါသည်။ ရောက်ရှိလာကြသော ကျောင်းဒကာကြီးများက ကျန်းမာရေး အတွက် စိုးရိမ်မေးဖြင့် အစပြု၍ သူတို့ရောက်လာကြကြောင်းကို သိစေလိုက်ပါသည်။

"နေကောင်းပါတယ် ဒကာကြီး၊ ရေချိုးပြီးလို့ အအေးပတ်ပြီး မဖျားမနာ ကျန်းမာရေးကောင်းအောင် သက်နိုးခြုံပြီး ၁၀-မိနစ်၊ ၁၅-မိနစ်လောက် ကိုယ်ငွေ့ယူ နေတာပါ"

"အဲဒီလို ကိုယ်ငွေ့ယူရင် မဖျားတော့ဘူးလား ဘုရား"

www.burmeseclassic.com

www.burmeseclassic.com


"ဟုတ်တယ် - အဖျား အနာကင်းတယ်၊ ဦးပဥ္စင်းတို့ ဓမ္မဒူတတောရမှာ သီတင်းသုံးတော်မူခဲ့တဲ့ နန်းဦးဆရာတော်ကြီးဆီက နည်းလေ၊ ဓမ္မဒူတ ဆရာတော်ကြီးလဲ နည်းယူကျင့်ကြံနေလို့ ကျန်းမာရေးကောင်းနေတယ်။ ဦးပဥ္စင်းတို့လဲ အတုယူပြီး ကျင့်ရတာပေါ့"

"အဲဒီလို ကျန်းမာရေး ဂရုစိုက်လို့ထင်တယ်၊ နန်းဦးဆရာတော်ကြီးက သက်တော်ကိုးဆယ်ကျော်အထိ သီတင်းသုံး နေသွားရတယ်၊ ဓမ္မဒူတ ဆရာတော်လဲ သက်တော်ခြောက်ဆယ်ကျော်နေပေမယ့် သန်မာဖျတ်လတ်နေတုန်းပါပဲ၊ အရှင်ဘုရားတို့လဲ ကျန်းမာရေး ဂရုစိုက်တာ ကောင်းပါတယ်ဘုရား"

"ဟုတ်တယ်, ဟုတ်တယ်၊ ကျန်းမာရေးက အရေးကြီးတယ်၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကလဲ အကောင်းဆုံးလာဘ်တစ်ပါးလို့ မိန့်တော်မူထားတယ်။ နောက်ပြီး ရဟန်းသံဃာ သာသနာ့ဝန်ထမ်းတွေအတွက် ခွင့်ပြုထားတဲ့ ပစ္စည်းလေးပါးထဲမှာလဲ ကျန်းမာရေးအတွက် ဆေးတစ်မျိုး ထည့်ပေးထားသေးတယ်"

"ဟုတ်ပါတယ်ဘုရား၊ အရှင်ဘုရားတို့ သာသနာ့ဝန်ထမ်းတွေအတွက် ကျန်းမာရေး ပြည့်စုံမှ သာသနာရဲ့

www.burmeseclassic.com

www.burmeseclassic.com



တာဝန်တွေကို ပြည့်ပြည့်ဝဝ စိတ်သွားတိုင်းကိုယ်ပါ ထမ်းဆောင်နိုင်ကြမှာပါဘုရား"

"သာသနာ့တာဝန် ထမ်းဖို့အတွက် အထောက်အကူအနေနဲ့ ဝိနည်းပိဋကတ်ထဲမှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဆေးဝါးနည်းလမ်းတွေ ပျောက်ကင်းနိုင်စေတဲ့ ရောဂါမျိုးစုံတွေ ကုသပုံတွေကို အသေးစိတ် ဟောထားခဲ့ပါတယ်"

"အရှင်ဘုရားတို့ရဲ့ ဗုဒ္ဓစာပေမှာ ဆေးဝါးကုသနည်းတွေ ပါတယ်ပေါ့နော် ဘုရား"

"ပါတာပေါ့၊ ရောဂါဖြစ်ပုံတွေ၊ ဘာကြောင့်ရောဂါဖြစ်တာတွေ ဖြစ်လာတဲ့ ရောဂါကို ကုသပေးနည်းတွေ အစုံဟောထားတော်မူခဲ့ပါတယ်၊ မိဘဆွေမျိုးတွေနဲ့ခွဲခွာပြီး သာသနာအတွက် ဝန်ထမ်းနေကြတဲ့ ရဟန်းသံဃာတွေ ရှင်သာမဏေတွေဟာ ဒီသီတင်းသုံးဖော်သည်းသာ ညီအစ်ကို ဒီဆရာသမားတွေသာ အမိအဖဆိုပြီး နေကြရတာဆိုတော့သီတင်းသုံးဖော် အချင်းချင်းစောင့်ရှောက် ကုသပေးနိုင်ဖို့ လမ်းညွှန်းခဲ့တာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ရောဂါမျိုးတွေ အစုံပဲလားဘုရား နောက်ပြီး အခုခေတ်ပေါ် အေ-အိုင်-ဒီ-အက်(စ်)ဆိုတဲ့ ခုခံအား ရောဂါမျိုးတွေရောပါသလား ဘုရား"

"ပါ-ပါတယ်၊ ခုခံအားကျရောဂါ ဆိုတာက တိုင်းသူပြည်သားတွေထဲမှာ ဖြစ်တတ်တဲ့ ရောဂါတစ်ခု အနေနဲ့ စာပေမှာ ပါပါတယ်"။

"ဒီရောဂါမျိုး ရှိခဲ့ဖူးပါတယ်၊ ဘာကြောင့်ဖြစ်ရသလဲဆိုရင် ကာမေသု မိစ္ဆာစာရ- မှားယွင်းဖေါက်ပြန်- မမှန်ကန်တဲ့ မေထုန်သံဝါသ အကျင့်ကြောင့်လို့ ရောဂါဖြစ်ကြောင်းကိုလဲ ဖွင့်ဆိုပြခဲ့ပါတယ်။ သုရာမေရယ- သေရည်သောက်စားမှုကြောင့် ရနိုင်တဲ့ ဆိုးကျိုးတွေမှာလဲ ခုခံအားကျဆင်းမှုလဲ ပါပါတယ်။

"ဗုဒ္ဓစာပေက လောကရေးရာတွေလဲ အားလုံး အပြည့်အစုံပါ၊ ပါတယ်၊ ကိုယ်က ဉာဏ်မမှီ အသိမရှိလို့ မသိနိုင်တာပါ။ လောကသိပ္ပံဆရာတွေ မတွေ့ကြမီ၊ မမြင်ကြမီ၊ မသိမီကတည်းက ဘုရားရှင်ကတွေ့မြင် သိရှိတော်မူခဲ့ပြီးသားတွေပါ။

"ဒါပေမဲ့ ဒီရောဂါကို အေ-အိုင်-ဒီ-အက်(စ်)လို့ အမည်တပ်ပြီး ခေါ်လာခဲ့တာက နှစ်မကြာသေးပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဒီရောဂါ ဘာလို့ ဖြစ်ရတာလဲဆိုရင် အိပ်ချ်-အိုင်-ဗွီ ဗိုင်း ရပ်ပိုးကြောင့်လို့ သိပ္ပံဆရာတွေက ပြောပါတယ်။ ဒါကလဲ ၁၉၈၃-ခုနှစ်က ပြင်သစ်နိုင်ငံ ဆေးသိပ္ပံဆရာတွေ စတင် တွေ့သိခဲ့ကြတာပါ။

"ဒီဗိုင်းရပ်ပိုး မတွေ့မီကတည်းက ခုခံအားကျ ဆင်းရောဂါဟာ ၁၉၈၁-ခုနှစ်မှာ ရှိနေခဲ့ပြီးပါပြီ။ ဆေးသိပ္ပံဆရာတွေ အဆိုအရ ဒီပိုးဟာ ကိုယ်ခန္ဓာရဲ့ ခုခံအားတွေကိုသာ ဖျက်ဆီးပစ်နိုင်တယ်၊ တခြားဘာ ရောဂါကိုမျှ မဖြစ်စေနိုင်ပါ။ ဒါပေမယ့် ခုခံအားကျ ဆင်းသွားတဲ့ လူတစ်ယောက်အတွက် တခြားကပ်ပါး ရောဂါတွေ ပေါင်းစုံ ဖြစ်ပေါ်လာရပါတယ်။ အဲဒီရောဂါ အစုံတွေ ဖြစ်နေတဲ့သူကိုသာ အေ-အိုင်-ဒီ-အက်(စ်) ခုခံ အားကျဆင်းမှုရောဂါ ဖြစ်နေပြီလို့ သတ်မှတ်လိုက် ပါတယ်။

"ဒီရောဂါဖြစ်နေသူကို လူအများက သိလွယ် ပါတယ်၊ ရှောင်လွှဲနိုင်ပါတယ်။ ဒါပေမယ့် အိပ်ချ်-အိုင်- ဗွီ ဗိုင်းရပ်ပိုး စရှိတဲ့ အချိန်မှာ မသိသာနိုင်ဘူး၊ ရောဂါကူး စက်တတ်တာလဲ မသိတဲ့အတွက် ကာမေသု ဂံတွေသုံ ရာမေရယ ကံတွေကို မှားယွင်းလွန်ကျူးတတ်ကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုလွန်ကျူးချိန်မှာ ကူးစက်တတ်တယ်လို့ ဆေးသိပ္ပံ ဆရာတွေက လက်ခံနေကြရပါပြီ။ ဒီရောဂါ ဗိုင်းရပ်ပိုး ရှိ မရှိ စမ်းသပ်ကြည့်ဖို့ အရေးကြီးပါတယ်တဲ့"

"အရှင်ဘုရားတို့က ဒါတွေလဲ သိထားတာပါပဲ လား ဘုရား"

"သိထားရမယ်လေ၊ အများက ပြောနေကြတာ က ဗုဒ္ဓစာပေဟာ ခေတ်နောက်ကျနေပြီ၊ သိပ္ပံပညာနဲ့ ဆန့်ကျင်နေတယ်။ စတဲ့ ကိုယ့်ဉာဏ်မမှီ အသိမရှိတိုင်း ပြောလိုရာ ပြောနေကြတဲ့ သူတွေကို တိတိကျကျ သိအောင် ပြောပေးနိုင်ဖို့ ဗုဒ္ဓစာပေနဲ့ သိပ္ပံစာပေတွေကို ယှဉ်ပြီး လေ့လာထားရတာပါ"

"လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၀၀-ကျော်က သဗ္ဗညု ဉာဏ် အသိဉာဏ်မြတ်ပိုင်ရှင် မြတ်ဗုဒ္ဓရဲ့အမြင်မျိုးက နောင်နှစ်ပေါင်းများစွာ ပေါ်လာနိုင်ဖို့ မလွယ်ပါဘူး"

"ဟာ - တပည့်တော်တို့က ဒီလောက်အထိ သဘောပေါက် နားလည်မှု မရှိသေးပါဘုရား"

"ဒါက အပြစ်မဆိုသာပါဘူး၊ နားလည်တယ်ဆို တာက အတွေ့အကြုံတွေ၊ အသိဉာဏ်တွေနဲ့ ဆိုင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒကာကြီးတို့ ကြားဖူး သိဖူးမှာပေါ့၊ သိင်္ဂါလောဝါဒသုတ်တော်ထဲက ခင်ပွန်းယောကျ်ား ကျင့်ဝတ်၊ ဇနီးမယား ကျင့်ဝတ်တွေဆိုတာ ဒီရောဂါကို ကာကွယ်ဖို့ နည်းလမ်း တစ်စိတ် တစ်ဒေသလို့ ပြောလဲ ဖြစ်တာပါပဲ"

"မှန်လှပါဘုရား၊ တပည့်တော်တို့ အခုလိုသိရတဲ့အတွက် ဝမ်းလဲသာပါတယ်၊ ဗဟုသုတလဲ တိုးပါတယ်၊ ဒီခုခံအားကျရောဂါဆိုတာ အရှင်ဘုရားတို့အတွက်က ပူပန်စရာ မရှိသလောက်ပါပဲဘုရား၊ ဆေးထိုးအပ်ကိုသာ ဆေးထိုးရင် သတိထားပေါ့ဘုရား"

"ဟုတ်ပါတယ်၊ ဦးပဥ္စင်းတစ်ပါးအတွက် ကိုယ်ကာယ ခုခံအားကျဆင်းမှုရောဂါကိုတော့ စိတ်မပူပန်ပါဘူး၊ ဒါပေမယ့် သာသနာတော်အတွက်ကိုတော့ စိတ်ပူပန်မိတယ်"

"သာသနာနဲ့ ခုခံအားကျရောဂါက ဘယ်လိုပတ်သက်နေပါသလဲဘုရား"

"သာသနာနဲ့ ပတ်သက်ပုံကို ပြောပြပါမယ်၊ သာသနာ ခုခံအားကျဆင်းရောဂါ ကြုံခဲ့ပုံတွေလဲ နည်းနည်းပါးပါး ရှင်းပြပါမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဗုဒ္ဓဘာသာ ဗုဒ္ဓသာသနာဆိုပြီး ကိုးကွယ်ယုံကြည်မှုအနေနဲ့ နိုင်ငံများများ ဗုဒ္ဓဘာသာ ဖြစ်ခဲ့ဖူးပါတယ်။ အခုလဲပဲ ဗုဒ္ဓဘာသာနိုင်ငံတွေ ရှိနေကြပါသေးတယ်။ ဒါပေမယ့် ထေရဝါဒနိုင်ငံတစ်ခု ပီပီသသအနေကဖြင့် မြန်မာနိုင်ငံတစ်ခုတည်းသာ ရှိတော့တယ်။ သာသနာရဲ့ ခုခံအားကောင်းနေသေးတယ်လို့ ဆိုလိုတာပေါ့"

"တခြား ဗုဒ္ဓဘာသာ နိုင်ငံတွေမှာ ထေရဝါဒတွေ ခုခံအား ကျဆင်းမှုရောဂါဖြစ်ပြီး ဗုံးဗုံးလဲ ကျသွားခဲ့ပြီ"

"ဒီလိုဖြစ်ရတာက သူတို့နိုင်ငံတွေရဲ့ သာသနာမှာ အိပ်ချ် အိုင် ဗွီ ပိုင်းရပ်ပိုးတွေ ဝင်ရောက် ဖြစ်ပေါ်ခဲ့တဲ့ အချိန်မှာ သူတို့ မသိခဲ့လို့ သာသနာရဲ့ ကျန်းမာရေးကို ဂရုမစိုက်ခဲ့လို့ပေါ့"

"အရှင်ဘုရား၊ ပြောတာတွေကို နားလည်သလိုလိုနဲ့ မရှင်းသေးပါဘုရား၊ သာသနာရဲ့ ခုခံအားကျဆင်းမှုရောဂါ ဗိုင်းရပ်ပိုး ဝင်စွဲနေသလား၊ ကျန်းမာရေးက မကောင်းဘူးဆိုတာတွေကို အသေးစိတ် နားလည်အောင် ရှင်းပြပေးပါဦးဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"ကဲ - ဒီလိုဆိုရင် သေသေချာချာ နားထောင်ကြပါဦး၊ သာသနာရဲ့ ခုခံအားဆိုတာ သီလ၊ သမာဓိ၊ ပညာသိက္ခာသုံးရပ် အကျင့်မြတ်ပါ။ ဒီအကျင့်မြတ်တွေရဲ့ စွမ်းအားတွေ လျော့ပါးလာတာကို ခုခံအားကျဆင်းတယ်လို့ ဆိုလိုတာပါ"

"သာသနာ့ဝန်ထမ်း ရှင်ရဟန်းတွေ အရေအတွက် များတာ, နည်းတာ ပဓာန မဟုတ်ပါ။ ရှိသလောက် များသလောက် သီလ၊ သမာဓိ၊ ပညာစွမ်းအားတွေ ပြည့်နေရဖို့က အဓိကပါ။ ဒီအားအစွမ်းတွေ နည်းလာရင် သာသနာမှာ ခုခံအားကျဆင်းမှုရောဂါ ဖြစ်လာ နေပြီလို့ သိနိုင်လာပါတယ်"

"အဲဒီခုခံအားတွေ ဘာကြောင့် ကျဆင်းရတာပါလဲဘုရား၊ အကြောင်းရင်း မသိနိုင်ဘူးလား၊ သိရင်ရောမကာကွယ် မတားနိုင်ဘူးလား ဘုရား"

"ရောဂါဖြစ်ရတာ ပိုးကြောင့်လို့ ဆေးသိပ္ပံဆရာတွေက ပြောကြသလို သာသနာ ခုခံအားကျဆင်းတာလဲ ဗိုင်းရပ်ပိုးကြောင့်ပေါ့"

"ဆက်ပြီး အမိန့်ရှိပေးပါဦး ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"လူတစ်ယောက်မှာ ကိုယ်အားဉာဏ်အား စွမ်းပကားတွေ ရှိသလို သာသနာတော်မှာလဲ သီလ-သမာဓိ-ပညာစွမ်းအား ဒါမှမဟုတ် ပရိယတ္တိ၊ ပဋိပတ္တိ စွမ်းအားဆိုတာတွေ ရှိပါတယ်။ စာသင်ရင်သင်၊ တရားကျင့်ရင်ကျင့်ပေါ့"

"သင်ရင်းကျင့်၊ ကျင့်ရင်းသင်။ ဒါက အကောင်းဆုံးပေါ့။ ဒါပေမယ့် သင်နိုင်စွမ်းရှိရင်သင်၊ ကျင့်နိုင်စွမ်းရှိရင်ကျင့်ပေါ့။ ဒီလိုမှမဟုတ်ဘဲ စာပေကျမ်းဂန်ပရိယတ္တိလည်း မသင်၊ အကျင့်မြတ် ပဋိပတ္တိကိုလဲ မကျင့်ဘဲနေရင် ဘယ်လို ဖြစ်လာမယ် ထင်သလဲ"

"အမိန့် ရှိပါဘုရား"

"ဒီတာဝန် နှစ်ခုကို မဆောင်ရွက်ကြရင်ဖြင့် သာသနာ့ဝန်ထမ်းတွေဟာ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး၊ ပစ္စည်းလေးပါးတွေ ထောက်ပံ့မှုရဖို့အတွက် တစ်နည်းနည်း တစ်ဖုံဖုံ လုပ်လာတတ်ကြတယ်။ "

" ဒကာ၊ ဒကာမတွေနဲ့ ဆက်ဆံတဲ့နေရာမှာ ဘုရားရှင်ရဲ့ အမိန့်ကကော ဝိနည်းတော်ကို ဖီဆန်ပြီး မိစ္ဆာဇီဝ အနေသန မကောင်းတဲ့ အသက်မွေးကျောင်းမှုတွေ လုပ်လာကြတယ်။ ကိုယ်မှာမရှိတဲ့ တရားမြတ်

www.burmeseclassic.com



တွေကို ရှိလေသယောင် အယောင်ဆောင်လာတတ်ကြတယ်။ အများတကာတွေ ကိုယ့်ကိုအထင်ကြီးအောင် ဘုရားရှင် မပညတ်တဲ့ သိက္ခာပုဒ်တွေကို ကိုယ်တိုင်က ထွင်ပြီး ပညတ်လာတတ်ကြတယ်"

"ပညတ်သတ်မှတ်ထားတဲ့ ကိုယ်ကျင့်သိက္ခာပုဒ်တွေကို လွန်ကျူးလာခဲ့ကြတယ်။ ပစ္စည်းလေးပါး ဖောဖောသီသီ ရလာဖို့၊ ဒကာ ဒကာမတွေ ပရိသတ်များလာဖို့ သူများတွေ အထင်ကြီးအောင် ဟန်ဆောင်တတ်လာကြတယ်"

"အရှင်ဘုရား တပည့်တော်တို့ မသိလို့ မေးလဲမေးကြည့်၊ သဘောမကျတဲ့ သဘောတွေကိုလဲ ရင်ထဲက အန်ထုတ်တဲ့ အနေနဲ့ မေးပါရစေဘုရား"

"မေးပါ, မေးပါ"

"တပည့်တော်တို့ ဟို ငယ်စဉ်က နေခဲ့တဲ့ အရပ်တွေမှာ တစ်ချို့ သာသနာ့ဝန်ထမ်းတွေက ဇာတ်ပွဲထောင်တာတို့၊ ရှိုအငှားသွင်းတာတို့၊ အသံချဲ့စက်ထောင်တာတို့၊ အတိုးချတာတွေဟာ တပည့်တော်တို့ တွေ့ရတော့ သာသနာအတွက် သဘောမကျ၊ မနှစ်မြို့က် ဖြစ်မိပါတယ်ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"နောက်ပြီး၊ ဒီလိုမဟုတ်ပေမယ့်လို့ တစ်ချို့က ဆွမ်းမစား၊ ရေပဲသောက်ပြီး နေပြတာတို့ ကွမ်းယာပဲ စားပြီးနေတာ တရားကျင့်ပြတယ်ဆိုတာတို့ ဘုရားစေတီ ပုထိုးအပေါင်းတွေပြင်တဲ့ နေရာမှာ နေပူခေါင်ခေါင် ပရိသတ် စည်ကားတဲ့အချိန်၊ နေပူထဲမှာ တရားထိုင် ပုတီး စိပ်ပြတာတို့ဟာ ဘုရားရှင်က ဒီလိုကျင့်လို့ မိန့်ထားခဲ့ မယ် မထင်မိပါဘုရား"

"နောက်ပြီး နိုင်ငံတော်အစိုးရက ခွင့်မပြုတဲ့ လောင်းကစားကို အားပေးမှုတွေ ပြုနေကြတာလဲ တပည့် တော်က သာသနာပြုနေတယ်လို့ နှလုံးမသွင်းနိုင်ပါ ဘုရား"

"သာသနာရဲ့ အနှောင့်အယှက် အန္တရာယ်တွေ ဘုန်းတန်ခိုး ကြီးလာအောင် မပြုသင့်တဲ့ မကောင်းမှုတွေ က ဗုဒ္ဓဘုရားရှင် မိန့်ထားခဲ့တာတွေ အများကြီးရှိပါ သေးတယ်၊ တကယ်တမ်း သိစေချင်တာက စာသင်ရင် သင်၊ တရားကျင့်ရင်ကျင့်၊ မသင်မိ မကျင့်မိဘဲ တာဝန် နှစ်ပါးအတွင်း ဒါမှမဟုတ် သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာ သုံးရပ် အကျင့်မြတ်အတွင်း အကျုံးမဝင်တဲ့ အလုပ်အမှု

www.burmeseclassic.com

www.burmeseclassic.com



တွေ မှန်သမျှဟာ သာသနာခုခံအား ကျဆင်းဖို့ ဗိုင်းရပ်ပိုးတွေပဲလို့ မှတ်ယူထားပါ"

"ဟာ - ဒီလိုဆိုရင် တပည့်တော်တို့ သာသနာတော်မှာ ခုခံအားကျဆင်းမှုရောဂါ ဖြစ်စေနိုင်တဲ့ ဗိုင်းရပ်ပိုးတွေ ရှိနေပါပေါ့လားဘုရား၊ ဒီလို ပိုးတွေရှိလာရင် သာသနာတော်ကြီး ခုခံအားကျဆင်းပြီး ပုံးပုံးလဲကျမှာ စိုးရိမ်ရပါတယ်ဘုရား"

"သိပ်လဲမစိုးရိမ်ပါနဲ့ ဒကာကြီး၊ သာသနာတော်ကြီး ကျန်းမာရေးကောင်းဖို့ အခုလို အသိတရား ဝင်လာရင် ဘယ်လောက်တန်ဖိုးရှိလာပြီလဲ၊ သာသနာအတွက် ကျန်းမာရေးကောင်းဖို့ မိမိတို့ဘက်က လုပ်သင့်တဲ့ အလုပ်တွေ ကြိုတင်ကာကွယ်မှုတွေကို ဒကာ ဒကာမတွေကလဲ နားလည်လာကြစေချင်တယ်"

"တကယ်တမ်းသာသနာရဲ့ အင်အားတွေ စုဝေးဖွံ့ဖြိုးရာဖြစ်တဲ့ စာသင်တိုက်ကြီးငယ် အသွယ်သွယ်တွေကို မိမိတို့ရဲ့ ပစ္စည်းလေးပါးနဲ့ ထောက်ပံ့ရင်တို့လဲ သာသနာ ကျန်းမာရေး စောင့်ရှောက်ရာ မည်တယ်"

"တရားကျင့်နေတဲ့ ဌာနနေရာတွေကို ထောက်ပံ့ရင်လဲ ဒီလိုပဲ၊ စာသင်, စာချ၊ တရားဟော, တရားပြ

www.burmeseclassic.com

www.burmeseclassic.com



အရှင်မြတ်တွေကိုလဲ ထောက်ပံ့သင့်တယ်လို့ သိစေချင်တယ်”

“ဒီလို သိခဲ့ကြလို့လဲ ပထမသင်္ဂါယနာတင်ခြင်းစတဲ့ အလုပ်တွေနဲ့ ရှေးပညာရှိ ရဟန်းသံဃာတွေ ဒကာဒကာမတွေက ဆောင်ရွက်ခဲ့တာပေါ့။ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် အဖက်ဖက်က ဆောင်ရွက်ခဲ့တာ အခုအထိပါပဲ၊ နောင်လဲ ဆောင်ရွက်ကြဦးမှာပါ”

“သာသနာ သန့်ရှင်းရေးဆိုတာ စောစောက ပြောခဲ့တဲ့ ပိုင်းရပ်ပိုးတွေမျိုး ရှိ၊ မရှိ သွေးစစ်ကြည့်ဖို့၊ ရှိနေရင်လဲ ချက်ချင်း ကုစားဖျောက်ဖျက်ပစ်ဖို့ အရေးကြီးပါတယ်။ ချက်ချင်းကုစားမှလဲ သာသနာတော်ရဲ့ ခုခံအားကျဆင်းမှုရောဂါ မဖြစ်အောင် ကာကွယ်ရာ ရောက်ပါတယ် ”

“ တပည့်တော်တို့ တော်တော် သဘောပေါက်ပါပြီဘုရား၊ အရှင်ဘုရား အမိန့်ရှိသလို ဆိုရင် တပည့်တော်တို့ လှူနေ တန်းနေတဲ့ ဒါနအလှူပွဲတွေဟာ အလှူဖြစ်ရုံသာမက သာသနာအတွက် စွမ်းအားတွေ ပြည့်စုံ ကောင်းမွန်စေတဲ့ အလုပ်လို့ သဘောပေါက်ပါပြီဘုရား”

www.burmeseclassic.com

www.burmeseclassic.com



"တပည့်တော်တို့ ဒကာ၊ ဒကာမတွေဘက်က သာသနာတော် ခုခံအားကျဆင်းမှု မဖြစ်အောင် ကြိုးစား ထောက်ပံ့ပါမယ်ဘုရား"

"ကောင်းတာပေါ့၊ သာဓု-သာဓု-သာဓု"

တရားတမန် အများထံ အမှန်ရောက်စေသော်

ဓမ္မဒူတ - မောင်စစ်ကိုင်း

မဇ္ဈိမ ၂၀။ ရှည်လျား ခွန်အား၊ စိတ်၀။

ဓမ္မရံသီ -အတွဲ (၇၂)၊ ဒီဇင်ဘာ၊ ၁၉၉၅-ခုနှစ်၊

www.burmeseclassic.com

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



# သံဃာတွေ့သလိုလို

စမ္မဒ္ဓတာ – မောင်စစ်ကိုင်း

ဣန္ဒြေ ခြောက်ပါးကို စောင့်ရှောက်ပါ။ ဣန္ဒြေ ညီမျှပါစေ စသည်ဖြင့် သာသနာရေးနယ်ပယ်၌ ဣန္ဒြေဟူသော စကားကို အသုံးများကြပါသည်။

မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် ဟူသော ဣန္ဒြေခြောက်ပါး၌ ကိလေသာဝင်ရောက်၍ အကုသိုလ် မဖြစ်အောင် စောင့်ရှောက်ခြင်းပင် ဖြစ်သည်။ ကိလေသာစိတ် မဖြစ်ဖို့သာတည်း။

ဣန္ဒြေညီမျှဖို့ဆိုသည်ကား သဒ္ဓါ၊ ဝီရိယ၊ သတိ သမာဓိ၊ ပညာ ဟူသော ဣန္ဒြေငါးပါးတို့၏ စွမ်းအင်သတ္တိတို့ ညီမျှစေရန် အရေးကြီးလှပေသည်။

ဝီရိယနှင့်သမာဓိ ညီမျှရပေမည်။

ဝီရိယလွန်ကဲ သမာဓိအားနည်းသူအတွက် ပြုပြောကြံသမျှတို့တွင် အငြိမ်မနေ ပျံ့လွင့်သော

www.burmeseclassic.com



နေတတ်သည်။ အကယ်၍ သမာဓိလွန်ကဲ ဝီရိယ အားနည်းပါက လှုပ်လှဲ့လှုပ်လှီ အမူအကျင့်မျိုးသာ များလာတတ်ပေသည်။

သဒ္ဓါနှင့်ပညာလည်း ညီမျှရပေမည်။ သဒ္ဓါ ယုံကြည်မှု တစ်ခုသာ တစ်ဖက်စောင်းနင်း လွန်ကဲ နေလျှင် အရာမဟုတ်သည့် အကျိုးမရှိနိုင်သည်တို့ ၌လည်း ယုံကြည်၍ ဆရာစွဲ လမ်းလွဲရောက်သွား တတ်သည်။ ပညာအား တစ်ဖက်စွန်းရောက်လျှင် အရာရာကို သံသယမျက်လုံးတပ်လျက် ကောက် ကျစ်စဉ်းလဲမှုဖက်သို့ ယိမ်းယိုင်သွားတတ်သည်။

ထိုသို့ ဖြစ်တတ်သောကြောင့် အရာရာတွင် ဣန္ဒြေတို့ ညီမျှမှသာ အကျိုးသက်ရောက်မှု အင်အား ပိုလာနိုင်ပေသည်။

" တပည့်တော် အစ်မကို တရားလေးဘာလေး ဟောပေးပါဦး "

" အမြဲဟောပေး ပြောပေးနေတာပဲ၊ ဘာဖြစ် နေလဲ "

" မှန်လှပါဘုရား အစ်မကဲ အလျှုအတွက် သဒ္ဓါ တရားက တကယ်ကောင်းပါတယ်ဘုရား။ ရက်ရော

www.burmeseclassic.com



သလောက် လှူနိုင်စွမ်းလဲ ရှိပါတယ်။ ဒါပေမယ့် အလှူခံပုဂ္ဂိုလ်က တယ်ရွေးတာပဲ ဘုရား ”

“အလှူခံ တစ်ကျိပ်လေးရှိတာပဲ။ အကျိုးများနိုင်တဲ့ အလှူခံအဆင့်ဆင့် အမျိုးမျိုးကို ဟောတော်မူခဲ့တာပဲ ”

“ ဟုတ်တော့ ဟုတ်ပါတယ်ဘုရား၊ တပည့်တော်တို့လဲ အလှူလှူရင် တတ်နိုင်သလောက် ရွေးလှူတာပဲ၊ သီလ၊ သမာဓိ၊ ပညာဆိုတာတွေကို ပကတိမျက်စိနဲ့ မမြင်နိုင်ပေမယ့် ဒီဂုဏ်တွေကို ကြည်ညိုပြီး အနေအထိုင်၊ အပြောအဆို၊ အဆုံးအမတွေကြောင့် ရွေးလှူပါတယ်ဘုရား။

“တပည့်တော်တို့ ရွေးလှူတာနဲ့ အစ်မရွေးလှူတာနဲ့က ကွာတယ်ဘုရား။ သူကိုယ်တိုင် ဝိနည်းမြန်မာပြန်တွေ၊ ဝိနည်းဥပဒေတော်တွေကို ဖတ်ပြီး ဒီကိုရင်၊ ဒီဦးပဥ္စင်း၊ ဒီဘုန်းကြီး၊ နောက်ဆုံးတော့ ဒီဆရာတော်ကြီးက ဘယ်လိုနေတယ်၊ ဘယ်လိုထိုင်တယ်၊ ဘာအာပတ်တွေသင့်နေတယ်။ ဒီလိုမလုပ်သင့်ဘူးဆိုတဲ့ အထိ ဝေဖန်ပြောဆိုလာတယ်ဘုရား ”

www.burmeseclassic.com

www.burmeseclassic.com



"အေး၊ အေး၊ သဘောပေါက်လာပြီ၊ ဆက်ပြောပါဦးလား"

"မှန်ပါဘုရား၊ တပည့်တော်တို့က အစ်မ ဝိနည်းစည်းကမ်းဆိုတာ သာသနာရဲ့အသက်၊ အရေးကြီးပါတယ်၊ ကျွန်မတို့ အစ်မတို့ သိတာထက်တော့ ရဟန်းသံဃာတော်တွေက ပိုသိမှာပေါ့။ ပိုပြီး ဂရုစိုက်လိုက်နာမှာပေါ့။ မသိဘူးပဲထား၊ မလိုက်နာဘူးပဲထား၊ သက်ဆိုင်ရာ ဆရာသမားတွေက ဆုံးမကြပါလိမ့်မယ်။

"အခုဟာက အစ်မကပဲ ငါဆုံးမပေးမှ ရမလိုလို ပြောနေတယ်။ ငါ့ပစ္စည်း အလှူခံရင် ဒီလိုနေမှ လှူမယ် ဆိုတဲ့ သဘောမျိုးရောက်သွားနိုင်တယ်"

"အစ်မရယ် ဒီလိုလုပ်ပါလား၊ သူ့ဘက် ကိုယ့်ဘက်ခွဲပြီး စဉ်းစားရအောင် " "ရဟန်းသံဃာတွေဘက်က သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာသုံးရပ် အကျင့်မြတ်တွေကို တတ်စွမ်းနိုင်သမျှ ကျင့်ကြပါလိမ့်မယ်။ ကျွန်မတို့ ဒါယကာတွေဘက်က ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါးတွေကို တတ်စွမ်းနိုင်သမျှ ထောက်ပံ့ရအောင်လို့ ကြိုးစားရမယ်။ ဒီလို နှစ်ပိုင်း ခွဲရအောင်ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"တယ်ဟုတ်ပါလား၊ ဒကာမကြီးပြောပြလိုက်တာ"

"ကျန်ပါသေးတယ်ဘုရား၊ အစ်မဆီက လှူမယ်ရည်မှန်းထားတဲ့ ပစ္စည်းလေးပါးတွေကို လှူနိုင်တာထက် အတင်းအဓမ္မ အလှူခံခဲ့ရင် အဲဒီအလှူခံပုဂ္ဂိုလ်ကို အစ်မ ဘယ်လိုစိတ်ထားမလဲ"

"အဲဒီတော့ ဘာပြောလဲ"

"ငါ လှူနိုင်သလောက် လှူမှာပေါ့လို့ ပြောပါတယ်ဘုရား၊ တပည့်တော်ကလဲ အဲဒီလိုပဲပေါ့ အစ်မရယ်၊ ဟိုကိုရင်ကလေးကစပြီး ခုနစ်နှစ်သားအရွယ်နဲ့ ရဟန္တာဖြစ်ချင်ရှာမှာပဲ။ ဒါပေမယ့် သူမနိုင်သေးရင်တော့လဲ ပုထုဇဉ်အဖြစ်နဲ့ စွမ်းသလောက် ကျင့်နေရတော့မပေါ့"

"သူတို့က သာသနာ့ဝန်ထမ်း၊ သာသနာ့တာဝန်ကို ထမ်းမယ်ဆိုပြီး ဝတ်လာကြတယ်၊ ထမ်းကြပေါ့တဲ့ ဘုရား"

" သာသနာ့တာဝန်ထမ်းတယ်ဆိုတာက အရာကျယ်ပါတယ်၊ ဘယ်ကိုရင်၊ ဘယ်ဦးပဉ္စင်း၊ ဘယ်ဘုန်းကြီးကမှ ငါတို့ သာသနာ့တာဝန်ကို ထမ်းနေတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဒကာ ဒကာမတွေကြည့်ကြ၊ ဒကာ ဒကာမတွေ သိအောင် မြင်အောင် တို့ထမ်းပြမယ်လို့ ဆိုပြီး ထမ်းတာ တစ်ပါးမျှ မရှိပါဘူး။ ဘုရားသားတော်ပီပီ ကိုယ့်တာဝန် ကိုယ်ထမ်း၊ ကိုယ့်အလုပ်ကိုယ်လုပ်ပြီး စွမ်းနိုင်သမျှ ကြိုးစားနေကြတာပေါ့လို့ တပည့်တော်မ ပြောပါတယ်ဘုရား။ အဲဒါ အစ်မက နားမဝင်ဘူး ဘုရား၊ တပည့်တော်ပြောတာတွေ အမှားပါရင်လဲ ထောက်ပြ ဆုံးမပြုပြင်ပေးပါဘုရား"

"ဒီလောက်တောင် အပြောအဆိုကလဲတတ် အသိပညာကလဲ ရှိနေတော့ မလိုသလောက်ပါပဲ"

"ဘယ်ဟုတ်ပါ့မလဲဘုရား၊ အရှင်ဘုရားကို ဆည်းကပ်တယ်ဆိုတာ ရောက်တိုင်းရောက်တိုင်း စကားတစ်ခွန်း နှစ်ခွန်း အနည်းဆုံး ဆုံးမတတ်လို့လာ နေတာပါဘုရား"

"ကဲ - ကဲ ဒီလိုဆိုရင်လဲ ဗုဒ္ဓသာသနာကို ယုံကြည် ကိုးကွယ်သူတိုင်း သံဃ သရဏံ ဂစ္ဆာမိ ဖြစ်ပါစေ၊ ပုဂ္ဂိုလ် သရဏံ ဂစ္ဆာမိ မဖြစ်ပါစေနဲ့

www.burmeseclassic.com



"ကြံ့ကြံ့ဖန်ဖန်ဘုရား၊ သရဏဂုံသုံးပါးမှာ သရဏဂုံတစ်ပါးအဖြစ် သံဃာရတနာပဲ ပါပါတယ်၊ ပုဂ္ဂိုလ် မပါပါဘုရား"

"အဲဒါ ပြောတာပေါ့၊ အလှူခံရွေးတဲ့ နေရာမှာသာ သဗ္ဗညုတဉာဏ်တော်ကြီးနဲ့ ပိုင်းခြားပြီး ပုဂ္ဂလိကဒါန၊ သံဃိကဒါနတွေ ခွဲပေးနေတာ၊ ယုံကြည်ကိုးကွယ်ဆည်းကပ်မှုဘက်ကျတော့ သံဃ သရဏံ ဂစ္ဆာမိပဲ ရှိတယ်၊ ပုဂ္ဂိုလ်ကို အာရုံပြုဖို့ မပါဘူး"

"သတ္တဝါတွေဟာ သရဏဂုံသုံးပါး ဆည်းကပ်နေကြတဲ့အထဲမှာကိုပဲ သံဃာကို ဆည်းကပ်သလိုလိုနဲ့ သံဃာကို တွေ့သလိုလိုနဲ့ ပုဂ္ဂိုလ်တွေဘက် ရောက်သွားကြတယ်၊ သဒ္ဒါယုံကြည်မှု တစ်ဖက်စွန်းရောက်ရင် သံဃာကို မကြည်ညိုတတ်ပဲ ပုဂ္ဂိုလ်ကို ကြည်ညိုတဲ့ဘက် ရောက်သွားရော"။

" အဲဒါ ဉာဏ်နဲ့ ရွေးကြည်ညိုတယ်လို့ ပြောကြတာပဲဘုရား "

"အသိဉာဏ်ဆိုတာက အစွမ်းသတ္တိတွေ အား ကောင်းပြီး အားကိုးထိုက်ပါတယ်၊ ဒါပေမယ့် သူလဲ

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်တိမ်းသွားရင် ငါက ပိုသိ၊ ပိုတတ်တယ်။ ဒီနေရာမှာ ဒီလိုဖြစ်နေတယ်၊ ဟိုနေရာမှာ ဟိုလိုဖြစ်နေတယ်ဆိုပြီး အမျိုးမျိုးကောက်ကျစ်တဲ့စိတ်တွေ မဖြောင့်တဲ့စိတ်ထားတွေ ဝင်လာတတ်ကြတယ်။ ကိုယ်ကိုးရမယ့် သံဃာကို မမြင်တော့ဘဲ ပုဂ္ဂိုလ်တွေကိုပဲ ကြည့်လာ၊ ပုဂ္ဂိုလ်တွေ့ရင် အကောင်းရွေးကြည့်ရင်ကြည့်၊ ဒါမှမဟုတ် မကြိုက်နဲ့ မကောင်းရွေးကြည့်ရင်ကြည့်။ ဒီလိုတွေ ဖြစ်လာတတ်တယ်။

"ဟာ တပည့်တော်တို့လဲ သံဃာကို တွေ့သလိုလိုနဲ့ ပုဂ္ဂိုလ်တွင် သောင်တင်နေတာပါလား၊ ဒီလိုဆိုရင်တော့ ကိုယ့်သဘောနဲ့တွေ့ရင် အကောင်း၊ ကိုယ့်သဘောနဲ့ မတွေ့ရင် အဆိုးလို့ သတ်မှတ်မှာပေါ့နော်"

"ဟုတ်တယ် ဒကာမကြီး၊ ဦးပဥ္စင်းတို့လဲ သရဏဂုံတွေသာ ယူခဲ့ဖူး၊ ဆောက်တည်ခဲ့ဖူးပြီး သံဃာကို မတွေ့ဘူး မမြင်ဘူးဖြစ်နေတယ်။ ပုဂ္ဂိုလ်တွေ ရွေးနေတဲ့ အဆင့်ကိုပဲ ဟုတ်လှပြီ ထင်နေခဲ့တယ်။

တကယ်တမ်းကျတော့ သဒ္ဓါများပြီး အသိဉာဏ်နည်းသေးသူတွေအတွက် အလှူခံပုဂ္ဂိုလ် အမျိုးမျိုး

www.burmeseclassic.com

www.burmeseclassic.com



ခွဲပြရတာပါ။ တကယ်လို့ အသိဉာဏ်တွေ ရင့်သန်လာပြီဆိုရင် ပုဂ္ဂိုလ်အမြင်ကို လွန်မြောက်ပြီး သံဃာကို မြင်တတ်လာတယ်။ ဒီအခါမှာ ပုဂ္ဂိုလ်စွဲတွေ ကင်းလာမယ်။ ကျောင်းစွဲတွေ ပျောက်လာမယ်။ ဂိုဏ်းဂဏစွဲ အာရုံပြုမှုတွေ ရှင်းသွားမယ်။

"အဲဒီလိုဆိုရင် သိပ်ကောင်းမှာပါ။ တပည့်တော် အစ်မက ပုဂ္ဂိုလ်ကိုပဲ လိုက်ချိန်ထိုး ပုဂ္ဂိုလ်ကိုပဲ ကြည့်နေတာကိုး၊ အစ်မရော တပည့်တော်တို့ပါ သံဃာကို ကြည့်တတ် မြင်တတ်အောင် လွယ်လွယ်ရှင်းရှင်း နည်းပေးတော်မူပါဘုရား"

"ကဲ အဲဒီလိုဆိုရင် မှတ်ထားပေတော့"

**"သံဃော နာမ ဒုဿီလော နတ္ထိ"** တဲ့ အဓိပ္ပာယ် မိန့်ပါဦးဘုရား။

**"သံဃာဆိုတာ ဒုဿီလ အကျင့်ပျက်မရှိဖူး"**တဲ့ မိမိတို့က သံဃာကို မြင်နိုင်ရင် အကျင့်ပျက်မှုမရှိတဲ့ သံဃာအဖွဲ့အစည်းကြီးကို သံဃာ့ဂုဏ်တွေနဲ့ အထူး တွေ့ပြီး သံဃံ သရဏံ ဂစ္ဆာမိ ဖြစ်လာပြီဆိုတာ မှတ်လိုက်ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ထပ်ပြီး အသေးစိတ်ရှင်းပြပါဦးဘုရား။

အေးအေး ဒါပေမယ့် နောက်မှ ရှင်းပေးမယ်။

တရားတမန် အများထံ အမှန်ရောက်စေသော်။

ဓမ္မဒူတ - မောင်စစ်ကိုင်း

ရတနာမွန် -အမှတ်စဉ် (၂၅)၊ အမှတ် (၈)

www.burmeseclassic.com

www.burmeseclassic.com



# တံလျှပ်ကို ရေထင်

ဓမ္မဒူတ – မောင်စစ်ကိုင်း

ကိုယ်ကျင့်တရားသည်ကား ကာယကံ-ကိုယ်မှု၊ ဝစီကံ-နှုတ်မှုတည်းဟူသော အမူအရာ နှစ်ခုတို့ကို မကောင်းမဖြစ် အကောင်းဖြစ်အောင် စောင့်ရှောက်ခြင်းပင် ဖြစ်ပေသည်။

ကိုယ်မှု နှုတ်မှုတို့ကို ကိုယ်ကျင့်တရားတည်းဟူသော သီလက စောင့်ထိန်းနိုင်ငြားသော်လည်း စိတ်အမူအရာ ကြံစည်မှုကို ထိန်းသိမ်းနိုင်ဖို့ရာ မလွယ်ကူချေ။ စိတ်သည် ကြံစည်လိုရာ ကြံစည်တတ်၏၊ တွေးတောလိုရာ တွေးတောတတ်၏။ ထိုကြံစည်တွေးခေါ်မှုများမှ တစ်ဆင့် တစ်ဆင့် မိမိစိတ်ဖြင့် ထင်ချင်ရာ ထင်တတ်ကြ၏၊ မြင်ချင်ရာ မြင်တတ်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



အထင်အမြင်တို့ မှားယွင်းပါက ကိုယ်အမူအရာ နှုတ်အမူအရာတို့ မှားယွင်းလေတော့သည်။ အထင်အမြင် မှန်ပါက ကိုယ်အမူ နှုတ်အမူတို့သည်လည်း မှန်ကန်နိုင်ပေသည်။ အထင်မှား အမြင်မှား အကြံအစည်မှားတို့ ဟူသည်ကား မိစ္ဆာဒိဋ္ဌိနှင့် မိစ္ဆာသင်္ကပ္ပတို့ ဖြစ်ကြပေသည်။

မှားယွင်းသော အကြံအစည်ရှိသောသူတို့သည် အကောင်းအစစ် အနှစ်ရှိသော သဘောတရားတို့၌ အကာအတုဟု မှတ်ထင်ကြကုန်၏။ အကာအတု ဖြစ်သော သဘောတရားတို့၌ အနှစ်ဟု မှတ်ထင်ကြလေကုန်၏။ ထိုသို့ မှားသော အကြံအစည် ကြောင့် အနှစ်ကို အကာထင်, အကာကို အနှစ်ဟု မြင်ကြသောပုဂ္ဂိုလ်တို့သည် အနှစ်စစ် ကောင်းမြတ်သော တရားများကို ရနိုင်မှု မရှိကြပေ။

အကောင်း အစစ် အနှစ်သဘောတရားကို ရယူလိုသူတိုင်း အထင်အမြင်မှန်ဖို့ အရေးကြီး ပညာရေချမ်းနှင့် သွန်းဖျန်းငြိမ်းသတ်ရမည်။ သို့မှလည်း သမဏသညာ-ရဟန်းအဖြစ် အမှတ်ရနေသည်ဟု ခေါ်၏။

www.burmeseclassic.com

www.burmeseclassic.com



သီလ၊ သမာဓိ၊ ပညာတရားများ လက်ကိုင်ထားပြီး ရဟန်းတရားကို အားထုတ်ရမည်။ တစ်ဆင့်ထက်တစ်ဆင့် ရင့်သည်ထက် ရင့်စေရမည်။ ပဋိပတ္တိအကျင့်များ ကျင့်ရမည်။

ပဋိပတ္တိက လုပ်နည်းပင်။ လုပ်ငန်းဆိုသည်မှာ စည်းကမ်းတကျရှိမှ တိုးတက်မည်၊ မှန်ကန်မည်၊ အောင်မြင်မည်။ ထို့ကြောင့် ပရိယတ္တိစည်းကမ်းဖို့စာပေသင်ရသည်။

မိမိသိသလို မိမိတတ်သလို အများလည်း သိစေရမည်၊ အများလည်း တတ်စေရမည်။ ထို့ကြောင့် မိမိလည်းသင် အများကိုလည်း ပို့ချသင်ကြား၊ တရား ဓမ္မဟောပြသည့်အတွက် ပရိသတ်တွေ ရှိသင့်သလောက်ရှိလာသည်။

ရှင်သာမဏေ ရဟန်း၊ သီလရှင် ပရိသတ်တွေသာမက ဒကာ, ဒကာမ ပရိသတ်တွေလည်း ရှိလာခဲ့သည်။ ဆရာ ဒကာတွေ ဖြစ်လာခဲ့ကြသည်။

ဆရာအတွက် ဒကာတို့က ပစ္စည်းလေးပါးဖြင့် ထောက်ပံ့ကြသည်။ ဆွမ်းဟင်းတွေလည်း ကောင်းလာ

www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ သက်န်းအဖိုးတန် အကောင်းစားတွေ ဝတ်ရုံလာသည်။ ကျောင်းသည်လည်း အသားသစ်ကျောင်းမှ တိုက်ကျောင်းအဖြစ် ပြောင်းလဲလာသည်။ ဆေးနှင့်ပတ်သက်၍လည်း လိုလေသေးမရှိဖြစ်လာခဲ့လေသည်။

အတိတ်ကံနှင့် ပစ္စုပ္ပန် ဘုန်းကံတို့ပင် ဖြစ်ကြလေသည်။

ဆရာကလည်း ဒကာတို့အတွက် ဒါန၊ သီလ၊ သမထ၊ ဝိပဿနာ ကုသိုလ်ပြုနည်းတို့ကို ဟောပြသည်၊ ပြောပြသည်။ ထိုအခါ ဒကာတို့က ကြည်ညိုလာသည်၊ အားကိုးလာသည်၊ ရင်းနှီးလာကြသည်။

သွားလိုရာသွား ကားရှိသည်၊ ကားမျိုးစုံသည်၊ ကြိုက်ရာ စီးနိုင်လာသည်။

ရထားဆိုလည်း အထက်တန်း၊ အအေးခန်းလည်း ပါသည်။

ရထားမကြိုက်လျှင် လေယာဉ်ပျံဖြင့် ကြွလို့ရသလား စီစဉ်ပေးကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆွမ်းကွမ်းအတွက် တရုတ်အစားအစာ၊ ဂျပန်အစားအစာ၊ အနောက်တိုင်း အစားအစာ ကြိုက်နှစ်သက်ရာ ဘုဉ်းပေးနိုင်သည်။ ကြိုက်နှစ်သက်ရာဟိုတယ်၊ စားပွဲရုံတို့မှ အစားအစာတွေကို ဝယ်ယူကပ်လှူကြသည်။

ဒကာတွေဘက်က လိုလေသေး မရှိစေရန်လှူဒါန်းကြသည်။ ရှေးဘုန်း ရှေးကံပင် ဖြစ်သည်။ ဘုရားရှင်လည်း ခွင့်ပြုတော်မူပါသည်။

အကစ်အီးကားမှ လိုက်မည်၊ ပတ်ပလစ်ကားဆိုလျှင် မကြိုက်ချင်။ မြန်မာအစားအစာကို မကြိုက်၊ ဟောင်ကောင် အစားအစာမှ ကြိုက်သည်။

ရထားလက်မှတ်က အအေးခန်း မပါလျှင် ခရီးစဉ် ဖျက်လိုက်ချင်သည်။ တတိယတန်းဆို ဝေလာဝေး၊ ပထမတန်း လက်မှတ်ဖြင့်ပင် စီးချင်သော စိတ်ဆန္ဒ မရှိတော့ပေ။

လေယာဉ်ပျံ ခရီးစဉ်ဆိုလျှင် နံနက်ဆို နံနက်၊ ညနေဆို ညနေ မိမိသွားလိုရာအချိန်ကိုပင် ရချင်သည်၊ စီးချင်သည်၊ မဖြစ်လာလျှင် မျက်နှာ မကြည်လင်တော့။

www.burmeseclassic.com

www.burmeseclassic.com



တဖြည်းတဖြည်းဖြည်း မိမိသည် ရဟန်း ဟူသော အမှတ်သညာတို့ ကင်းကွာလာသည်။ သူဌေး ဒကာတို့ ကိုးကွယ်ခံရ၍ သူဌေးအစာကို ကြိုက်လာ သည်။ မင်း ရှင်ဘုရင် ဒကာတို့ ကိုးကွယ်ခံရ၍ မင်း ပမာ မှတ်ထင်လာသည်။ စိတ်ကြီး ဝင်လာသည်။ လက်ညှိုးညွှန်ရာ ရေဖြစ်လာသည်။ မှန်ပ့ါဘုရား - ဟုတ်ပ့ါဘုရားဟူသော ပရိသတ် တို့ အလယ်တွင် ပျော်တပြုံးပြုံး မော်မဆုံး ဖြစ်နေလေသည်။

မိမိ၏ သမဏသညာ ရဟန်းအဖြစ် အမှတ် သညာတို့ ပျောက်ကွယ်သွား၍ ရှင်ဘုရင်ဟု ထင်လာ သည်။ သူဌေးဟု ကိုယ်တိုင်ကို အမြင်ရောက်လာ သည်။ ဤသို့ ဖြစ်ရခြင်း အကြောင်းရင်းသည်ကား အဘယ်အကြောင်းပေနည်း။ ဆန်းစစ်ဖို့ လိုအပ်ပေ သည်၊ သိရှိဖို့လည်း လိုပေသည်။

ရှေးက ဘုန်းကံတို့ လျှံခြင်းကြောင့်ပင်လော၊ လိုလေ သေးမရှိ ပြည့်စုံအောင် ထောက်ပံ့နေကြသော ဒကာ, ဒကာမတို့ကြောင့်ပေလော။ ပတ်ဝန်းကျင် ကြောင့် ပေလော့။ မိမိသည်ပင် တတ်သိလိမ္မာ ကျော် လာ၍ ပေလော။

www.burmeseclassic.com

www.burmeseclassic.com



အဘယ်အကြောင်းကြောင့်ပင် ဖြစ်စေ၊ ရဟန်းဘဝ၌ သီလ, သမာဓိ, ပညာ စွမ်းအားသတ္တိတို့အစား လောဘ၊ ဒေါသ၊ မောဟတွေ များပြားလာသည်။ တိုးပွားလာသည်။

အကြောင်းရင်းကား မိမိဘဝကို အထင်မှား အမြင်မှား နှလုံးသွင်း မှားခြင်းကြောင့်ပေတည်း။ "မင်းကိုးကွယ်တဲ့ဘုန်းကြီး မင်းထင်၊ သူဌေးကိုးကွယ်တဲ့ဘုန်းကြီး သူဌေးထင်" ဆိုသည့်အတိုင်း ဖြစ်လာတတ်ကြသော အထင်လွဲ၊ အမြင်မှဲ့ခြင်းတို့ကြောင့်ပေတည်း။

ရဟန်းဘဝဟူသည် သီလ၊ သမာဓိ၊ ပညာ အနှစ်တရားတို့ စွမ်းအင်ပြည့်ရှိဖို့ အရေးကြီးသည်။ ယင်းအနှစ်တရားတို့ ပြည့်စုံသည်နှင့်အမျှ မိမိဘဝကို မိမိ အမြင်မှန်နိုင်ပေသည်။ ရဟန်းဘဝသည်ကား 'တခြားက ပေးလို့လှူ၊ အများက ကျွေးလို့ဝ' အများကို မှီခိုရသည့်ဘဝဟု သဘောပေါက်ရပေသည်။ သို့သော် အတိတ်ကံ၊ ပတ်ဝန်းကျင် ဘုန်းကံပါရမီ ဒကာ၊ ဒကာမတို့ကြောင့် လက်ညှိုးညွှန်ရာ ရေဖြစ်ရသည့်

www.burmeseclassic.com



ဘဝ ရောက်လာရသော်လည်း မိမိဘဝကို မိမိ မမေ့ဖို့ အရေးကြီးပေသည်။

ဆရာတော်ဘုရား၏ ဩဝါဒစကားကြောင့် "တံလျှပ်ကို ရေထင်၊ ရွှေသမင် အလိုက်မှား" မည့် ဘေးမှ ကင်းဝေးစေရန် အသိဉာဏ် ပေါ်ထွန်းခဲ့ရ လေပြီတကား။

တရားတမန်၊ အများထံ၊ အမှန်ရောက်စေသော်။

ခမ္မဒူတ - မောင်စစ်ကိုင်း

ခမ္မရံသီ - အမှတ် (၇၄)၊ ဖေဖော်ဝါရီလ၊ ၁၉၉၆-ခုနှစ်၊

www.burmeseclassic.com

www.burmeseclassic.com



# ဘယ်လိုမြင်နေကြပါသလဲ

ဓမ္မဒူတ –မောင်စစ်ကိုင်း

လူအမျိုးမျိုး စိတ်အထွေထွေ ရှိနေကြပါသည်။ ကိုယ့်စိတ်နှင့် ကိုယ့်အကြိုက် ကိုယ်စီရှိကြပါသည်။ ကိုယ့်အကြိုက်နှင့် ကိုယ့်အမြင်တော့ အံဝင်ဂွင်ကြ ရှိနေကြပါသည်။

ထို့ကြောင့် လူအမျိုးမျိုး နေထိုင်ကြသော ဤပတ်ဝန်းကျင်၌ အမြင်လည်း အမျိုးမျိုးရှိကြပါသည်။ မြင်စရာအာရုံတစ်ခု၊ ကြားစရာ အာရုံတစ်ခု စသည်ဖြင့် သိစရာ အာရုံတစ်ခု ဟူ၍ ခြောက်မျိုး ရှိကြပါသည်။

ထိုခြောက်မျိုးသော အာရုံတို့၌ ကိုယ့်စိတ်နှင့် ကိုယ်တွေး၍ ကိုယ်သိသ၍ အတိုင်းအတာဖြင့် ကိုယ်မြင်သ၍ အသိအမြင်ဖြင့် အာရုံတို့ကို သုံးသပ်ကြကုန်၏၊ အကြောင်းအရာတို့ကို ဆုံးဖြတ်ကြကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ဆုံးဖြတ်မှု သုံးသပ်မှု အတွေးအခေါ် အယူအဆ တို့၏ အပေါ်၌ မူတည်၍သာ အယူဝါဒများ ဖြစ်ပေါ် လာခဲ့ကြပါသည်။

အယူဝါဒမျိုးစုံကို ပေါင်းခြုံ၍ ကြည့်သော် မကောင်းမြင် အယူဝါဒ၊ အကောင်းမြင် အယူဝါဒ၊ အမှားမြင် အယူဝါဒ၊ အမှန်မြင် အယူဝါဒတို့ ရှိကြ ကုန်၏။

"အရှင်ဘုရား .... ဒီစာအုပ်ကလေး ဖတ်ကြည့်ပါအုံး ဘုရား၊ ဘာသာပြန်ထားတာပါ။ နိုင်ငံခြားက ပညာရှင်တွေရဲ့ အတွေးအခေါ် အယူ အဆတွေပါ။ ဖတ်လိုက်ရတာ အသိအမြင်တွေလည်း တိုးသွားပါတယ်။ လောကထဲမှာလည်း နေတတ် ထိုင်တတ်ဖို့ အင်အားတွေ ပြည့်သွားတာပဲ ဘုရား"

မိမိအား ဘာသာပြန်စာအုပ်ငယ် အမှတ် (၂)ကို လာ၍ ဆက်ကပ်ရင်း လျှောက်ထားနေခြင်း ဖြစ်ပါ သည်။

အေး .... အဲဒီစာအုပ်ကလေးက တော်တော် ကောင်းပါတယ်။ ဘာသာပြန်တဲ့ ဆရာ ကလည်း ဒို့နှစ်သက်တဲ့ စာရေးဆရာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



"အရှင်ဘုရားလည်း ဖတ်ပြီးပြီလားဘုရား"

"ဟုတ်တယ် ဖတ်ပြီးပါပြီ"

"အဲဒါဆို . . . . ဒီစာအုပ်ကလေးကို ဘယ်လို မြင်ပါသလဲ ဘုရား"

"စောစောက ပြောပြီးပြီလေ တော်တော် ကောင်းပါတယ်လို့"

"အရှင်ဘုရားစကားက တော်တော်ကောင်းပါ တယ်ဆိုပေမဲ့ အသံကသိပ်ပြီး အားရပါးရ မရှိပါလား ဘုရား"

"ဟာ . . . . မင်းကလည်း စကားလုံးကို ကျေနပ်ရင် ပြီးရောပေါ့၊ ဘယ်နှဲ့ အသံကိုပါ လိုက် ကြည့်နေရတာလဲ"

"အရှင်ဘုရားရဲ့ အသံထဲမှာ ဒီစာအုပ်နဲ့ ပတ် သက်ပြီး ပြောချင်တဲ့စကားတွေ ရှိနေတဲ့ပုံပဲဘုရား၊ တပည့်တော်ကို ပြောပါဘုရား တပည့်ရင်းပဲ ဥစ္စာ"

"မင်းကလည်း တယ်ပြီး စကားခေါ်ကောင်း တာကို၊ ပြောချင်တာတွေ ရှိပေမယ့် မပြောချင်လို့ ရှောင်နေတာ မင်းလည်း သိရဲ့သားနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါမှ ပိုပြီးသိချင်တယ်ဘုရား ပြောပါအုံးဘုရား" "ကဲ-ကဲ ဒီလိုဆိုလည်း နားထောင်ပေတော့ . . အခု ဒီစာအုပ်က ဘာသာပြန်ထားတာဆိုတော့ စာရေးဆရာရဲ့အာဘော်နဲ့မဆိုင်ဘူး။ နိုင်ငံခြားက အမြင် မူရင်းစာရဲ့အယူအဆကိုပဲ ပြောကြမယ်နော်"

"မှန်ပါဘုရား"

"စာတွေကလည်း ရေးတဲ့ပညာရှင်တွေက မျိုးစုံဆိုတော့ အမြင်ခြင်းလည်း ဘယ်တူကြမလဲလေ၊ အမြင်နဲ့ပက်သက်ပြီး လေးမျိုးခွဲကြစို့"

"အမှားမြင်၊ မကောင်းမြင်၊ အကောင်းမြင်၊ အမှန်မြင်လို့ လေးမျိုးရှိတယ်။ အဲဒီလေးမျိုးမှာ အမှားမြင်က သိမြင်နိုင်တဲ့ ဉာဏ်အင်အား သတ္တိနည်းလို့ အမှားမြင်တာ၊ မကောင်းမြင်ကတော့ ဘယ်သူတွေ ဘယ်လောက်ကောင်းအောင် လုပ်နေလုပ်နေ ဘယ်လိုမှ အကောင်းမမြင်နိုင်ဘဲ အပြစ်ရှာတတ်တဲ့သဘော စေတနာဆိုးနဲ့ပဲ အမြဲကြည့်တာကို မကောင်းမြင်လို့ ခေါ်တယ်။ အကောင်းမြင်နဲ့ အမှန်မြင်လို့ နှစ်မျိုးကျန်တာပေါ့။ အဲဒီနှစ်မျိုးကို မင်းဘယ်ဟာ နှစ်သက်သလဲ"

www.burmeseclassic.com

www.burmeseclassic.com



"နှစ်ခုစလုံးက အကောင်းချည်းပါပဲ၊ နှစ်ခုစလုံး ကြိုက်တာပါ ဘုရား"

"အေး. . . မင်း အဲဒီလို ဖြေမယ်လို့ ထင်သားပဲ"

"ဟင် ဘယ်လိုလုပ် ကြိုပြီးသိသလဲ ဘုရား"

"ဟ. . . အကြားအမြင် ထင်မနေနဲ့ မဟုတ်ဘူး၊ လူတိုင်းဟာ အကောင်းကြိုက်ကြတာချည်းပဲ။ ဘုရားရှင်ဟောထားလို့ မင်းလည်းနှစ်ခုလုံး ကောင်းတော့ နှစ်ခုလုံး ကြိုက်မှာပေါ့လို့"

"ဩော်. . . ဒီလိုလား ဘုရား"

"အေး. . . ဟုတ်တယ် ဒါပေမဲ့. . . လူတိုင်း အကောင်းကြိုက်ကြပါတယ် အမှန်ကိုတော့ မကြိုက်ကြဘူး။ မင်းဖြေတဲ့ အဖြေက နှစ်မျိုးလုံး ကြိုက်တာပေါ့လို့ ဆိုပေမယ့် အကောင်းပဲကြိုက်တယ်။ အမှန်မကြိုက်ဘူးဆိုတဲ့ အဖြေထွက်နေတယ်"

"ဟာ. . . မဟုတ်ပါဘူးဘုရား၊ အမှန်မြင်လည်း ကြိုက်ပါတယ်။"

"အမှန်မြင်ကို ကြိုက်ဖို့ဆိုတာ အမှန်အတိုင်း မြင်တတ်အုံးမှ နောက်ပြီး အကောင်းမြင်ကို ကြိုက်

www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတာကလည်း အကောင်းကို မြင်တတ်တဲ့ ဉာဏ်ရှိအုံးမှ ဒါ အမှား၊ ဒါက မကောင်း၊ ဒါက အကောင်း၊ ဒါက အမှန်လို သိမြင်နိုင်တဲ့ အသိဉာဏ်တွေ ရှိမှသာ အမှန်မြင်မယ်။ အမှန်မြင်နိုင်မှ အမှန်မြင် အယူဝါဒကို ကြိုက်တယ်လို့ ဖြေနိုင်မှာပါ"

"ဟာ. . . အရှင်ဘုရားမိန့်တာ တပည့်တော် သဘောမပေါက်သလို ဖြစ်နေပြီဘုရား၊ အကောင်းမြင်တာကလည်းအကောင်း၊ အမှန်အတိုင်း မြင်တာကလည်းအကောင်းပဲ ဉာဏ်ရှိတာပဲ မဟုတ်ပါလားဘုရား"

"ကဲ. . . ကဲ ဒီလိုဆိုရင် မင်းရဲ့လက်ထဲမှာရှိတဲ့ စာအုပ်ကိုဖွင့်၊ စာမျက်နှာတစ် ပြတင်းပေါက်ဆိုတာကို ဖတ်ပြစမ်းပါအုံး"

"မှန်ပါဘုရား"

ပြ တင်းပေါက် ဘဝဟူသည် ကျွန်ုပ်တို့ စီမံဖန်တီးသည့်အတိုင်း ဖြစ်ရ၏။ ယခင်ကလည်း ဤသို့ နောင်လည်း ဤနှယ်ပင် . . . (ဘွားဘွား မိုးဇက်)

တစ်ခါက ဆေးရုံကြီး တစ်ရုံရှိ လူနာအခန်း ကျဉ်းလေးတစ်ခုထဲမှာ လူနှစ်ယောက်ရှိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



. . . စသည်ဖြင့် မိမိ၏တပည့်ဖြစ်သူက ထိုဆောင်းပါးကို အစမှ အဆုံးထိ တစ်လုံးမကျန် ဖတ်ပြပါသည်။

လူနာနှစ်ဦး အခန်းကျဉ်းထဲကနေ ပြင်ပကို ကြည့်ရန် ပြတင်းပေါက်တစ်ပေါက်ရှိ တစ်ဦးသာ ကုတင်မှ အပြင်ကို ကြည့်နိုင်သည်၊ နှစ်ယောက်စလုံး ရောဂါသည်းကြသည်။

တစ်နေ့သော နေ့လည်အချိန် လူနာတစ်ဦးက အပြင်ကို ကြည့်နိုင်၊ တစ်ဖက်လူနာက တစ်ချိန်လုံး ကုတင်ပေါ် ပက်လက်လှဲနေ၊ ပြတင်းမှ အပြင်မြင် သူက ပန်းခြံကြီးတွေ့ကြောင်း ရေကန်၊ ဘဲငန်းတွေ၊ ကလေးတွေ၊ သစ်ပင်ကြီးတွေ၊ ချစ်သူစုံတွဲတွေ၊ မြက် ခင်းစိမ်းနဲ့ မြင်တွေ့ရတဲ့ သဘောကျစရာတွေကို အနီးရှိလူနာအား ပြောပြ၊ ကျန်လူနာက ပြောပြသမျှ အပြင် စိတ်ကူးနှင့်သာယာဖွယ် အာရုံတွေကို စဉ်း စား သဘောကျသူလည်း ကြည့်ချင်စိတ်များ ပေါ်လာ။

တစ်ညမှာ ပြူတင်းပေါက်မှ ကြည့်နိုင်သူ ရောဂါ ဖောက် ကျန်လူနာက သူနာပြုအရေးပေါ် ခေါ်ရန်

www.burmeseclassic.com



ခလုတ်ကို နှိပ်သင့် မနှိပ်သင့် စဉ်းစား။ မနှိပ် တစ်ဖက် လူသေဆုံး။

နောက်နေ့မနက် ပြူတင်းပေါက်မှ ကြည့်ချင် လွန်းသူက သူနာပြုထံ ခွင့်တောင်း၊ နေရာချင်းလဲ၊ ပြတင်းပေါက်မှ အပြင်ဘက် သာယာဖွယ်တွေကို လှမ်းကြည့်၊ အပြင်၌ နံရံတံတိုင်းတစ်ခုသာ သူမြင် ရလေသည်။

ဖတ်ပြီးပါပြီဘုရား။

အေး ဖတ်ပြီးတော့ မင်းဘယ်လို မြင်သလဲ ပြောပါအုံး။

မှန်ပါဘုရား၊ ပထမ လူနာက တစ်ဖက်လူ စိတ်ချမ်းသာအောင် ပြောပေးသည်။ တစ်ဖက်လူက အပြင်လည်း မမြင်ရ၊ ရောဂါလည်း သည်းနေတော့ ကြည့်ချင်ရှာမှာပဲဆိုပြီး ကိုယ်ချင်းစာစိတ်နဲ့ ပြောပေး တာပါဘုရား။ ဒါဟာ တစ်ဖက်သား စိတ်ကောင်း အောင် လုပ်တဲ့အတွက် သဘောကျမိပါတယ် ဘုရား။

မင်းဆိုရင်ကော အဲဒီလိုကြုံခဲ့ရင် ဒီလိုပဲလုပ် မလား။

www.burmeseclassic.com

www.burmeseclassic.com



မှန်ပါဘုရား လုပ်ပေးပြောပေးမှာပါဘုရား။

အေး - လုပ် - လုပ် . . . အဲဒီလိုဆိုရင် မင်းလည်း သေမှာပဲ။

သေချင်သေပါစေဘုရား၊ သူများတွေကောင်းဖို့ ဆိုရင် လုပ်ပေးမှာပါပဲ ဘုရား။

အေး . . . စိတ်ထားတော့ ကောင်းတယ် စိတ်ထား မမှန်ဘူး။

ဟာ. . . ဘာလို့လဲဘုရား ရှင်းပြပါအုံး။

တစ်ဖက်လူ စိတ်ချမ်းသာဖို့ ကောင်းတဲ့အလုပ် လို့ထင်တဲ့ ဘာမှမမြင်ရတာကို မြင်ရသလို ဟန် ဆောင်ပြီး ညာပြောခဲ့တယ်။

တစ်ဖက်လူကလဲ အပြင်ဘက်ကို ကြည့်ချင် လွန်းတဲ့ လောဘစိတ်တွေဖြစ်လာ၊ ရောဂါဖောက်

လာတဲ့အချိန် သူနာပြုကို အရေးပေါ် ခလုတ်နှိပ် နိုင်ပေမယ့် လောဘစိတ်ကြောင့် မနှိပ်လိုက်ဘူး။ ဒါကြောင့် မမြင်ရတဲ့ မြင်ရသယောင် ဆောင်ပြီး ညာတဲ့လူနာ သေသွားရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဟာ . . . တပည့်တော်က အဲဒီလောက်ထိ မတွေးမိပါဘူး၊ မြင်လည်း မမြင်မိပါဘူးဘုရား။

အေး ဒါ့အပြင် ဆက်ပြောရအုံးမယ်။ လောကကြီးမှာ တရားဥပဒေဆိုတာ ရှိလို့သာပေါ့၊ ဥပဒေလည်း မရှိ၊ လက်ထဲမှာလဲ သေနတ်ရှိတယ်ဆိုရင် ပြတင်းပေါက်က ကြည့်ချင်တာ တစ်ခုနဲ့ ပစ်သတ်မှာ။ အဆိပ်ရှိရင်လည်း အဆိပ်ခပ်သတ်မှာ။ အခုလည်း လူခေါ်ခလုတ် မနှိပ်တာဟာ လူသတ်မှု ကျူးလွန်လိုက်တာပေါ့

ဟာ . . . အဲဒီလောက်ထိ ဖြစ်သွားတာကို။

မမြင်တာကို မြင်တာလုပ်ပြီး ညာတဲ့သူ၊ အသတ်ခံရတယ်လို့ ကောက်ချက် ချနိုင်ပါတယ်။

နောက်ပြီး သူက ဘာလို့ ဒီလို လုပ်ရတာလဲ ဆိုရင် တစ်ဖက်လူ စိတ်ချမ်းသာအောင် တခြားသောနည်းလမ်းကို သိနိုင် မြင်နိုင်တဲ့ အသိဉာဏ် မရှိတော့ ကောင်းတယ်ထင်ရာကို အကောင်းမြင် အယူအဆနဲ့ ပြောလိုက်တာပါ၊ အမှန်မြင်နိုင်တဲ့ ဉာဏ်တော့ မရှိရှာပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဟာ ဟုတ်တယ်ဘုရား တပည့်တော်တို့က အဲဒီလောက်ထိ မမြင်မိပါဘုရား။

အေး . . . မင်း သဘောပေါက်ရင် ပြီးတာပါပဲ။ ဒါဟာ မင်းကပြောပါဆိုလို့ ပြောရတာ၊ စာရေးဆရာကိုတော့ လေးစားပါတယ်၊ စာအုပ်ကလေးထဲမှာ တခြား အသိတိုးတာတွေလည်း အများကြီးပါပါတယ်”

အခုပြောတဲ့ ပြုတင်းပေါက် ဇာတ်လမ်းက နိုင်ငံခြားက ပညာရှိဆိုသူတွေရဲ့အမြင်ဟာ အကောင်းမြင်တစ်ခုပဲ၊ အမှန်မြင်တွေ မပါဘူး။ တကယ်အမှန်မြင်တဲ့ မြတ်ဗုဒ္ဓအမြင်ကို သိထားသူတွေကတော့ ဆားမပါတဲ့ ချဉ်ရည်ဟင်း သောက်ရသလို ဖြစ်ကုန်တာပေါ့။

“မှန်လှပါဘုရား၊ ဒီလိုဆိုရင် အကောင်းမြင်ထက် အမှန်မြင်က ပိုကောင်းတာပေါ့နော်”

ဟုတ်ပါတယ်၊ အကောင်းမြင်ရုံနဲ့ အမှန်မမြင်တတ်သေးဘူး၊ အမှန်အတိုင်းမြင်တတ်ရင် မကောင်းလည်းသိ၊ ကောင်းလည်းသိ၊ အမှားလည်းသိ၊ အမှန်လည်းသိ၊ အားလုံးသိပြီပေါ့။

www.burmeseclassic.com

www.burmeseclassic.com



အားလုံးအမှန်မြင်ကြရင် ကောင်းကြတာပေါ့။
ဟုတ်ပါတယ်ဘုရား။

တရားတမန်၊ အများထံ အမှန်ရောက်စေသော်။

ဓမ္မဒူတ - မောင်စစ်ကိုင်း

ရတနာတံခွန်

www.burmeseclassic.com

www.burmeseclassic.com



# မီဇဝါသနာစရိုက် (၁)

ဓမ္မဒူတ – မောင်စစ်ကိုင်း

အပြစ်ဟူသည် ပြောဆိုအပ်, ပြောဆိုထိုက်, ပြောဆိုသင့်သောကြောင့် အပြစ်ဟု ခေါ်ပါသည်။

အပြစ်ပြောခြင်းကို ပညာရှိ သူတော်ကောင်းတွေလည်း ပြုကြပါသည်။ ပညာဉာဏ် အဆင်အခြင်မဲ့သူတွေလည်း ပြောကြပါသည်။ အပြစ်ကို ပြောဆိုပုံချင်း သဘောတရား တူညီသော်လည်း ရှုမြင်ပုံမတူ၊ နှလုံးသွင်းမတူ၊ ရည်ရွယ်ချက်မတူ ဖြစ်နေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်ပေသည်။

ပညာရှိသူတို့ အပြစ်ပြောခြင်းကား သူတစ်ပါးအပြစ်ကိုရှု၍ ပြောဆိုခြင်းထက် မိမိအပြစ်ကို ရှုကြည့်၍ ပြောဆိုတတ်၏။ ပညာမဲ့သူတို့ကား မိမိအပြစ်ကို လျစ်လျူရှု မကြည့်မြင်ဘဲလျက် သူတစ်ပါးတို့၏ အပြစ်ကိုသာ ပြောဆိုတတ်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ သူတစ်ပါး၏အပြစ်ကို ပြောဆိုရမည်ဆိုငြားအံ့။ ပညာရှိတို့သည် ကောင်းကျိုးကို ရရှိစေရန် မျှော်ကိုး၍ ပြောဆိုကြ၏။ မေတ္တာ, ကရုဏာတို့ ဦးစီးလျက် ပြောဆိုကြ၏။

ပညာမဲ့သူတို့သည်ကား ပျက်စီးရာ ပျက်စီးကြောင်းကို မျှော်ကိုး၍ ပြောဆိုတတ်ကြ၏။ လောဘ, ဒေါသ, ဣဿာ, မစ္ဆရိယတို့ ဦးဆောင်လျက် ပြောဆိုတတ်ကြ၏။

သူတစ်ပါး၏ အပြစ်ကို ရှုမြင်၍ ပြောဆိုကြရာဝယ် ပညာရှိတို့သည် ပုဂ္ဂလဂရဟိတ-ပုဂ္ဂိုလ်ရှုတ်ချမှု မပြုမူ၍၊ ပါပဂရဟိတာ-ထိုသူ၏သန္တာန်၌ဖြစ်ပေါ်နေသော မသိမှု မောဟ, အလိုမကျမှု ဒေါသ, လိုချင် တပ်မက်လွန်မှု လောဘ အစရှိကုန်သော ကိလေသာပါပ အကုသိုလ်အမှုတို့ကို ကဲ့ရဲ့ကြကုန်၏။

ထို ကိလေသာပါပတို့ကြောင့် အကုသိုလ် ဖြစ်ရသည့်အတွက် မိမိသန္တာန်၌ ကိလေသာပါပတို့ နည်းပါးကုန်ဆုံးသွားလိုသော ဆန္ဒတွေ ရှိကြကုန်၏။ ပညာမဲ့သူတို့ကား ပုဂ္ဂိုလ်ကိုသာလျှင် အားရပါးရ ကဲ့ရဲ့ရှုတ်ချ အပြစ်ပြောဆိုကြကုန်၏။ ကိလေသာ

www.burmeseclassic.com

www.burmeseclassic.com



ပါပကို မမြင်နိုင်ကြကုန်၊ မရှုမြင်နိုင်၊ သတိမထားနိုင်သဖြင့် မိမိသန္တာန်အတွင်းသို့ ကိလေသာပါပတို့ ဝင်ရောက်အုပ်စိုးမှုကို ခံကြရကုန်၏။ ယင်းတို့၏ စေခိုင်းရာကို ခံကြရကုန်၏။ ယင်း ကိလေသာ ပါပ လောဘ, ဒေါသ, မောဟတို့ကြောင့်ပင် သူတစ်ပါး အပြစ်ကို ပြောဆိုတတ်ကြ၏။

မိမိတို့၏ တောင်စွန်း၊ မမ္ဗဒူတ တောရကျောင်းသည်ကား ပရိယတ္တိ အဓိကနှင့် ပဋိပတ္တိ တွဲဖက်လျက် သာသနာ့တာဝန် ထမ်းရွက်နေသော တောရကျောင်း ဖြစ်ပေသည်။ ကျောင်းသားငယ်များ ရှိကြသည်၊ သာမဏေ ရဟန်းငယ်တို့ ရာကျော်ရှိကြသည်။ ဒကာ၊ ဒကာမတို့နှင့်လည်း ရောပြွန်း ဆက်ဆံနေရသည်။

မိမိ၏ နှုတ်ဖျားမှ နေ့တစ်ဓူဝ ကိစ္စတွေကို ဆောင်ရွက်၍ အပြစ်တွေ ပြောနေရသည်။ ဆိုနေရသည်။ အပြစ်မပြောလို၍ ပါးစပ်ပိတ်နေပါက မိမိ ထမ်းရွက်ရသော သာသနာ့တာဝန် ပယ်ချထားရမလို ဖြစ်နေပေသည်။ ဒကာ, ဒကာမများ ယင်းတို့၏ သားသမီးများကို ဆိုဆုံးမသည့် လုပ်ငန်းကိုလည်း ရင်ငုံ နှုတ်ပိတ်နေရမလို ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အရှင်ဘုရား၊ တပည့်တော်တို့ရဲ့သားလေး ဆိုးလွန်းလို့ ကျောင်းခေါ်လာပါတယ်ဘုရား။ အရှင်ဘုရားကို တပည့်တော်တို့ အပ်နှံပါတယ်ဘုရား၊ ဆိုဆုံးမပေးတော်မူပါဘုရား"

မိမိတို့ရဲ့ ဆရာရင်း ဒကာရင်း ကျောင်းအမကြီးက ၁၄, ၅-နှစ်အရွယ် သူ၏သားကို မိမိရှေ့မှောက်သို့ ခေါ်လာလျက် ဤစကားကို လျှောက်ထားခြင်းဖြစ်ပေသည်။

"ဒကာမကြီးရဲ့သားက ဘယ်လို ဆိုးတာလဲ ပြောပြဦးမှပေါ့။ အကြောင်းစုံကို သိရင် ပိုကောင်းတာပေါ့"

"မှန်လှပါ . . . ဘုရား၊ တပည့်တော်ရဲ့သားက ကျောင်းထားပါလျက်နဲ့ ကျောင်းမတက်, စာမကျက်၊ အိမ်မှာလဲ ဘာအလုပ်မျှ အိမ်အလုပ်တွေကို မလုပ်၊ ငယ်ငယ်ရွယ်ရွယ်နဲ့ ဆေးလိပ်သောက်, ကွမ်းစား၊ အားအားရှိတိုင်း လက်ဖက်ရည်ဆိုင်ထိုင်၊ ည ညဆိုလဲ ညဉ့်နက်သန်းခေါင်ပြန်လာ၊ အို . . . အမျိုးကို စုံအောင် ဆိုးပါတယ်ဘုရား။ သူ့အစ်ကိုတွေ, အစ်မ

www.burmeseclassic.com

www.burmeseclassic.com



တွေရဲ့စကားလဲ နားမထောင်၊ ဆိုးတာမှ လက်ကုန် ဆိုးပါတယ်ဘုရား”

“ ဒကာမကြီး၊ လူတစ်ယောက် အခု သားတစ်ယောက်ကို ကိုယ်အလိုကျမဖြစ်လို့, ပြောမရလို့ ဆိုးတယ်လို့ဖြင့် မပြောပါနဲ့၊ ဦးပဥ္စင်းတို့ အာဇာနည်မြင်းဆိုတာ လောကမှာရှိတယ်၊ သူ အရွယ်ရောက်တဲ့အခါ မြင်းစီးသမားတွေ အမျိုးမျိုးက သူ့ကို စီးကြတယ်, နှင်ကြတယ်, အလိုရှိရာ မောင်းကြတယ်။ အာဇာနည်မြင်းဆိုတော့ တော်ရုံတန်ရုံ မြင်းစီးသမားကို ဇက်ကိုင် စီးနှင်ခွင့် မပေးပါဘူး။ အားလုံးကို ခါတွက်ချတယ်၊ ခွာနဲ့ပေါက်တယ်။ ဒါကို ဆိုးတယ်လို့ မခေါ်ပါဘူး။ တကယ့် အာဇာနည် သူ့ရဲကောင်း မြင်းစီးသမားနဲ့ တွေ့ဆုံတော့ ကြိုက်သလိုစီး, ဇက်ကိုင်ပြီး လိုသလိုခိုင်း၊ အားလုံးရတယ်။ စစ်ပွဲတိုင်းကိုလဲ အောင်မြင်တယ်။ အလှပြစီးရင်လဲ ယဉ်ကျေးသိမ်မွေ့တယ်။ ဒါက အာဇာနည်မြင်းတွေရဲ့ သဘော၊ အခု ဒကာမကြီးရဲ့သားက အာဇာနည်မြင်းလို ပုဂ္ဂိုလ်ဖြစ်နေလို့ နေမှာပါ”

www.burmeseclassic.com

www.burmeseclassic.com



"အရှင်ဘုရားက [ရွှေ့နေဆောင်မှ ထောင်ကျ] ဆိုသလို သားကဆိုးလွန်းလို့ ခေါ်လာခဲ့ပါမှ မြှောက်ကြွကြွဖြစ်အောင် မြှောက်ပြောနေပြန်ပါပြီ ဘုရား၊ ဒီလိုဆိုရင်လဲ တပည့်တော်မရဲ့ အာဇာနည် မြင်းလေးကို အရှင်ဘုရားကိုယ်တိုင်ပဲ ဇက်ကိုင်ပြီး ယဉ်ကျေးအောင် သင်ပေးတော်မူပါ ဘုရား"

"ဟုတ်ပါပြီ . . . သင်ပေးပါမယ်။ ဒါပေမယ့် ဒီကလေး ဆိုးတယ်လို့ ပြောနေတာ၊ ဟုတ်သည် မဟုတ်သည်ကို ဒကာမကြီးကိုပဲ မေးရဦးမယ်"

"မေးတာကိုတော့ ဖြေပါ့မယ်ဘုရား။ ဒါပေမယ့် စစ်ဆေးရမှာက တပည့်တော်မရဲ့သားကို မဟုတ်လားဘုရား"

" ဒကာမကြီးကိုပဲ မေးရမှာပါပေ၊ ကဲ . . . ဒီကလေး ဆိုးတယ်, ဆိုးတယ်လို့ ပြောတာ၊ ကလေးက ဆိုးတာလား, အကျင့်က ဆိုးတာလား"

'အကျင့်က ဆိုးတာပါဘုရား၊ ကလေးကတော့ ဘယ်ဆိုးမလဲ ဘုရား၊ တပည့်တော်သားအကြောင်း တပည့်တော် သိပါတယ် ဘုရား'

www.burmeseclassic.com

www.burmeseclassic.com



'ဟော . . တစ်မျိုး ဖြစ်သွားပြီး၊ ကလေးမဆိုးတာ သေချာသွားပြီနော်၊ အကျင့်ဆိုးတာတဲ့၊ နောက်ထပ် မေးခွန်းမေးဦးမယ်'

'မှန်လှပါ . . . ဘုရား၊ တပည့်တော်ဖြေပါဦးမယ် ဘုရား'

'အကျင့်ဆိုးတယ်ဆိုတာ ဗီဇအကျင့် ဆိုးတာလား၊ ဝါသနာအကျင့် ဆိုးတာလား၊ စရိုက်အကျင့် ဆိုးတာလား၊ ဘယ်အကျင့်ဆိုးတာလဲ သေသေချာချာ အဖြေပေးပါဦး'

'ဗီဇ - ဝါသနာ - စရိုက် ဆိုတာ အကျင့်အတူတူပဲ မဟုတ်လား ဘုရား'

'တူတော့ တူတယ်၊ မတူဘူး ဒကာမကြီး'

'အရှင်ဘုရား ဖြေပြမှပဲ ပိုရှုပ်သွားတော့တယ်။ တပည့်တော်တို့ နားလည်အောင် ရှင်းပြပေးပါဦး ဘုရား'

'တူတယ် ဆိုတာက အများပြောအနေနဲ့ တူတယ်လို့ ထင်ကြလို့၊ အကျင့်ဆိုတဲ့ စကားလုံး အသုံးအနေနဲ့ တူတာကို ပြောတာပါ။ ထကယ်တမ်း

www.burmeseclassic.com

www.burmeseclassic.com



ကျတော့ တစ်ခုချင်း ရှင်းပြရရင် ‘ဗီဇ’ ဆိုတာ ‘မျိုးစေ့’ ဟူ၍ အဓိပ္ပါယ်ရတယ်။ ဆိုကြပါဆို့ - သရက်ပင်ဖြစ်လာတာ သရက်မျိုးစေ့ကြောင့်, စပါးပင် ဖြစ်လာတာ စပါးမျိုးစေ့ကြောင့်, မြေပဲပင် ဖြစ်လာတာ မြေပဲမျိုးစေ့ကြောင့်လို့ သဘောပေါက်ထားရင် မျိုးစေ့အရင်းအမြစ်ကို အရေးကြီးတယ်လို့ ထပ်ပြီး သဘောပေါက်ရမယ်’

‘သစ်ပင်တွေအတွက်တော့ မျိုးစေ့မရှိ မဖြစ်ဘူးဆိုတာ သဘောပေါက်ထားပါတယ် ဘုရား’

‘ကဲ . . . ဟုတ်ပြီ၊ ဒီလိုပဲ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, လူ, နတ်, ဗြဟ္မာ ခန္ဓာတွေရဲ့ မျိုးစေ့တွေလဲ ရှိတာပါပဲ၊ အဲဒီမျိုးစေ့တွေက ကမ္မဗီဇ, ကံမျိုးစေ့ တွေလေ’

‘ဒါဖြင့် တပည့်တော်တို့ ကံတွေ ပြုပြောကြံနေတာတွေက ဘဝထပ်ဖြစ်နိုင်သေးတာပေါ့’

‘ကံကို ဉာဏ်မယှဉ်နိုင်သေးသမျှ ဖြစ်ဦးမှာပေါ့၊ ကံမျိုးစေ့ကလဲ ကုသိုလ်ကံ မျိုးစေ့, အကုသိုလ်ကံမျိုးစေ့လို့ နှစ်မျိုးရှိတယ်လေ။ လူဖြစ်ချင်ရင် လူမျိုးစေ့ကုသိုလ်ကံပြုရတယ်။ အကုသိုလ်ကံ မျိုးစေ့တွေ

www.burmeseclassic.com

www.burmeseclassic.com



စိုက်ရင် အပါယ်ခန္ဓာတွေ ဖြစ်လာမှာပဲ။ ဒါကစိုက်တဲ့ မျိုးစေ့အတိုင်း အပင်ပေါက်သလို ကုသိုလ်မျိုးစေ့, ကုသိုလ်ခန္ဓာ၊ အကုသိုလ်မျိုးစေ့ အကုသိုလ်ခန္ဓာ ဖြစ်လာရတာပေါ့'

'မှန်လှပါ ဘုရား၊ အဲဒီကုသိုလ်, အကုသိုလ်ကံ တွေက အရင် အတိတ်ကံလား၊ အခု ပစ္စုပ္ပန်ကံ တွေလား၊ ဘယ်ကံတွေပါလဲ ဘုရား'

'အခုရထားတဲ့ ခန္ဓာဟာ အတိတ်ကံ မျိုးစေ့ ကြောင့် ဖြစ်လာတာလေ။ သရက်ပင်ကြီး တစ်ခုလုံး အတွက် သရက်မျိုးစေ့ တစ်စေ့ကြောင့် ဖြစ်လာရသလို ခန္ဓာတစ်ခုအတွက် အတိတ်ကံမျိုးစေ့ တစ်ခုကြောင့် ပါပဲ။ အခု ပစ္စုပ္ပန်ကံတွေက နောက်ထပ် ခန္ဓာတွေ အတွက်ပေါ့၊ နောက်ခန္ဓာမျိုးစေ့ တွေပေါ့ . . .

'တဲ . . . ဒကာမကြီးကို မေးရဦးမယ်၊ ဒကာမ ကြီးရဲ့သားက ဗီဇကောင်းလား, မကောင်းဘူးလား'

'အရှင်ဘုရား အမိန့်ရှိထားသလိုဆိုရင် လူဖြစ် နေမှတော့ လူဖြစ်စေတဲ့ ကံမျိုးစေ့ ကုသိုလ်ကြောင့် ဖြစ်လို့ ဗီဇကောင်းပါတယ် ဘုရား'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပြီ၊ ဒါဖြင့် သူက ဗီဇအကျင့် မဆိုးဘူးလို့ မှတ်ထားရမယ်နော်'

'မှန်လှပါ ဘုရား'

'ဒါဖြင့် ဝါသနာအကျင့်ကို ဆက်ကြစို့၊ ဝါသနာ ဆိုတာ ထပ်ကာထပ်ကာ ပြုတာ, ပြောတာ, ကြံစည် တာကို ခေါ်တယ်'

'မှန်လှပါ ဘုရား၊ ထပ်ကာထပ်ကာ လုပ်တာ ဝါသနာလို့ မှတ်ထားရမှာပေါ့နော် ဘုရား'

'ဟုတ်တယ်လေ၊ ဝါသနာဆိုတာ ကိလေသာရဲ့ သတ္တိအရှိန်တွေကို ခေါ်တယ်လို့ ဆိုထားပါတယ်၊ ဝါသနာကို ဘုရားရှင်သာ ကိလေသာနဲ့တကွ ဖယ် တော်မူနိုင်တယ်၊ အရှင်သာရိပုတ္တရာ အစရှိတဲ့ ပုဂ္ဂိုလ် များက ဝါသနာကို ပယ်တော်မမူနိုင်ကြဘူး'

'ဟုတ်တယ်၊ ဝါသနာဆိုတာ ကုသိုလ်ဝါသနာ, အကုသိုလ်ဝါသနာ၊ ကုသိုလ်လဲမဟုတ်, အကုသိုလ်လဲ မဟုတ်တဲ့ ဝါသနာလို့ သုံးမျိုးရှိတယ်'

'ဒကာမကြီးရဲ့သား ဝါသနာက ဆေးလိပ် သောက်တယ် ဆိုပါစို့၊ မွေးကတည်းက ဆေးလိပ် သောက်တဲ့ဝါသနာပါလာသလား'

www.burmeseclassic.com

www.burmeseclassic.com



'မပါလာပါ ဘုရား'

'ဟုတ်ပြီ၊ စ,သောက်တော့ တစ်ဖွာ တစ်ရှိုက်၊ နောက် တစ်ဝက်, တစ်လိပ်, တစ်စည်းကနေ နောက်တော့ ထပ်ကာထပ်ကာ သောက်လာတော့ ဝါသနာအကျင့် ဖြစ်လာပြီး ဖားဖိုဆွဲသလို အမြဲတမ်း သောက်တော့တာပေါ့ . . .

'ဒီလိုဖြစ်လာတာ တစ်ဖွာ တစ်ရှိုက်က စ,တာပဲ။ ဒါကလဲ မိဘတွေက ဆေးလိပ် မီးညှိခိုင်း၊ နည်းနည်းဖွာကြည့်, နည်းနည်းဖွာကြည့်ကနေ စဖြစ်တော့ တကယ့် တရားခံ လူဆိုးက ဘယ်သူလဲ'

'ဦးပဥ္စင်းပြောမှပဲ သူ့အဖေ ဆေးလိပ် မီးညှိခိုင်းတာ ပြန်ပေါ်လာတော့တယ်'

'အေး . . . ဟုတ်တယ်၊ အရက်သောက်တတ်တဲ့ ဝါသနာလဲ ဒီလို တစ်ငုံ, တစ်ခွက်, တစ်ဖလားကနေ ပေပါကိုင်းတပ်တဲ့ အဆင့်ထိ ရောက်ရတာ။ ဒါလဲ မိဘဆွေမျိုး ပတ်ဝန်းကျင်က တွန်းပို့တာကြောင့်ပဲ'

'လက်ဖက်ရည်ဆိုင် ထိုင်တာကလဲ မွေးကတည်းက ဘယ်သူ သောက်တတ်မှာလဲ။ အမေက

www.burmeseclassic.com

www.burmeseclassic.com



ဝယ်ခိုင်း, အဖေက ဝယ်ခိုင်း၊ အပျင်းပြေသောက်ရာကနေ ဖြစ်လာတာပေါ့၊ သေချာ စဉ်းစားကြည့်ရင် ဘယ်သူ့ အပြစ်လဲဆိုတာ သိရောပေါ့'

'တပည့်တော်က သားဆိုးလို့ လာအပ်တာ၊ အရှင်ဘုရားနဲ့တွေ့မှ တပည့်တော် လက်ဖက်ရည် ကြိုက်တာတွေပါ ပေါ်ကုန်တော့မှာပဲ ဘုရား'

'အပြစ်ကို အကြောင်းရင်း ရှာရမယ်၊ ဆန်းစစ်ရမယ်၊ ဒကာမကြီးရဲ့သားကို လက်ဖက်ရည်ဆိုင် ထိုင်ခွင့်ပြုပါ။ ဒါပေမယ့် စည်းကမ်းသတ်မှတ်ရမယ်၊ ဆိုင်တစ်ခါ ထိုင်မယ်ဆိုရင် အိမ်မှာရှိတဲ့ သုံးရေ, သောက်ရေ, မျက်နှာသစ်ရေ, ဘုရားသောက်တော်ရေ အားလုံး ရေတွင်းထဲက ခပ်ပြီး ဖြည့်ပြီးမှ သွားရမယ်လို့ စည်းကမ်းထားရမယ်'

'ကောင်းပါတယ် . . . ဘုရား၊ ကောင်းပါတယ်'

'ဟုတ်ပြီ၊ နောက်တစ်ခု ကွမ်းလဲ စားပါစေ, ဆေးလိပ်လဲ သောက်ပါစေ၊ ကွမ်း တစ်ယာ မစားမီ, ဆေးလိပ်တစ်လိပ် မသောက်မီ ဘုရားတစ်ခါ ရှိခိုးခိုင်း၊ ပြီးမှ စားခိုင်း, သောက်ခိုင်းပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'ကောင်းလိုက်တာပါဘုရား၊ သူ့အကြိုက်လဲ မတား, ကုသိုလ်လဲရ ဖြစ်တာပေါ့၊ ဒါပေမယ့် ဘုရား ရှိခိုးရ များလွန်းလို့ ကွမ်း, ဆေးလိပ်တွေ ပြတ်သွား မှာပေါ့ ဘုရား'

'ပြတ်သွားမှာပေါ့၊ ဝါသနာဆိုတာ ပယ်နိုင်တာမှ မဟုတ်ဘဲ၊ ပြောင်းယူရတယ်၊ အကုသိုလ်ဝါသနာတွေ များလို့ အများက ဆိုးတယ်။ အပြောခံရသူတွေ၊ စီးပွား ဆုတ်ယုတ်သူတွေ၊ စာမေးပွဲ ကျနေသူတွေက ကုသိုလ် ဝါသနာ ကောင်းတဲ့ဝါသနာတွေကို ပြောင်းယူရမယ်'

'အရှင်ဘုရား ပြောပြလို့ ဝါသနာကို ပြောင်းယူ ရတာ သဘောပေါက်ပါတယ် ဘုရား၊ ဒီလိုဆိုရင် ဘယ်အကျင့်ကိုပဲ ဖြစ်ဖြစ် ပြောင်းပစ်ရမှာပါလား ဘုရား'

'အားလုံးကိုတော့ ဒီလို မှတ်မထားနဲ့ဦး၊ အကျင့် ဆိုတာ ဗီဇ, ဝါသနာ, စရိုက် သုံးမျိုးလို့ ပြောခဲ့ တယ်လေ။ ကောင်းတာ မကောင်းတာ ရှိလေတော့ ကောင်းတဲ့ဗီဇကို အသိတရားနဲ့ မျိုးစေ့တို့ကို ရွေး စိုက်ရတယ်။ မကောင်းတဲ့ ဝါသနာကို ကောင်းတဲ့

www.burmeseclassic.com

www.burmeseclassic.com



ဝါသနာနဲ့ တဖြည်းဖြည်း ထပ်ကာထပ်ကာ လုပ်ရင်း ပြောင်းလဲ ယူရတယ်။ မကောင်းတဲ့စရိုက် အကျင့် ကိုတော့ အပြီးအပြတ် ပယ်သတ်ယူရတယ်'

'စရိုက်က ဘယ်နှစ်မျိုးရှိပြီး၊ ဘယ်လို ပယ် သတ်ပစ်ရမှာပါလဲ ဘုရား'

'ဪ . . . ဟုတ်ပြီ၊ စာဝါအချိန်ရောက်ပြီမို့ စာဝါတွေ ပြီးချိန်မှပဲ စရိုက်အကျင့်အကြောင်း ဆက်ပြောပြမယ်လေ၊ ခဏစောင့်ဦးပေါ့'

'မှန်လှပါ ဘုရား'

တရားတမန် အများထံ အမှန်ရောက်စေသော်။

အရှင်ဆေကိန္ဒ



www.burmeseclassic.com

www.burmeseclassic.com



# ဗိဇ္ဇ ဝါသနာ စရိုက် (၂)

စမ္မဒူတ မောင်စစ်ကိုင်း

စရိုက်ဟူသည် စရိတ၊ စရိယ ပါဠိဝေါဟာရမှ ပြောင်းလဲလာရသော ပါဠိသက်ဝေါဟာရ ဖြစ်ပေသည်။ စရိုက်ကား အကုသိုလ်စရိုက်သုံးပါး၊ ကုသိုလ်စရိုက်သုံးပါး ဟူ၍ ခြောက်ပါးရှိလေသည်။ လောဘစရိုက်၊ ဒေါသစရိုက်၊ မောဟစရိုက်ဟူ၍ အကုသိုလ်စရိုက် သုံးပါးသာရှိသော်လည်း ပုဂ္ဂိုလ်သတ္တဝါတစ်ဦးတစ်ယောက်အတွက်ကား

၁။ ရာဂစရိုက်

၂။ ဒေါသစရိုက်

၃။ မောဟစရိုက်

၄။ ရာဂဒေါသစရိုက်

၅။ ရာဂမောဟစရိုက်

www.burmeseclassic.com

www.burmeseclassic.com



၆။ ဒေါသမောဟစရိုက်

၇။ ရာဂဒေါသမောဟစရိုက်

အားဖြင့် ခုနစ်မျိုး ရှိနိုင်ပေသည်။ စရိုက်ဟု ဆိုလျှင် သူတကာတို့ ဖြစ်နေကျထက် လွန်ကဲပိုမို၍ အဖြစ်များခြင်းကို ခေါ်ပေသည်။ ရာဂစရိုက်ရှိသူသည် ဒေါသဖြစ်စရာအာရုံ၊ မောဟ တွေဝေစရာ အာရုံတို့နှင့် တွေ့ဆုံလျှင် ဒေါသ၊ မောဟ ဖြစ်မှု မသိသာသော်လည်း လောဘဖြစ်စရာ အာရုံနှင့် ကြုံတွေ့ရလျှင် သိသာထင်ရှား လွန်လွန်ကဲကဲ မရဘဲ မနေနိုင်အောင် ဖြစ်နေတတ်လေသည်။ ထိုကဲ့သို့သော သဘောမျိုးကို ရာဂစရိုက်ရှိသည်။ ရာဂစရိုက်အား ကောင်းသည်ဟု သတ်မှတ်ရပေသည်။ ဒေါသစရိုက်၊ မောဟစရိုက်ရှိသူတို့လည်း ထိုနည်းအတူ လွန်လွန် ကဲကဲ ဖြစ်တတ်ပေသည်။ မကောင်းသည့်စရိုက်တို့ ရှိကြသကဲ့သို့ ကောင်းသောကုသိုလ် စရိုက်လဲ သုံးမျိုး ရှိပါသည်။

သဒ္ဓါစရိုက်၊ ပညာ (ဗုဒ္ဓိ) စရိုက်၊ ဝိတက်စရိုက် ဟူ၍ သုံးမျိုးပင်ရှိသော်လည်း ပုဂ္ဂိုလ်သတ္တဝါတို့၏ သန္တာန်၌ ဖြစ်တတ်ပုံကား အကုသိုလ်စရိုက်သုံးပါး

www.burmeseclassic.com

www.burmeseclassic.com



ခုနစ်မျိုးရှိသွားသကဲ့သို့ ကုသိုလ်စရိုက်သုံးပါးလည်း ခုနစ်မျိုး ကွဲပြားရပြန်သည်။

"အရှင်ဘုရား စရိုက်အကြောင်း ပြောပါဦး ဘုရား။ တပည့်တော်သိချင်လွန်းလို့ အရှင်ဘုရားရဲ့ စာဝါပြီးချိန်အထိ စောင့်နေပါတယ်ဘုရား"

"ဟုတ်တယ်လေ မိမိရဲ့ သားတွေ သမီးတွေမှာ ကုသိုလ်ကံဗီဇက ကောင်းပြီးသားပါ၊ ဝါသနာအကျင့် ကောင်းဖို့အတွက်သာ ဘုရားရှိခိုး၊ မိဘဆရာသမား ရိုသေ ဝေယျာဝစ္စလုပ်၊ စာကြိုးစား၊ အပျော်အပါးတွေ လျှော့ပြီး ဝါသနာကို ကောင်းအောင် ထပ်ကာထပ်ကာ တိုးတိုးပြီး လုပ်ခိုင်းရမယ်လေ"

BURMESE CLASSIC

"သဘောပေါက်ပါပြီဘုရား၊ စရိုက်တစ်ခုသာ တပည့်တော်နားလည်အောင် အမိန့်ရှိပါဦးဘုရား"

"စရိုက်က ခြောက်မျိုး၊ အကုသိုလ်က သုံးမျိုး၊ ကုသိုလ်က သုံးမျိုး ရှိတယ်၊ လောဘ ဒေါသ မောဟ အကုသိုလ် မကောင်းတဲ့စရိုက်တွေကို နည်းပါးသွားအောင် ကျင့်ရင်းနဲ့ နောက်ဆုံး အကုသိုလ်စရိုက်တွေ ကုန်သွားစေရမယ်။ သဒ္ဓါ၊ ပညာ၊ ဝိတက်ဆိုတဲ့

www.burmeseclassic.com

www.burmeseclassic.com



ကောင်းတဲ့ကုသိုလ်စရိုက်တွေကိုတော့ တဖြည်းဖြည်း တိုးပွားများပြားလာအောင် ဆောင်ရွက်ပေးရမယ်လေ၊ စရိုက်နဲ့ ပတ်သက်လို့ကတော့ ကမ္မဋ္ဌာန်းတရားတွေ အားထုတ်မှ မကောင်းတဲ့စရိုက်တွေ လျော့ပါးကုန်သွားပြီး ကောင်းတဲ့စရိုက်တွေ တိုးပွားများပြား လာမယ်လေ"။

BURMESE CLASSIC

"ဒီလိုဆို ဘုရားရှင်က ကမ္မဋ္ဌာန်းပေးရင် သတ္တဝါတွေအကြိုက်စရိုက်ကို ကြည့်ပေးတာပေါ့နော်"

"ဟုတ်တာပေါ့ ဒကာမကြီးက ကမ္မဋ္ဌာန်းတစ်ခုတည်းကို မူကိုင်မထားပဲ စရိုက်လျော်စွာ ပေးတတ်တယ်လေ။ သမထကမ္မဋ္ဌာန်း တစ်မျိုးတည်းကပဲ နည်းလေးဆယ် ကွဲပြားသွားကြတယ်၊ ဝိပဿနာကမ္မဋ္ဌာန်းဆိုရင်လည်း ဒီလိုပဲ ထပ်ပြီး ကွဲပြားသေးတယ်လေ"

"သတ္တဝါတွေရဲ့ အဇ္ဈာသယ အလိုဆန္ဒစရိုက်တွေကို ဘုရားရှင်ကိုယ်တော်မြတ်ကြီးသာ ပိုင်းပိုင်းခြားခြား သိနိုင်တော်မူနိုင်တယ်။ အရှင်သာရိပုတ္တရာထေရ်သည်ပင် စရိုက်ကို အသေအချာ မသိမြင်

www.burmeseclassic.com

www.burmeseclassic.com



နိုင်တဲ့အတွက်ကြောင့် ကမ္မဋ္ဌာန်းအပေး လွဲခဲ့ဖူးသေးတယ်လေ”

“ဒီလိုဆိုရင် တရားစခန်းကို လာတဲ့ယောဂီတိုင်း ဒီတစ်နည်းနဲ့သာ အားထုတ်လို့ဆိုကြရင် အဆင်ပြေနိုင်ပါ့မလား ဘုရား”

“ဒီသဘောတွေက လေးနက်ပါတယ်လေ။ ထားခဲ့ကြပါဦးစို့၊ ကမ္မဋ္ဌာန်းအားထုတ်သူတိုင်းက ဘယ်ကမ္မဋ္ဌာန်းက ဘယ်စရိုက်နဲ့ ကိုက်ညီသင့်လျော်တယ်ဆိုတာလောက်တော့ သိထားသင့်တာပေါ့။ သမထကမ္မဋ္ဌာန်း ဝိပဿနာကမ္မဋ္ဌာန်းနှစ်ပါးလုံးဟာ စရိုက်အားလျော်စွာ ကွဲပြားသွားကြသေးတယ်လေ”

“ကမ္မဋ္ဌာန်းတွေကို သေချာ မသိသေးပေမဲ့ တပည့်တော်မက လောဘကြီးပြီး လောဘစရိုက်ရှိတယ်နဲ့တူပါတယ် ဘုရား”

“သူများတွေရဲ့ စရိုက်တွေကို အကဲခတ်ရုံလောက်၊ ကိုယ်စရိုက်ကိုယ် သိရုံလောက်တော့ ခန့်မှန်းခြေနည်းတွေ ရှိပါတယ်”

“အဲဒီလိုဆိုရင် တပည့်တော်လည်း အကဲခတ်နည်းတွေ သိချင်တတ်ချင်ပါတယ်ဘုရား”

www.burmeseclassic.com

www.burmeseclassic.com



"ကဲဒီလိုဆိုရင် ဒကာမကြီးကို မေးကြည့်မယ်လေ။ ဒကာမကြီးထမင်းစားတဲ့အခါ ထမင်းလုတ်ကြီးကြီးနဲ့ အားရပါးရ စားသလား၊ ထမင်းလုပ်သေးသေးနဲ့ မြန်မြန်သွက်သွက် စားသလား"

"ဟာ အဲဒီလို မေးရင်တော့ တပည့်တော်ကိုစားတဲ့အခါမှာ သတိမထားမိပါဘုရားလို့ ဖြေရမှာပဲဘုရား"

"ကဲ ဒီလိုဆို မှတ်ထားပေါ့။ ထမင်းလုတ်ထဲ အချို့ အဆီအငန် ရသာစုံကြီးကြီး လုပ်ပြီး အားရပါးရစားရင် လောဘစရိုက်ကြီးတယ်။ ထမင်းလုတ်သေးသေးနဲ့ မြန်မြန်စားရင် ဒေါသစရိုက်ရှိတယ်။ ဒကာမကြီးလို ဘာမှန်းညာမှန်း မသိဘဲ စားတယ်ဆိုရင်တော့ ထမင်းစားတဲ့အခါမှာ မောဟကြီးပြီး မောဟစရိုက် ဖြစ်နေတယ်လေ"

"ဒီလိုဆိုရင်ဘုရား ထမင်းစားရင်း အကုသိုလ်တွေဖြစ်နေရောပေါ့၊ တပည့်တော်တို့က ကိုယ့်ထမင်းကိုယ်စားတာ ဘာအကုသိုလ်မှ မဖြစ်ဘူး ထင်နေကြတာပါဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ထမင်းကိုယ်စားပေမဲ့ ဘယ်သူ့မှ ဂရုမစိုက်ချင်နေနိုင်ပါတယ်။ ဒါပေမဲ့ အကုသိုလ် စရိုက်တွေကိုတော့ ဂရုစိုက်ဖို့သင့်တယ်လေ"

"ကဲနောက်တစ်မျိုး မေးမယ်၊ ဖြေကြည့်ဦးပေါ့။ ဒကာမကြီး လမ်းသွားတဲ့အခါမှာ ခြေဖျားထောက်အားသန်ပြီး ဖြည်းဖြည်းဆေးဆေး သွားသလား၊ ဖနောင့်အဖိအားသန်ပြီး ခပ်သွက်သွက်သွားသလား၊ ဒါမှမဟုတ် တစ်လကို ဖိနပ်နှစ်ရံ လောက်ကုန်အောင် သွားသလား၊ ကိုယ့်လမ်းသွားတာ ပြန်သတိထားပြီး အဖြေပေးလေ"

"တပည့်တော် မဖြေတတ်ပါဘုရား"

"ကဲ ဦးပဥ္ဇင်းပဲ အဖြေပေးပါ့မယ်။ ခြေဖျားထောက်ပြီး ဖြည်းဖြည်းသွားသူဟာ လောဘစရိုက်ရှိတတ်တယ်။ သူ့ခိုးတွေ ခိုးခါနီးသွားသလိုပေါ့၊ ဖနောင့်ဆောင့်ပြီး သွက်သွက်သွားတဲ့လူက ဒေါသစရိုက်ကြီးတယ်။ ဘိလူးတွေ ဖနောင့်ဆောင့်တတ်တာကို မမြင်ဘူးပေမဲ့ ဘီလူးတွေ ဒေါသကြီးတဲ့ပုံကိုဖော်ပြောရတာ၊ ဖိနပ်ပွတ်ပြီး ရှပ်တိုက်သွားတဲ့သူကတော့ မောဟစရိုက်ကြီးလွန်းတယ် ခေါ်တယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



"ဟာဒီလိုဆိုရင် လမ်းသွားရင်းလဲ အကုသိုလ်တွေ မလွတ်တမ်းလိုလို ဖြစ်နေကြတာပေါ့ ဘုရား"

"အကုသိုလ်အဖြစ်များနေကြတာပေါ့၊ စားရင်းသွားရင်း အခါတွေမှာ ဖြစ်သလိုပဲ အိပ်ခါနီးအချိန်တွေကိုလည်း ပြန်သတိထားကြည့်ပါဦး"

"တစ်ချို့က မိမိရဲ့ အိပ်ယာကို ခေါင်းအုံးကအပြာရောင် အခင်းလဲ အပြာရောင်၊ ခြင်ထောင်လဲ အပြာရောင်၊ ခေါင်းအုံးပေါ်တင်တဲ့ အဝတ်ပါးကလေးကလဲ အပြာရောင်၊ ဒီလိုအရောင်များ ညီအောင် လုပ်တတ်ကြတယ်။ အဝါရောင်ဆိုလဲ အဝါပေါ့၊ အနီဆိုလဲ အနီပေါ့။ အိပ်ယာဝင်တော့လည်း ခုတင်ပေါ် တင်ပါးလေး လွှဲထိုင် တဖြည်းဖြည်းစောင်းပြီး အသာအယာ ဖွဖွရွရွလေး အိပ်ချတတ်တယ်လေ။ အဲဒါလောဘစရိုက် အားကြီးသူတွေများ ဖြစ်တတ်ကြတာပေါ့"။

"တစ်ချို့တော့လဲ တစ်ညကလေး အိပ်ရတာပဲဆိုပြီး ဖြစ်ကတတ်ဆန်း အိပ်ယာခင်း ခေါင်းအုံးချပြီး ဝုန်းကနဲ မမည်ရုံတမည် ကိုယ်ကို ပစ်ချပြီးအိပ်တတ်ကြတယ်။ ဒါမျိုးက ဒေါသစရိုက်ကြီးသူတွေမှာ အဖြစ်များတာပေါ့။ တစ်ချို့ကျတော့လဲ

www.burmeseclassic.com

www.burmeseclassic.com



အိပ်ချင်မှုးတူး ဘာမသိ ညာမသိနဲ့ ဖြစ်သလို ပေါ့ပေါ့ ဆဆ အိပ်ယာဝင်တတ်ကြတဲ့ သူမျိုးတွေကျ မောဟ စရိုက် အားကြီးတယ်လို့ အကဲခတ်နိုင်တယ်"

"အမလေးဘုရား အရှင်ဘုရားပြောပုံဆိုရင် တပည့်တော်တို့ စားလိုက်, အိပ်လိုက်, သွားလိုက်နဲ့ သာမန်ဘာသိဘာသာ နေလို့ကတော့ အကုသိုလ် စရိုက်တွေ အမြဲအဖြစ် ခံနေရကြပြီပေါ့ ဘုရား။ ကုသိုလ်စရိုက်တွေကိုရော အကဲခတ်လို့ မရနိုင်ဘူး လား ဘုရား"

ကုသိုလ် သဒ္ဓါစရိုက်နဲ့ အကုသိုလ်လောဘ စရိုက်က ဣရိယာပုတ် ဟန်ပန်တွေ ဆင်တူတယ်။ ပညာစရိုက်နဲ့ ဒေါသစရိုက်၊ ဝိတက်စရိုက်နဲ့ မောဟ စရိုက်တို့က အသွင်အပြင် ဆင်တူတတ်ကြပါတယ်"

အသွင်အပြင်ပုံဟန်တွေ တူကြပေမဲ့ ဓမ္မပဝတ္တိ လို့ ခေါ်တဲ့ တရားစဉ်ဆက်ဖြစ်ပုံခြင်းကတော့ ဆီနဲ့ ရေလို ကွာခြားသွားကြတယ်။

"လောဘသမားက ပရိယာယ်မာယာများတယ်၊ ကောက်ကျစ်စဉ်းလဲတယ်၊ မာနကြီးတယ်၊ ဇော်ဘ ရမ္မက် အခိုးထွက်တယ်။ သဒ္ဓါသမားက ကြည်လင်

www.burmeseclassic.com

www.burmeseclassic.com



ရွှင်လန်း စွန့်ကြဲပေးကမ်းတယ်၊ ရတနာသုံးပါး ဆည်းကပ်ကိုးကွယ်တယ် မိဘဆရာသမားတို့ရဲ့ ဝေယျာဝစ္စတွေ ပြုလုပ်တာများတယ်။ ဒေါသသမားက သည်းမခံတတ်ဘူး၊ ဆဲဆိုငေါက်ငန်း ကြမ်းတမ်းစွာ ဆိုတတ်တယ်။ ရန်ငြိုးဖွဲ့တယ်။ ဣဿာ မစ္ဆရိယ ကြီးတယ်။ ကျေးဇူးတရား ချေဖျက်ပြီး ကျေးဇူးကန်းတတ်တယ်။ ပညာသမားက သည်းခံတယ်၊ ဆုံးမလွယ်တယ်၊ သတိသမ္ပဇဉ် ယှဉ်ပြီး အခုရော နောင်ပါကောင်းတာရအောင် လုံ့လဝီရိယ ကြိုးစားတယ်။ မောဟသမားက လုပ်ငန်းကိစ္စတွေမှာ မပြီးမပြတ်ပွေလီမ်ရှုတ်နေတတ်တယ်၊ အမြဲတမ်းသူများ နောက်လိုက်သာ ဖြစ်လေ့ရှိတယ်။ ဝိတက်သမားက ကောင်းတဲ့ဆန္ဒနဲ့ ကောင်းကျိုးရဖို့ ကြံစည်စိတ်ကူး စဉ်းစားနေတတ်တယ်လေ။

"ဒီမကောင်းတဲ့စရိုက်၊ ကောင်းတဲ့စရိုက်တွေက ဘာလို့ ဖြစ်လာရတာလဲ ဘုရား၊ ပတ်ဝန်းကျင်ကြောင့် ဖြစ်ရတာလား။ နောက်ပြီး စားရင်း၊ သွားရင်း၊ အိပ်ရင်း၊ နေရင်း အမြဲတမ်း မကောင်းတဲ့စရိုက်တွေ မဖြစ်ဘဲ၊ ကောင်းတဲ့စရိုက်တွေဖြစ်ဖို့ရော နည်းမရှိဘူးလား ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"ရှိတာပေါ့ ဒကာမကြီး၊ ဦးပဥ္စင်းတို့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက နည်းမျိုးစုံဖြင့် ကောင်းရာကို ညွှန်ပြတတ်တဲ့ နယဒေသက အတုမရှိ ဘုရားရှင် ပဲလေ။ ဒီနည်းတွေက သေသေချာချာ ပြောပြမှ နာကြားတဲ့ပုဂ္ဂိုလ်ကလည်း စိတ်နှလုံးသာယာ အေး ချမ်းစွာနဲ့ နာကြား၊ မှတ်သား။ နောက်ပြီး သိသမျှ တွေကို လိုက်နာကျင့်ကြံ အားထုတ်မှ ပိုကောင်း တယ်လေ"

"မှန်လှပါဘုရား၊ တပည့်တော်သိအောင် နာ ကြားပြီး မှတ်သားကျင့်ကြံနိုင်အောင် ကြိုးစားပါမယ် ဘုရား။ ဒါပေမဲ့ အခု တပည့်တော်မရဲ့ အိမ်မှာ ဧည့်သည်တွေ စောင့်နေကြသေးလို့ စိတ်မကြည်မသာ ဖြစ်နေကြပါတယ်ဘုရား။ နောက်ထပ် တစ်ခေါက် ပြန်ရောက်လာပြီး လျှောက်ထားပါရစေဘုရား။

"အင်း အင်း ကောင်းပါပြီ၊ ကောင်းပါပြီ"

တရားတမန် အများထံ အမှန်ရောက်စေသောဝ်။

ဓမ္မဒူတ - မောင်စစ်လှိုင်း

မြတ်ဆုမွန်-အတွဲ (၈) အမှတ် (၇)

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



# မီးဖုဝါသနာခရိုက် (၃)

ဓမ္မဒူတ – မောင်စစ်ကိုင်း

ဗုဒ္ဓသာသနာတော်မြတ်ကြီး၌ ဒါနလုပ်ငန်း၊ သီလလုပ်ငန်း၊ ဘာဝနာလုပ်ငန်းဟူ၍ လုပ်ငန်းကြီးသုံးမျိုးရှိ၏။ "ဒါနနှင့်သီလလုပ်ငန်းကြီးများကို ဆောင်ရွက်သူများအနေဖြင့် ဒါနလှူဒါန်းသူက များ၍ သီလဆောက်တည်သူက နည်းပါးလေ၏။ သီလဆောက်တည်သူထက် ဘာဝနာပွားများသူက ပို၍နည်းပါးလေသည်။ ဘာဝနာဟူသည် သမထဘာဝနာ၊ ဝိပဿနာဘာဝနာဟု နှစ်မျိုးရှိ၏။ တစ်နည်းအားဖြင့် သမထကမ္မဋ္ဌာန်း၊ ဝိပဿနာကမ္မဋ္ဌာန်းဟူ၍ နှစ်မျိုးရှိ၏။ သမထကမ္မဋ္ဌာန်းသည် ပွားများအားထုတ်နည်းအားဖြင့် နည်းလေးဆယ်ရှိလေသည်။ ကမ္မဋ္ဌာန်းသည် အလုံးစုံ၌ အလိုရှိအပ်သော သဗ္ဗတ္ထကကမ္မဋ္ဌာန်းနှင့် စရိုက်အားလျော်စွာ အလိုရှိအပ်သော ပါရိဟာရိယ

www.burmeseclassic.com

www.burmeseclassic.com



ကမ္မဋ္ဌာန်းဟူ၍ နှစ်မျိုးရှိကြ၏။ မေတ္တာကမ္မဋ္ဌာန်း၊ မရဏာဿတိ၊ အသုဘသညာတို့ကို သဗ္ဗတ္ထကကမ္မဋ္ဌာန်းဟု ခေါ်သည်။ စရိုက်အားလျော်သောအားဖြင့် ရာဂစရိုက်ရှိသူအား အသုဘဆယ်ပါး၊ ကာယာဂတာသတိ ပေါင်း တစ်ဆယ့်တစ်ပါးသည် သင့်လျော်၏။

ဗြဟ္မဝိဟာရလေးပါးနှင့် အဆင်းဝဏ္ဏကသိုဏ်းလေးမျိုးပေါင်း ရှစ်မျိုးသည် ဒေါသစရိုက်ရှိသူအား သင့်လျော်၏။ မောဟစရိုက်၊ ဝိတက်စရိုက်သမားတို့အား အာနာပါနကမ္မဋ္ဌာန်းနှင့် သင့်လျော်၏။ သဒ္ဓါစရိုက်ရှိသူသည် ရှေ့အနုဿတိခြောက်ပါးနှင့် သင့်လျော်၏။ မရဏာနုဿတိ၊ ဥပသမာနုဿတိ၊ စတုဓာတုဝဝတ္ထာန်၊ အာဟာရေ ပဋိကူလသညာဟူသော ကမ္မဋ္ဌာန်းလေးမျိုးတို့သည် ဗုဒ္ဓိ-ပညာစရိုက်ရှိသူအား သင့်လျော်၏။ ကြွင်းသော ကသိုဏ်းနှင့် လေးပါးသော အာရုပ္ပတို့သည် အလုံးစုံသော စရိုက်ရှိသူတို့အား သင့်လျော်၏။

သမထကမ္မဋ္ဌာန်းကဲ့သို့ပင် ဝိပဿနာကမ္မဋ္ဌာန်းသည်လည်း သတိပဋ္ဌာန်လေးပါး ဟူ၍ အဓိက ရှိပြား၏။ ထိုသတိပဋ္ဌာန်လေးပါးကို စရိုက်သဘောမျိုး၊

www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်အား အနည်းအများအလိုက် ပိုင်းခြားနိုင်၏။ လောဘတဏှာ ရာဂစရိုက်များ၍ ဉာဏ်နည်းပါးသူအတွက် ကာယာနုပဿနာ သတိပဋ္ဌာန်နှင့် သင့်လျော်၏။ ရာဂစရိုက်ထူပြော၍ ဉာဏ်အားစွမ်းကောင်းသူသည် ဝေဒနာနုပဿနာ **သတိပဋ္ဌာန်ဖြင့် သင့်**လျော်၏။ ဒိဋ္ဌိသဘောလွန်ကဲ၍ ဉာဏ်အားနည်းသူအတွက် စိတ္တာနုပဿနာ သတိပဋ္ဌာန်ဖြင့် သင့်တော်၏။

"ဒိဋ္ဌိသဘောများပြား၍ ဉာဏ်အားကောင်းသူသည် ဓမ္မာနုပဿနာသတိပဋ္ဌာန်ဖြင့် သင့်တော်၏"

"အရှင်ဘုရား၊ တပည့်တော်ကို ဗိဇ္ဇဝါသနာစရိုက်တွေ ရှင်းပြပေးပြီး ကမ္မဋ္ဌာန်းတရားကို အားထုတ်တာ ရှင်းပြပေးပါဦးဘုရား။

"ဟုတ်ပေသားပဲ၊ သားဆိုးတယ်ဆိုပြီး လာအပ်ရာကနေ ဗီဇ ဝါသနာ၊ စရိုက်သဘောတွေ နားလည်သွားပြီးပဲ။ အခု ကမ္မဋ္ဌာန်းတရား အားထုတ်ပုံတွေ သိချင်လာတယ်ဆိုတော့ သားကလေးကဆိုးတယ်လို့ သတ်မှတ်ခံရတာကို **အမေအတွက် အမြတ်ပေါ့**"

www.burmeseclassic.com

www.burmeseclassic.com



"တပည့်တော်မအတွက်လဲ မြတ်ပါတယ်ဘုရား၊ သားလေးအတွက်လည်း မြတ်ပါတယ်ဘုရား။ အရှင်ဘုရားဟောပြတဲ့ ဗီဇ၊ ဝါသနာ၊ စရိုက်ထဲက ဝါသနာအကြောင်းကို နားလည်ပြီး အခုဆိုရင် သားလေးက ကောင်းတဲ့ဝါသနာတွေချည်း များများ လုပ်ပါတယ်ဘုရား။ နံနက်ည ဘုရားအချိန်မှန် ရှိခိုးလာတယ်။ မိဘတွေကို အိမ်မှုကိစ္စတွေ အကူအညီ ပေးလာတယ်။ သူ့ကျန်းမာရေးလဲ သူဂရုစိုက်လာပါတယ်ဘုရား။ မကောင်းတဲ့ ဝါသနာဖြစ်တဲ့ လဘက်ရည်ဆိုင်ထိုင်တာ လျော့လာပါတယ်ဘုရား။ ညအခါ ဂီတာတီးတာတော့ နည်းနည်းကျန်ပါသေးတယ်ဘုရား။

"ပြောပေး ဟောပေးတဲ့အထဲက ကောင်းတာကို ဆောင်၊ မကောင်းတာကို ရှောင်တယ်ဆိုရင် ပြောပေး ဟောပေးရကျိုးလဲ နပ်တာပေ့ါ။ နောက်ပြီး သူတော်ကောင်းစိတ်ဓာတ်လဲ ရှိတယ်လို့ ဆိုရမှာပေ့ါ"

"မှန်လှပါဘုရား၊ တပည့်တော်မကိုလဲ ဆက်ဟောပြောပေးပါဦးဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"ဒကာမကြီးကို ကမ္မဋ္ဌာန်းအကြောင်းအရင်းကို ပြောပြပါမယ်။ သေသေချာချာ အာရုံပြုပြီးတော့ နားထောင်ပါ။ နားမရှင်း နားမလည်တာရှိရင်လဲ ပြန်ပြီး မေးပေါ့"

"မှန်လှပါဘုရား"

"ကမ္မဋ္ဌာန်းဆိုတဲ့ စကားလုံးက ကမ္မ-ပာဠ်လုံး၊ ဋ္ဌာန - တစ်လုံးလို့ နှစ်လုံးခွဲပြီး မှတ်ထားပါ"

ကမ္မ - ဆိုတာ "အလုပ်" လုပ်တယ်လို့ အဓိပ္ပါယ်ရတယ်။ ဋ္ဌာန - ဆိုတာက "တည်ရာ" လို့ အဓိပ္ပါယ်ဖြစ်တယ်။ ဒီတော့ ကမ္မဋ္ဌာန်းကို အလုပ်၏တည်ရာလို့ ပထမ သိထားပါဦး။

"မှန်လှပါဘုရား၊ ကမ္မ-က အလုပ်လို့ ဆိုတော့ တရားအားထုတ်တာ တရားအလုပ်ကို ပြောတာ ပေါ့နော်"

ဒီလိုပြောရင်လဲ ဖြစ်ပါတယ်။ အဲဒီလို တရားကို အားထုတ်တဲ့အလုပ်တည်ရာဆိုရင် သစ်တစ်ပင်ရင်း၊ ဝါးတစ်ပင်အောက်၊ ဓမ္မာရုံ၊ ကမ္မဋ္ဌာန်းကျောင်းတွေလို့ အဓိပ္ပါယ်သွားရနိုင်တယ်။ ဒီအပိုင်းကို ခဏထားပါဦး"

www.burmeseclassic.com

www.burmeseclassic.com



အလုပ်ရဲ့တည်ရာဆိုတာက ဦးပဥ္စင်းတို့ ဗုဒ္ဓဘာသာမှာ ဒါနအလုပ်၊ သီလအလုပ်၊ ဘာဝနာအလုပ် သုံးမျိုးရှိပါတယ်။ ဒါနနှင့်သီလ အလုပ်ကိုတော့ ကာယကိုယ်နဲ့ ပြုကြတယ်။ ဝစီနှုတ်နဲ့ပြောတာကို စောင့်ထိန်းကြတယ်။ ဘာဝနာကမ္မဋ္ဌာန်းလုပ်ငန်းကိုတော့ စိတ်နဲ့သာ လုပ်ဆောင်ရမယ်။ ဒါကြောင့် ကမ္မ-အရ အလုပ်ဆိုတာဟာ ဘာအလုပ်လဲဆိုရင် စိတ်အလုပ်လို့ ခေါ်ပါတယ်။

"တပည့်တော် သဘောပေါက်လာပါပြီ ဘုရား၊ ဒီလိုဆိုရင် တရားအားထုတ်တာ စိတ်က အဓိကပေါ့။ ကိုယ်နဲ့နှုတ်က သာမညလို့ ဆိုရမှာပေါ့ဘုရား"

"ဟုတ်တယ်လေ၊ စိတ်က အဓိကပဲပေါ့"

"တရားအားထုတ်လို့ ငြိမ်ပြီး အထိုင်ကြာနေပေမဲ့ စိတ်က ဟိုရောက်ဒီရောက်၊ အိုးရောက် အိမ်ရောက် ကိုယ်ရောက်ဖူး၊ ပေါက်ဖူးတာတွေ တွေးနေတယ်ဆိုရင်ရောဘုရား။ အဲဒါကမ္မဋ္ဌာန်း ဖြစ်သလားဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"ဒကာမကြီးအမေးက တယ်ကောင်းပါလား၊ မိမိရဲ့စိတ်ကို ကိုယ်က အလုပ်ခိုင်းနေတာလား၊ သူ သွားချင်ရာ သွားနေတာလား"

"ကဲဒီလိုဆိုရင် ဈေးဆိုင်ရောင်းသူက ဈေးဆိုင် မသွားဘဲ ကိုယ်သွားချင်ရာ သွားနေရင် ကျောင်းတက် မဲ့ကျောင်းသူကျောင်းသားကလည်း ကျောင်းမတက်ဘဲ သွားချင်ရာသွားနေရင် ဒါမျိုးကို အလုပ်လုပ်တယ်လို့ ခေါ်မလား။ အလုပ်ရောဖြစ်ပါ့မလား"

"ဟာ ဟုတ်တယ်ဘုရား၊ အလုပ်လုပ်တယ်လဲ မခေါ်ပါဘုရား၊ အလုပ်လဲမဖြစ်ပါဘုရား။ ဒီလိုဆို လူ ကသာ ငြိမ်ပြီး စိတ်ကမငြိမ်ရင် ကမ္မဋ္ဌာန်းဘယ်ဖြစ် မလဲ ဘုရားနော်၊ တပည့်တော်ပြောတာ ဟုတ်လား ဘုရား"

"ဟုတ်ပါတယ် ဒကာမကြီး၊ သဘောပေါက် သလို တခြားသူတွေကိုလည်း နားလည်သဘောပေါက် စေချင်ပါတယ်"

ကမ္မအနေနဲ့ စိတ်အလုပ်၊ စိတ်ကအလုပ် မလုပ်ပဲ သွားချင်ရာသွားနေရင် အလုပ်မဖြစ်ဘူးလို့

www.burmeseclassic.com

www.burmeseclassic.com



သိပြီးရင် ဌာနကို ပြောကြစို့၊ ဌာန-ဆိုတာက အရပ်၊ နေရာကို ပြောတာပါ။

"မှန်လှပါဘုရား"

"ဈေးသမားအတွက် ဈေးဆိုင်၊ ရုံးသမား အတွက် ရုံး၊ ကျောင်းသူကျောင်းသားအတွက် စာသင် ခန်းကျောင်းဆိုတာတွေဟာ သူတို့ရဲ့ အလုပ်လုပ်ရာ ဌာန တွေပေါ့"

"ကိုယ့်ရဲအလုပ်လုပ်ရာ ဌာနမှာရှိမှ အလုပ်လုပ် လို့ရမယ်။ ကျောင်းသူကျောင်းသား ရုံးသမားတွေ ဈေးထဲမှာ ရောက်နေရင် ဈေးရောင်းတဲ့အလုပ် မဖြစ် နိုင်သလို စိတ်ဆိုတာလဲ ကိုယ်ရဲ့အလုပ်ဌာနကို ကိုယ် ရောက်နေမှ လုပ်ချင်တဲ့အလုပ်ကို လုပ်နိုင်မှာပါ"

"မှန်လှပါ ဟုတ်ပါတယ်ဘုရား"

"နောက်ပြီး အလုပ်လုပ်တယ်ဆိုတဲ့ နေရာမှာ တစ်ခု စဉ်းစားကြည့်ကြစို့" ဈေးရောင်းတတ်တဲ့ ဈေး သည်ကို ရုံးတက်ခိုင်းရင်၊ ကျောင်းစာသင်တဲ့အရွယ် ကျောင်းသားကျောင်းသူတွေကို ဈေးရောင်းခိုင်းရင် အဆင်ပြေနိုင်ပါ့မလား။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်လုပ်တတ်တဲ့အလုပ် ကိုယ်လုပ်မှ အဆင်ပြေမှာပေါ့"

"ဒီလိုဆိုရင် ကိုယ်စိတ်ကို အလုပ်ခိုင်းတော့မယ်ဆိုရင် သူလုပ်တတ်တဲ့ အလုပ်ကိုပဲ ခိုင်းရမယ်။ နောက်ပြီးတော့ သူ့အလုပ်ရဲ့ လုပ်ရာအရပ်ဌာနမှာလဲ ရှိနေရမယ်လို့ စိတ်နဲ့ပတ်သက်ပြီး နှစ်မျိုးမှတ်ထားပါ"

"ကဲ မေးကြည့်ဦးမယ်၊ ဒကာမကြီးရဲ့စိတ်က ဘာတွေများ လုပ်တတ်သလဲ"

"တည့်တော်မရဲ့စိတ်က ဟိုဟာတွေ ဒီဟာတွေ၊ ဟိုအရေးစဉ်းစား၊ ဒီအရေးစဉ်းစားနဲ့ ဒါတွေနဲ့ပဲ စိတ်က အလုပ်များနေပါတယ်ဘုရား"

"ဟုတ်ပြီး ဒါကတော့ အရပ်ပြောအနေနဲ့ ဒီအတိုင်းပါပဲ။ ဒကာမကြီးရဲ့ စိတ်သာမကပါဘူး။ ဘယ်လူ ဘယ်နတ် ဘယ်သတ္တဝါရဲ့စိတ်မဆိုဒီအတိုင်းချည်းပါပဲ။ ဒါပေမဲ့ နားလည်ဖို့ စကားလုံးနဲ့ သုံးပြရင် စိတ်ဆိုတာ သိနေတတ်ပါတယ်။

သဘောဆိုပါစို့၊ ဒကာမကြီး ပုံသဏ္ဌာန်အတိုင်း ပန်းပုရုပ်မြေကြီးနဲ့ ပုံစံလုပ် ဆေးသုတ်ထားမယ်။

www.burmeseclassic.com

www.burmeseclassic.com



လက်ခြေမျက်နှာ အဝတ်အစားကစပြီး ပုံသဏ္ဌာန် လုံးဝတူနေတယ်။ အစစ်နဲ့အတုပေါ့လေ။

"အစစ်ကိုရော အတုကိုပါ ခေါင်းကိုဆယ်၊ ပေါင်တူနဲ့ထုရင် ဘယ်သူ့ခေါင်းကွဲမလဲ"

"ဟုတ်ပြီ ကွဲတာကတော့ နှစ်ခုစလုံးပဲ၊ ကွဲတာကိုတော့ ဘယ်သူက သိမလဲ"

"ကွဲတာကိုတော့ အစစ်ဖြစ်တဲ့ တပည့်တော်မက သိပါတယ်ဘုရား၊ အတုက မသိပါဘုရား"

"ဘာလို့သိပြီး ဘာလို့ မသိတာလဲ"

အရှင်ဘုရားကလဲ ဒါလေးများ အစစ်က စိတ်ရှိလို့ သိတယ်။ အတုက စိတ်မရှိလို့ မသိဘူးပေါ့။ ဒီလိုဆိုရင် စိတ်က သိတတ်တယ်ဆိုတာ သဘောပေါက်ပြီးပေါ့။

"မှန်လှပါဘုရား။ သဘောပေါက်ပါပြီ"

ကွဲတာကို သိတာရယ်၊ နာတာကို သိတာ၊ ပူတာကို သိတာ၊ ညောင်းတာကို သိတာလို့ ဒီလို သဘောတရားမျိုး နှစ်မျိုးရှိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကို အတိအကျ ခွဲခြားရင် သိတတ်တဲ့ သဘောတရားရယ်၊ သိစရာ သဘောတရားရယ် နှစ်မျိုးပဲ ရှိတာကို တွေ့နိုင်တယ်။

"သိတတ်တာကတော့ စိတ်ဆိုရင်၊ သိစရာတွေက ဘာတွေပါလဲဘုရား"

"ဟုတ်ပါပြီ၊ သိတတ်တာက စိတ်သဘောတရား၊ သိစရာတွေက သိတတ်တဲ့စိတ်ရဲ့ အလုပ်လုပ်ရာဌာန သိနေရမဲ့နေရာတွေပေါ့။ အာရုံတွေလို့လဲ ခေါ်နိုင်တယ်။ စိတ်ဆိုတာက အာရုံကို သိတတ်တယ်"

"ဒီလိုဆိုရင် အာရုံတွေက များတော့ သိစရာတွေက များနေမှာပေါ့"

"သိစရာတွေကို ကမ္မဋ္ဌာန်းနှစ်မျိုးရှိလို့ အာရုံနှစ်မျိုးပဲ ရှိတယ်လို့ မှတ်ပါ။ သမထကမ္မဋ္ဌာန်း အားထုတ်တဲ့သူက သမထစိတ်ရဲ့အာရုံကို သိနေရမယ်။ ဝိပဿနာကမ္မဋ္ဌာန်းအားထုတ်တဲ့သူက ဝိပဿနာစိတ်ရဲ့ အာရုံကို သိနေရမယ်"

"သမထအားထုတ်ချင်တယ်ဆိုပြီး သမထအာရုံ မဟုတ်ရင် သမထ မဖြစ်နိုင်သလို၊ ဝိပဿနာ

www.burmeseclassic.com

www.burmeseclassic.com



အားထုတ် မယ်ဆိုရင်လဲ ဝိပဿနာအာရုံရှိနေမှ ဝိပဿနာကမ္မဋ္ဌာန်း ဖြစ်နိုင်တယ်"

"ဟာ ဟုတ်ပြီဘုရား၊ တပည့်တော်က အဲဒီ သမထနဲ့ဝိပဿနာဆိုတာကိုလဲ သိချင်ပါသေးတယ် ဘုရား"

"သိချင်တာတွေကို သိအောင်ပြောပေးပါ့မယ်။ ဒါပေမဲ့ စာဝါချိန်နီးနေပြီမို့ စာချရဦးမယ်။ အခုတော့ ကမ္မဋ္ဌာန်းဆိုတာ သမထစိတ်၊ ဝိပဿနာစိတ်ရဲ့အာရုံ ပဲလို့ မှတ်ထားပါဦး။ နောက်ပြီး နောက်နောက် အားထုတ်မှုအလုပ်ရဲ့ တည်ရာဖြစ်တဲ့ ရှေ့က ကြို တင်ပြီး တစ်ချက်ပြီးတစ်ချက် စိတ်အလုပ်လုပ်နေတဲ့ အားထုတ်မှုကိုလဲ ကမ္မဋ္ဌာန်းလို့ ခေါ်သေးတယ်။

"မှန်လှပါဘုရား၊ ဒီလိုဆိုရင် တပည့်တော် နောက်တစ်ခေါက် ထပ်လာပြီး မေးပါရစေဦးဘုရား"

"ကောင်းပါပြီ၊ ကောင်းပါပြီ"

တရားတမန် အများထံ အမှန်ရောက်စေသော်။

မဇ္ဈိမဒူတ၊ မောင်စစ်သိုင်း

မြတ်ဆုမွန်-အတွဲ (၈) အမှတ် (၉)

www.burmeseclassic.com

www.burmeseclassic.com



# မိုးယိုရင် နေရာရွှေ့တယ်

မမ္မဒူတ – မောင်စစ်ကိုင်း

သတ္တဝါတို့၏ ဆရာသည် လောက။ လောကသည် သတ္တဝါတို့၏ အသွင်သဏ္ဌာန်၊ အမူအကျင့်၊ အမူအရာတို့ကိုသာမက စိတ်ဓာတ်တွေကိုပါ ပြောင်းလဲစေနိုင်၏။

ပူမှုသဘောသည် သတ္တဝါတို့အား အအေးသဘောကို ရှာဖွေရန် တိုက်တွန်းသည်။ အေးမှုသဘောသည်လည်း မိမိကို ကာကွယ်လိုစိတ် အနွေးဓာတ်ကို ရှာဖွေလိုစိတ် ဖြစ်ပေါ်စေသည်။ ထိုသို့ အပူသဘော အအေးသဘောကို ရှာဖွေရန် သင်ကြားပေးသည့် သဘာဝမှာ လောက၏ဆရာ အနေအထားပင် ဖြစ်သည်။

ရှေးဆရာတို့က လောကသည်သာ ဘဝတက္ကသိုလ်၊ လောကသည်သာ မိမိတို့၏ ဆရာဟု သတ်မှတ်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ဆံတစ်ပင်ဖြူခြင်းကို အကြောင်းပြု၍ ထီးနန်းကိုစွန့်ခြင်း၊ လက်ကောက်နှစ်ကွင်းအတူဝတ်လျှင် အသံမြည်ပြီး တစ်ဖက်စီ ဝတ်က အသံမထွက်သည်ကို မြင်၍ တရားထူးရခြင်း စသည်တို့သည် လောကတက္ကသိုလ်၏ ပို့ချချက် သင်ကြားမှုကြောင့် လောကတက္ကသိုလ်မှ ပေးအပ်သော ဘွဲ့ဒီဂရီရသွားခြင်းတို့ပင်တည်း။

ကြည့်သောသူ မြင်၏၊ နားထောင်သူကြား၏။ ကြွက်သေတစ်ခုအရင်းပြု၍ သူဌေးဖြစ်သွားသလို ယခုခေတ်တွင်လည်း အောက်ခြေမှစ၍ ကြိုးစား အားထုတ်မှုကြောင့် လောကချမ်းသာကို ခံစားနိုင်သူတွေမှာ တစ်ပုံတစ်ပင်။

ဂျပန်နိုင်ငံသည် ဒုတိယကမ္ဘာစစ်ဒဏ်ကို အလူးအလဲခံရ၏၊ ဆုံးရှုံးခဲ့ရ၏။ လောကကြီး၏ ဖိနှိပ်မှုသင်ခန်းစာကို ကြိုးစားမှု ဝီရိယ အထွတ်တပ်လျက် သတိပညာဖြင့် ရုန်းကန်ခဲ့ကြ၏။ ရုန်းကန်ခဲ့သည့် အလျောက် ဂျပန်တို့သည် ကမ္ဘာ့အလယ်တွင် ထည်ဝါနေကြရပြီ။

www.burmeseclassic.com



နိမ့်ကျမှု လောကသည်ပင်လျှင် မြင့်တက်လိုမှုကို တွန်းပို့ပေးသည်ဟု ဆိုရမလိုပင် ဖြစ်၏။ လောကကြီး၏ သင်ပြမှုကို နားလည်ခံယူပြီး ဦးဆောင်ကြိုးစားပါက အမှန်တကယ် တိုးတက်အောင်မြင်နိုင်ပေသည်။

"အရှင်ဘုရား - ပီနန်းကျွန်း ဓမ္မိကာရာမကျောင်းတိုက် သိမ်ရေစက်ချပွဲကို ကြွသွားတယ်ဆိုဘုရား"

"ဟုတ်ပါတယ်၊ မြန်မာနိုင်ငံက အဖွဲ့တစ်ဖွဲ့နဲ့ အားလုံး (၁၅၀) ကျော်လောက် ရှိတယ်လေ"

"ဘာတွေထူးပြီး ဘာတွေများ မှတ်သားစရာတွေကို ရခဲ့ပါသလဲဘုရား"

"ဘာတွေထူးသလဲဆိုတော့ မတွေ့ဘူး မကြုံဘူးတာတွေ အားလုံးဟာ အထူးတွေပေါ့။ ဒါတွေပြောလို့က မကုန်နိုင်ဘူးလေ၊ ဘာတွေများ မှတ်သားစရာ ရခဲ့သလဲဆိုတဲ့အထဲက နည်းနည်း ပြောပြချင်တာလေး ရှိတယ်"

"အမိန့်ရှိပါဘုရား၊ ဗဟုသုတ ရတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဗဟုသုတ ရနိုင်ပါတယ်။ ဒါပေမယ့် ဒကာကြီး ထင်သလို နိုင်ငံခြားနဲ့စပ်တဲ့ ဗဟုသုတ မဟုတ်ဘူး။ မြန်မာနိုင်ငံနဲ့စပ်တဲ့ ဗဟုသုတပါ။ တစ်လောကလုံး နဲ့လဲ ဆိုင်တယ်လို့ ပြောလို့ရတာပေါ့"

"နိုင်ငံခြားက ရလာခဲ့တဲ့ မြန်မာဗဟုသုတ၊ ဟုတ်လားဘုရား၊ တပည့်တော် ပိုစိတ်ဝင်စားလာပြီ ခပ်မြန်မြန်သာ မိန့်တော်မူပါဘုရား"

"ပြောပါ့မယ် ဒကာကြီး၊ စင်္ကာပူရောက်နေ တုန်းမှာ တစ်နေ့ မြန်မာနိုင်ငံက နိုင်ငံတော်သံဃ မဟာနာယက ဆရာတော်တွေ၊ ပင့်သံဃာတွေ၊ ကမ္ဘာ့ နိုင်ငံအသီးသီးက ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးတွေ၊ ညီတော် နောင်တော်တွေ စုထိုင်ပြီး အေးအေး ဆေးဆေး သာသနာအတွက်၊ မြန်မာအတွက် ဆွေး နွေးပြောဆိုမိကြတယ်။

"စင်္ကာပူဆရာတော်ကြီးက သူ့ရဲ့ နိုင်ငံခြား သာသနာပြုရာမှာ ဝီရိယကို ပဓာနထား ဆောင်ရွက် တဲ့အကြောင်း ဝီရိယနဲ့ဆောင်ရွက်လို့ ယခုလို ပီနန်မြို့ ဓမ္မိကာရာမကျောင်းတိုက်ကြီးအတွင်း သိမ်တော်ကြီး

www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်စွာ ရေစက်ချနိုင်တဲ့အကြောင်း အမိန့်ရှိတယ်"

"တိုးတက်မှု၊ အောင်မြင်မှုအတွက် ဝီရိယဟာ တကယ် အရေးကြီးပါတယ် ဘုရား"

"ဟုတ်တယ် ဒကာကြီး၊ စက်ာပူ ဆရာတော်ကြီးက သူဟာ မြန်မာအမျိုးသားပီပီ မြန်မာတွေကို တိုးတက်စေချင်တယ်၊ အောင်မြင်စေချင်တယ်၊ မြန်မာနိုင်ငံကို ဂျပန်နိုင်ငံတို့လို ကမ္ဘာ့ထိပ်သီး နိုင်ငံမျိုးဖြစ်စေချင်တယ်"

"တပည့်တော်တို့ မြန်မာနိုင်ငံရဲ့ တိုးတက်မှုကို အားမရဘူးနဲ့ တူပါတယ် ဘုရား"

"အားမရတာ သေချာတယ်။ ဆရာတော်က ဝီရိယသမားပီပီ မြန်မာတွေကိုလဲ ကြိုးစားစေချင်တယ်။ အဲဒီစကားဝိုင်းမှာ စက်ာပူဆရာတော်ကြီး ပြောခဲ့တဲ့ စကားတွေထဲက စကားတစ်လုံးဟာ အလွန်တန်ဖိုးကြီးလှတယ် ဒကာကြီး"

"တပည့်တော်တို့ကိုလဲ လက်ဆင့်ကမ်း မိန့်ပါဦး ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"မြန်မာတွေ အနေနဲ့ တိုးတက်ဖို့အတွက် 'မိုး ယိုနေရင် နေရာရွှေ့ထိုင်တဲ့ အကျင့်ဖျောက်ရမယ်တဲ့"

"ဟာ၊ ဟုတ်တယ်ဘုရား၊ ဆရာတော် အမိန့်ရှိမှပဲ တပည့်တော်တို့ မြန်မာတွေရဲ့ အားနည်းချက်ကို တွေ့လာရတယ်"

"ဒါက မြန်မာတွေသာမက ဆင်းရဲတဲ့ နိုင်ငံငယ်လေးတွေမှာလဲ ဒီအကျင့်မျိုးရှိတာပဲ။ ချမ်းသာပြီး စည်းစိမ်ခံတဲ့ နိုင်ငံကြီးတွေမှာလဲ ရှိတာပဲ။ ဒါပေမယ့် ဆရာတော်က မြန်မာတွေတိုးတက်ဖို့ အမျိုးချစ်စိတ်နဲ့ မိန့်မှာတဲ့စကားပါ"

"တန်ဖိုးကြီးလှပါတယ်ဘုရား၊ ဆရာတော်ကြီးရဲ့ စကားကို ဆက်ပါဦးဘုရား"

"စကားက ဒီလောက်ပြောပြီးနောက် တခြား သာသနာရေး ကိစ္စတွေကို အကျယ်တဝင့် ဆွေးနွေး တော်မူကြတယ်၊ ဒါပေမယ့် ဒီစကားက ဦးပဥ္စင်းရဲ့ နှလုံးသားထဲ စိတ်ထဲမှာ ပွဲတင်ထပ် မြည်ဟီးနေပြီး နောက်ထပ် ဆင့်ပွားဆင့်ပွား စကားတွေ ထွက် လာတယ် ဒကာကြီး"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီစကားတွေကို ကြားချင်ပါတယ် ဘုရား"

"ဦးပဥ္စင်းကလဲ ထုတ်ပြောချင်နေတာနဲ့ အတော်ပါပဲ၊ မိုးရွာလို့ မိုးယိုရင် တစ်ချို့လူတွေဟာ ခွက်တွေ၊ ထွေးခံတွေ ခံပြီး မိုးလွတ်ရာနေရာကို ရွှေ့ ထိုင်တတ်ကြတယ်၊ ဒီက ယို ဟိုရွှေ့၊ ဟိုက ယို ဒီရွှေ့နဲ့ လွတ်ရာကိုသာ ရှာပြီး ရွှေ့နေကြတယ်။ မိုးယိုပေါက်ကို တက်ပြီး ဖာဖို့ စိတ်မကူးကြဘူး။ မိုးယိုပေါက်တွေကများပြီး ခွက်တွေမခံနိုင် နေရာတွေကလဲ ရွှေ့စရာမရှိတော့ဘူး ဆိုရင် ဘာဆက်လုပ်ကြမလဲ"

"ဟုတ်တယ်ဘုရား၊ အဲဒီကျမှ မိုးယိုတာ တက်ဖာလို့ ဘယ်ရတော့မလဲ"

"ဖြစ်နိုင်တယ်ထားပါဦး၊ ယိုထားခဲ့တဲ့ မိုးတွေကြောင့် အမိုးလဲ ဆွေး၊ ဒိုင်း၊ မြှား၊ ဆင့်၊ ယက်မ၊ ကြမ်းခင်း အကုန်ဆွေးကုန်ပြီလေ၊ အချိန်နှောင်းတဲ့ဘဝမျိုး၊ ရောဂါကျွမ်းနေတဲ့ အဖြစ်မျိုး ရောက်နေပြီပေါ့ ဒကာကြီး၊ အမိုးကို တက်ဖာဖို့ မကြိုးစားဘဲ နေရာရွှေ့တာကိုပဲ လုပ်နေကြတယ်ဆိုရင် ဒီလိုဒုက္ခဆင်းရဲနဲ့ မလွဲမသွေ ကြုံရမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



" အရှင်ဘုရား၊ အမိုးတက်ဖာတာလဲ ကြိုးစားတဲ့ဝီရိယ၊ နေရာရွှေ့တာလဲ ကြိုးစားတဲ့ ဝီရိယ မဟုတ်လား ဘုရား"

"ဟုတ်လဲ ဟုတ်တယ်၊ မဟုတ်လဲ မဟုတ်ဘူး ဒကာကြီး "

"ဟာ ရှုပ်သွားပြီ ဘုရား၊ ရှင်းပေးပါဦး"

"ဝီရိယ ဆိုတာ ကိုယ်ဝီရိယ၊ စိတ်ဝီရိယလို့ အကြမ်းဖျင်း နှစ်မျိုး သတ်မှတ်ထားပေ့ါ။ အမိုးတက် ဖာတာလဲ ကိုယ်ဝီရိယ၊ နေရာရွှေ့ထိုင်တာလဲ ကိုယ် ဝီရိယလို့ ဆိုချင်ရင် ဟုတ်လဲ ဟုတ်တယ် ဆိုတဲ့ အဖြေက ရှင်းပါတယ်။ ဒါပေမယ့် စိတ်ဝီရိယက အဓိကကျတယ်၊ စိတ်ဝီရိယ ဆိုတာ တရားသမား ဘက်က တရားစကားနဲ့ပြောရင် မဖြစ်သေးတဲ့ အကုသိုလ်ကို ဖြစ်မလာအောင်၊ ဖြစ်ပြီးအကုသိုလ်ကို ဆက်မဖြစ်အောင်, ပျောက်အောင်၊ မဖြစ်သေးတဲ့ ကုသိုလ်ကို ဖြစ်လာအောင်၊ ဖြစ်ပြီး ကုသိုလ်ကို တိုးပွားအောင် ထားတဲ့သဘောကို စိတ်ဝီရိယလို့ ခေါ်တယ်၊ စီးပွားရေးသမားရဲ့ စကားနဲ့ပြောရရင်

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်သေးတဲ့ စီးပွားပျက်မှု ဖြစ်မလာအောင်၊ ဖြစ်နေတဲ့ စီးပွားရေး ယိုဖိတ်ပျက်စီးမှုကို ပိတ်ပင်နိုင်အောင်၊ မဖြစ်သေးတဲ့ စီးပွားတွေ ဖြစ်လာအောင်၊ ဖြစ်ပေါ်နေတဲ့ စီးပွားတွေ တိုးတက်လာအောင် ဆိုတဲ့ စိတ်ထားမျိုးက စိတ်ဝီရိယကောင်းတယ်လို့ ခေါ်တယ်"

"ဟာ - သမ္မပ္ပဓာန် လုံ့လလေးပါးကို တရားအားထုတ်ရာမှာသာ သုံးလို့ရတယ် ထင်တာ၊ စီးပွားရေးမှာလဲ သုံးလို့ရတာပေါ့နော်"

"ရတာပေါ့ ဒကာကြီး"

"ဒါဖြင့် တိုင်းပြည်ကို တိုးတက်ချင်စိတ်ထားတာလဲ ဝီရိယရှိတာပေါ့ ဘုရား"

"ဟုတ်တယ် ဒကာကြီး ဟုတ်တယ်၊ ဝီရိယလုံ့လအားကြီးတော်မူတဲ့ စကျာပူ ဆရာတော်ကြီးရဲ့ စကားဟာ တရားအတွက်ရော၊ စီးပွားအတွက်ရော၊ နိုင်ငံအတွက်ရော အားလုံးအတွက် ကြိုးစားကြဖို့ တပ်လှန့်တဲ့ စကားပါပဲ"

"ဟုတ်တယ်ဘုရား၊ 'မိုးယိုရင် နေရာရွှေ့မထိုင်နဲ့' ဆိုတာ တကယ် တန်ဖိုးရှိတဲ့ စကားပါ ဘုရား၊ အရှင်

www.burmeseclassic.com

www.burmeseclassic.com



ဘုရားက ဒီစကားလေး ကြားတာနဲ့ ဒီလောက်ထိ နှလုံးသွင်းနိုင်တယ်နော်”

“ဒီစကားလေး မဟုတ်ပါဘူး၊ တန်ဖိုးကြီးတဲ့ စကားပါ ဒကာကြီး၊ ကြည့်ရင် မြင်တယ်။ နား ထောင်ရင် ကြားပါတယ် ဒကာကြီး။ လောကကြီးကို ကြည့်တတ် မြင်တတ် နားထောင်တတ်သူတွေအတွက် လောကကြီးက ဆရာတစ်ယောက်အနေနဲ့ အမြဲ သင်ပေးနေပါတယ်”

“ဟုတ်တယ်ဘုရား၊ မိုးယိုလို့ ရွှေ့ထိုင်တာကို မြင်ဖူးတဲ့သူတွေလဲ အများကြီးရှိကြတယ်၊ ကိုယ်တိုင်လဲ ရွှေ့ထိုင်ဖူးတဲ့သူတွေ မနည်းပါဘူးဘုရား။ ဒါပေမယ့် ဒီမိုးယိုလို့ ရွှေ့ထိုင်တဲ့အတွက် ဝီရိယစိတ်ဓာတ်တွေ လျော့နည်းလာတဲ့အကြောင်းကို ကြည့် တတ်သူသာ မြင်တယ်ဆိုတာ ဟုတ်ပါတယ် ဘုရား”

“ဟုတ်တယ်၊ ဒကာကြီးမေးတဲ့ နိုင်ငံခြား သွားပြီးတော့ ဘာထူးသလဲ၊ ဘာမှတ်သားစရာပါ သလဲ ဆိုတာ အခု မှတ်သားစရာတွေ အထဲက တစ်ခု ပြောပြတာပဲ”

www.burmeseclassic.com

www.burmeseclassic.com



"တကယ် မှတ်သားထိုက်ပါတယ် ဘုရား၊ နောက်ထပ် ရှိရင်လဲ အမိန့်ရှိပါဦး ဘုရား"

"နောက်ထပ်ရှိတာတော့ နောက်မှပဲ အမိန့်ရှိတာပေါ့။ အခု အချိန်ကစပြီး မိုးယိုရင် နေရာရွှေ့ထိုင်ချင်တဲ့ စိတ်ဓာတ်မျိုး မမွေးကြတော့ဖို့ အရေးကြီးပါတယ် ဒကာကြီး"

"မှန်ပါဘုရား၊ ဒီစိတ်ဓာတ်မျိုး ဖျောက်နိုင်အောင် ကြိုးစားပါ့မယ် ဘုရား"

တရားတမန် အများထံ အမှန်ရောက်စေသော်

ဓမ္မဒူတ-မောင်စစ်ကိုင်း



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



# အိမ်တွင်းကန်တော့ပွဲ ပြင်ကြစို့

မမ္မဒတ္တ–မောင်စစ်ကိုင်း

"အိမ်တွင်း"ဟူသည် မိမိတို့၏ မိသားစု၊ အိမ်အတွင်း၌ ပြုလုပ်ရသော ကိစ္စစု၊ ယင်းကိစ္စစုအတွက် ပြုမူ၊ ပြောဆို၊ ကြံစည်ရသော အလုပ်ဟု နားလည်ရပေသည်။

"ကန်တော့" ဟူသည် ရတနာသုံးပါး၏ အထံတော်၌လည်းကောင်း၊ မိမိထက် အသက်ဂုဏ်ဝါ ကြီးမားမြင့်မြတ်သူတို့၏ အထံ၌လည်းကောင်း ဘဝသံသရာတစ်လျှောက် မိမိ၏ မသိသည့်အလျောက်, မလိမ္မာသည့်အလျောက်, မိုက်မဲသည့်အလျောက် အပြုများ၊ အပြောများ၊ အကြံအစည်များ ဖြစ်ခဲ့ရသော အပြစ်တို့ကို ကင်းပျောက်ငြိမ်းစေရန် ရှိခိုးပူဇော် ဝန်ချတောင်းပန်ခြင်းပင် ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ပွဲ" ဟူသည် တစ်ဦးတစ်ယောက်ထက်မက ညီညွတ်စွာ စုပေါင်း၍ စနစ်တကျ ကျင်းပသော အခမ်းအနားတစ်ခု ဆောင်ရွက်မှုပင် ဖြစ်ပေသည်။

ထိုသို့သော အဓိပ္ပာယ် သဘောတရားများ ပါဝင်သော "အိမ်တွင်းကန်တော့ပွဲ" ဟူသည်ကား မိမိတို့၏ မိသားစုများ အိမ်အတွင်း၌ ရတနာသုံးပါး အပါအဝင် မြတ်ဗုဒ္ဓဘုရားရှင်၏ အထံတော်ရှေ့မှောက်၌ နေ့စဉ် နေ့တိုင်း ဘုရားဝတ်တက်၊ ရှိခိုးကန်တော့ကြခြင်းပင် ဖြစ်ပေသည်။

မြန်မာနိုင်ငံ၌ "အိမ်တွင်းကန်တော့ပွဲ" အစစ်၊ ဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ အလိုတော်ကျ ကန်တော့ပွဲအစစ်၏ အဓိပ္ပာယ်နှင့် အကျိုးကျေးဇူးတို့ကိုကား မသိသလောက် နည်းပါးရှားပါးချေ၏။

"သာသနာပြု" ဟူသည် ရှေးဦးစွာ "သာသနာ" နှင့် "ပြု" ဟူသော စကားနှစ်ရပ်ကို ခွဲခြားတတ်ဖို့ လိုအပ်ပေသည်။ ထိုတွင် သာသနာ ဟူသည် "ဘုရားရှင်၏ အဆုံးအမ" ကို ခေါ်ဆိုပါသည်။ ဘုရားရှင်၏ အဆုံးအမသည် သိက္ခာသုံးပါး၊ သို့မဟုတ် ပိဋကသုံးသွယ်၊ နိကာယ် ငါးရပ်၊ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်

www.burmeseclassic.com

www.burmeseclassic.com



သို့မဟုတ် "မကောင်းမှုရှောင် ကောင်းမှုဆောင် ဖြူအောင်စိတ်ကိုထား"အစရှိသော ဘုရားရှင်၏ တရားစကားတော်တို့ပင် ဖြစ်ပါသည်။

ယင်း "သာသနာ"ကို "ပြု"ဟု ဆိုရာဝယ် ရှေးဦးစွာ မိမိသန္တာန်၌ အဆုံးအမသာသနာ တည်စေရန် ရှိလာစေရန် ကျင့်ကြံရမည်ဖြစ်ပေသည်။ မိမိသန္တာန်၌ သာသနာ တည်စေပြီး မိမိ၏ စွမ်းအားအလျောက် မိသားစု၊ ဆွေမျိုးသားချင်း၊ အပေါင်းအဖော် ပရိသတ်စသော တစ်ပါးသူတို့၏ သန္တာန်၌လည်း သာသနာတည်လာစေရန် ရှိလာစေရန် ဆောင်ရွက်မှုကို "သာသနာပြုသည်" ဟု ဆိုရပေသည်။

ယခုအခါ မြန်မာနိုင်ငံအတွင်း၌ သာသနာ့ရောင်ခြည်ထွန်းလင်း တောက်ပရုံသာမက ကမ္ဘာသို့တိုင်အောင် ထွန်းလင်းတောက်ပလျက် ရှိပေသည်။ ထွန်းလင်းစေရန်လည်း သာသနာရေးဆိုင်ရာ လုပ်ငန်းများကို "သာသနာတော်ကြီး သန့်ရှင်းတည်တံ့ ပြန့်ပွားစေရန်" ဟူသော ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်နေကြပေသည်။ ထိုသို့ ဆောင်ရွက်ကြရာဝယ် မိမိ၊ မိမိ၏ မိသားစုအတွက် သာသနာအရေးကို တစ်နိုင်တစ်ပိုင်

www.burmeseclassic.com

www.burmeseclassic.com



သန့်ရှင်းတည်တံ့ပြန့်ပွားစေရန် ဆောင်ရွက်သည်မှ အစပြု၍ ရပ်ကွက်၊ ကျေးရွာ၊ မြို့၊ မြို့နယ်၊ တိုင်း၊ နိုင်ငံ၊ ကမ္ဘာသို့ တိုင်အောင် ပိုင်ပိုင်နိုင်နိုင် သာသနာပြုကြရမည်ဖြစ်ပေသည်။ "တစ်နိုင်တစ်ပိုင် သာသနာမှသည် ပိုင်ပိုင်နိုင်နိုင်"သာသနာပြုနည်းဖြင့် သာသနာတော်ကြီး သန့်ရှင်း တည်တံ့ ပြန့်ပွားအောင် ဆောင်ရွက်ရပေမည်။

တစ်နိုင်တစ်ပိုင် သာသနာပြုရာ၌ "အိမ်တွင်းကန်တော့ပွဲသည်" လွယ်ကူ၍ ထိရောက်စွာ အောင်မြင်သော နည်းလမ်းတစ်ခု ဖြစ်သည်ကိုကား သိသူနည်းပါးရှားလေသည်။ "မသိသူကျော်သွား သိသူ ဖော်စား" ဆိုစကားကို သိသူ အနည်းငယ်အထဲမှ ရှားရှားပါးပါး ဖော်စားသူတစ်ယောက် မိမိနှင့် တွေ့ဆုံမိပါသည်။

"အရှင်ဘုရား၊ တပည့်တော် နေ့တိုင်း နေ့တိုင်း အိမ်တွင်းကန်တော့ပွဲ လုပ်ပါတယ်ဘုရား"

"ဟာ ဒကာကြီး အိမ်တွင်းကန်တော့ပွဲကို ဘုရားရှင် ကြိုက်၊ မကြိုက် မသိဘူးလား"

"သိပါတယ်ဘုရား၊ တပည့်တော်ရဲ့ အိမ်တွင်းကန်တော့ပွဲက ဘုရားရှင်အကြိုက် ကန်တော့ပွဲပါဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆိုရင် ဒကာကြီးရဲ့ ဘုရားရှင်အကြိုက် ကန်တော့ပွဲကို လျှောက်ပြပါဦး"

"လျှောက်တင်ပါ့မယ်ဘုရား၊ တပည့်တော်တို့ အိမ်မှာ မိသားစု ဆွေမျိုးအားလုံး (၁၅) ယောက် နေထိုင်ကြပါတယ်ဘုရား။ တပည့်တော်တို့ရဲ့ အိမ်မှာ ထုံးစံတစ်ခု အနေနဲ့ နေ့စဉ်ညစဉ် (၇) နာရီ အချိန်ရောက်ရင် စားရေး၊ သောက်ရေး၊ ဗာဟိရ ကိစ္စတွေ အပြီးစီမံရပါတယ်ဘုရား။ စားသောက်ပြီးရင် ကိုယ်လက်သန့်စင်ကြလို့ (၇) နာရီခွဲ အချိန်ရောက်တော့ နေမကောင်းသူမှအပ အိမ်ရှိလူကုန် မိသားစုအားလုံး စုံစုံညီညီ ဘုရားခန်းကို ရောက်ကြရပါတယ်ဘုရား"

"ဒကာကြီးရဲ့ အိမ်တွင်း ကန်တော့ပွဲကို သဘောပေါက်လာပြီ။ ဆက်ပြီးတော့ လျှောက်ပြပါဦး"

"ဘုရားခန်း ဘုရားစင်ရှေ့မှာ မိသားစုတွေ ကြီးစဉ်ငယ်လိုက် နေရာယူပြီး သရဏဂုံ သုံးပါးနှင့်တကွ ဥပုသ်နေ့တွေမှာ ရှစ်ပါးသီလ၊ တခြားရက်တွေမှာ ငါးပါးသီလ ခံယူဆောက်တည်ကြပါတယ် ဘုရား"

"အတုယူစရာပါပဲ ဒကာကြီး"

www.burmeseclassic.com

www.burmeseclassic.com



"သီလကို ဆောက်တည်ပြီးမှ ဘုရားရှင်ကို အနေကဇာတင် ပဋိစ္စသမုပ္ပါဒ် အနုလုံ၊ ပဋိလုံ စတာတွေကို ရွတ်ဆိုပြီးတော့ လယ်တီဆရာတော်ဘုရားကြီးရဲ့ ခုနစ်ဆူဘုရားရှိခိုးစက်ပရိတ်တော်နဲ့ ဘုရားရှိခိုးကြပါတယ်ဘုရား"

"သာသနာတော်မှာ မြန်မာနိုင်ငံသာမက ကမ္ဘာတိုင်အောင် ထင်ရှားကျော်ကြားလာသော လယ်တီဆရာတော်ဘုရားကြီးက သာသနာပြုရာမှာ ဒီဘုရားရှိခိုးကို နေ့စဉ်ရှိခိုးခဲ့တာပေါ့။

"မှန်လှပါဘုရား၊ ဘုရားရှိခိုးပြီးတော့ အရပ်ဆယ်မျက်နှာမှာ ရှိကြတဲ့ သတ္တဝါများစွာတွေကို အာရုံပြုပြီး မင်းကွန်းဆရာတော်ဘုရားကြီးရဲ့ မေတ္တာပို့နည်းနဲ့ မေတ္တာပို့ပါတယ် ဘုရား"

"ကောင်းလိုက်တာ ဒကာကြီးရေ၊ အခုဆိုရင် မင်းကွန်းဆရာတော်ဘုရားကြီးရဲ့ မေတ္တာပို့နည်းနဲ့ ပို့လွှတ်နေကြတဲ့ မေတ္တာဓာတ်တွေဟာ မြန်မာပြည်မှာ လွှမ်းမိုးပျံ့နှံ့နေကြရတာပေါ့"

"မှန်လှပါ ဘုရား၊ တပည့်တော်တို့လဲ မေတ္တာပို့လွှတ်ပါတယ် ဘုရား။ မေတ္တာပို့အပြီး တစ်နေ့တာ ပြုခဲ့တဲ့

www.burmeseclassic.com

www.burmeseclassic.com



ကုသိုလ်တွေကို မိဘနှစ်ပါး အစထားပြီး လောကမှာရှိတဲ့ မြင်အပ်၊ မမြင်အပ်တဲ့ သတ္တဝါတွေကို ထပ်တူရစေဖို့ အမျှဝေ၊ အများဝေတဲ့ အမျှကို မိမိကပြန်ပြီး သာခုခေါ်။ အဲဒီနည်းနဲ့ နေ့တိုင်းနေ့တိုင်း ဘုရားရှင်ရဲ့အကြိုက် 'အိမ်တွင်းကန်တော့ပွဲ' လုပ်ပါတယ် ဘုရား'

"ဝမ်းသာပါတယ် ဒကာကြီး၊ သာခုလည်းခေါ်ပါတယ်။ သာသနာတော်မှာ ဘုရားရှင်နှစ်သက်တော်မူတဲ့ 'အိမ်တွင်းကန်တော့ပွဲ'ကို သိတဲ့သူက ရှားလွန်းပါတယ်။ သိပြန်တော့လဲ နေ့စဉ်နေ့တိုင်း ဒကာကြီးလို ပြုနိုင်သူက တော်တော်ရှားသားပါလား"

"မှန်လှပါဘုရား"

"ဘုရားရှိခိုးနဲ့ ပရိတ်တော်တွေ မေတ္တာပို့တွေကို အလျှင်ကျက်ခိုင်းပြီးမှ ကန်တော့ပွဲ ကျင်းပတာလား"

"မဟုတ်ရပါဘုရား၊ အစကတော့ စာအုပ်တွေကြည့်ပြီး ရွတ်ပါတယ် ဘုရား။ အခုဆိုရင် အားလုံး အလွတ် ရွတ်ဆိုနိုင်ပြီး တခြားအချိန်တွေမှာလည်း ပရိတ်တွေ ရွတ်လို့ မေတ္တာတွေပို့လို့ နေနိုင်ကြပါပြီ ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"ဒကာကြီးရဲ့အိမ်တွင်း၌ ကန်တော့ပွဲက သာသနာပြုပွဲ အစစ်ပါပဲ"

"သာသနာပြုတဲ့ အဆင့်အထိ ဖြစ်နေမှန်းမသိ ရပါဘုရား။ ရတနာသုံးပါးကို ယုံကြည်ကိုးကွယ်တယ်။ ပူဇော်ကန်တော့လျှင်ဖြင့် ကုသိုလ်ရတယ်လို့ နှလုံးသွင်းပြီး အမြဲလုပ်ပါတယ် ဘုရား။ သာသနာပြုပွဲဖြစ်ပုံ အမိန့်ရှိ ပေးပါဦး ဘုရား"

"သာသနာဆိုတာ ဘုရားရှင်ရဲ့ အဆုံးအမကို ခေါ်တာ။ အဲဒီအဆုံးအမတွေကို သန့်ရှင်းအောင်၊ တည်တံ့အောင်၊ ပြန့်ပွားအောင် ပြုနေလျှင် ဒါ သာသနာ ပြုတာပါပဲ။ ဒကာကြီးရဲ့ အိမ်တွင်း ကန်တော့ပွဲက သာသနာပြု သုံးမျိုးလုံး စုံနေတာပေါ့"

"ဆက်ပြီး အမိန့်ရှိပေးပါဦး ဘုရား "

" အများနားလည်အောင် သာသနာကိုပြောရ လျှင် 'မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင် စိတ်ကိုထား' ဆိုသော ဘုရားရှင်တိုင်းရဲ့ အဆုံးအမ သာသနာ ဖြစ်ပါတယ်။ အခုဒကာကြီး ဘုရားရှင်ကို ကန်တော့နေတော့ မကောင်းမှုတွေ ရှင်းတယ်။ မကောင်းမှု

www.burmeseclassic.com

www.burmeseclassic.com



တွေ့ရတယ်။ စိတ်ကလေးဖြူပြီး စင်ကြယ်နေတယ် မဟုတ်လား"

"ဟုတ်ပါတယ် ဘုရား။ စိတ်ကလေးစင်ကြယ် ပြီး ချမ်းသာပါတယ် ဘုရား"

"ကောင်းမှုဆောင်-- ဆိုတဲ့ ကုသိုလ်ပြု၊ ကုသိုလ် ရနေတဲ့ သာသနာကို ပြောရလျှင် ဒကာကြီးတို့ ဘုရား ရှင်ကို မကန်တော့သေးမီ ဆီမီး၊ ဂန်း၊ ရေချမ်း၊ စသည် တွေကို မကပ်လှူဘူးလား"

"နေ့တိုင်း နေ့တိုင်း ကပ်လှူပါတယ် ဘုရား"

"ဒါ ဒါန ကုသိုလ်ပေါ့။ ကုသလကမ္မပထတရား ဆယ်ပါးထဲက တစ်ပါးအပါအဝင်ပေါ့။"

"နောက်ပြီး သရဏဂုံသုံးပါးနှင့်တကွ ငါးပါး၊ ရှစ်ပါးသီလတွေကို ဆောက်တည်တာ သီလကုသိုလ်ပေါ့။

"ဘုရားရှင်ရဲ့ ဂုဏ်တော်တွေကို နှလုံးသွင်းပြီး ရုပ်ပွားတော်ကို ဖူးမြော်နေတာ ပရိတ်ရွတ် မေတ္တာပို့တာ တွေက ဘာဝနာကုသိုလ်"

"မိသားစုတွေ ကြီးစဉ်ငယ်လိုက် နေရာယူတာ ကအစ အရိုအသေပြုကြတာက အပစာယနကုသိုလ်။

www.burmeseclassic.com



ရတနာသုံးပါးနဲ့စပ်ပြီး တံမျက်လှဲ နေရာခင်းစတဲ့ အမှုတွေကို ပြုလုပ်ကြတာက ဝေယျာဝစ္စကုသိုလ်"

"မိမိတို့ပြုထားတဲ့ တစ်နေ့တာ ကုသိုလ်တွေကို မြင်အပ်၊ မမြင်အပ်တဲ့သတ္တဝါ အနန္တတွေကို ထပ်တူထပ်မျှ အကျိုးရစေဖို့ အမျှပေးဝေတာက ပတ္တိဒါနကုသိုလ်"

"သူများတွေဝေတဲ့ ကုသိုလ်ကို သာဓုခေါ်တာက 'ပတ္တာနုမောဒန'ကုသိုလ်"

"မိမိကိုယ်တိုင်က အသံထွက်ပြီး တရားတော်တွေကို ရွတ်ဖတ်ပူဇော်ရတာက ဓမ္မဒေသနာကုသိုလ်"

"အဲဒီလို ရတနာသုံးပါးကို ကြည်ညိုကုသိုလ်တွေရနေပါလား။ အသိတရားဖြင့် အိမ်တွင်းကန်တော့ပွဲနဲ့ သာသနာပြုနေတာက အယူဖြောင့်မှန်တဲ့ အလုပ်မို့ ဒိဋ္ဌိဇုကမ္မကုသိုလ်"

"အမယ်လေး ဘုရား - ဝမ်းသာလိုက်တာဘုရား၊ အရှင်ဘုရား အမိန့်ရှိပြမှ တပည့်တော်တို့ပြုတဲ့ ကန်တော့ပွဲဟာ ကုသလ ကမ္မပထတရားဆယ်ပါး ကုသိုလ်မျိုးအစုံရနေတာ သိရလို့ တကယ်ဝမ်းသာလိုက်

www.burmeseclassic.com

www.burmeseclassic.com



တာဘုရား။ သာသနာကို သန့်ရှင်းအောင်၊ တည်တံ့အောင်၊ ပြန့်ပွားအောင်ဆိုတာလဲ ဆက်ပြီး အမိန့်ရှိပါဦးဘုရား"

"နားထောင်ပါဦး ဒကာကြီး။ အဲဒီလို ကန်တော့ပွဲနေ့တိုင်းပြုခဲ့တဲ့ မိသားစုမှာ ကုသိုလ်ကောင်းမှုတွေ ထုံမွှမ်းထားတော့ မိသားစုသာသနာဟာ သန့်ရှင်းနေပြီပေါ့"

"မှန်လှပါ ဘုရား"

"လက်ဦးဆရာများ ဖြစ်ကြတဲ့ မိဘတွေက သားသမီးတွေကို နေ့စဉ် ရှေ့ကဦးဆောင် သာသနာလုပ်ငန်းတွေ လက်ပူးလက်ကျ သင်ပြပေးနေပြန်တော့ မိသားစု သာသနာက မယိမ်းမယိုင် ခိုင်လာပြီပေါ့"

"မှန်လှပါ ဘုရား "

"အဲဒီလို မိသားစုကို အတုယူအားတက်ကြပြီး အိမ်နီးနားချင်းတွေ ရပ်ကွက်ကျေးရွာ၊ မြို့၊ နိုင်ငံအနှံ့ ကူးစက်ပျံ့နှံ့ သွားရင် ဒီမိသားစုက ပေါက်ဖွားလာတဲ့ သား သမီး မြေးမြစ်တွေက ဒီအိမ်တွင်း ကန်တော့ပွဲကို အမြဲပြု လုပ်သွားကြရင် သာသနာပြန့်ပွားလာပြီပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"တပည့်တော်ဖြင့် အတိုင်းထက်အလွန်ဝမ်းသာမိပါတယ်ဘုရား။ အရှင်ဘုရား အမိန့်ရှိသလို အိမ်တွင်းကန်တော့ပွဲဖြင့် သာသနာပြုမယ်ဆိုလျှင် ကုသိုလ်မျိုးစုံရလို့မိမိတို့ အတွက်လည်း အားတက်စရာ၊ သာသနာသန့်ရှင်း တည်တံ့ ပြန့်ပွားလာမှာ ဖြစ်လို့ သာသနာတော်အတွက်လည်း အားတက်စရာ လုပ်ငန်းကြီးပါဘုရား။ တပည့်တော်တို့ နေ့စဉ်နေ့တိုင်း ကန်တော့ပွဲ ကျင်းပသွားပါမယ်ဘုရား"

"သာဓု-သာဓု-သာဓု ခေါ်ပါတယ် ဒကာကြီး။ ဒီလိုသာသနာကိစ္စကို မိမိတို့ ကိုယ်တိုင်လဲပြု၊ သူတစ်ပါးတွေကိုလဲ ညွှန်ပြ စည်းရုံးပေးဦးပေါ့"

"မှန်လှပါဘုရား တပည့်တော်ကိုလဲ လိုအပ်တာတွေရှိရင် လမ်းညွှန်ပြသ ဆုံးမပေးပါဦးဘုရား"

"အခု ဒကာကြီးရဲ့ အိမ်တွင်းကန်တော့ပွဲမှာ ဘာဝနာလုပ်ငန်းအနေနဲ့ သမထလုပ်ငန်းပဲ ပါဝင်သေးတယ်။ ဝိပဿနာ ဘာဝနာ လုပ်ငန်းမပါသေးဘူးလေ။ ဖြစ်စေချင်တာ သာသနာတစ်ခေတ် ကြုံတဲ့အခါမှာ ဝိပဿနာ ဘာဝနာကို ဦးစားပေး အလေးထား ပွားများ

www.burmeseclassic.com

www.burmeseclassic.com



စေချင်တယ်။ ဘုရားကန်တော့ပြီးရင် မိမိတို့ တတ်နိုင်သရွေ့ အချိန်ပိုင်းအားဖြင့် ဖြစ်စေ၊ သွားရင်းလာရင်းဖြစ်စေ ဝိပဿနာတရားကို အားထုတ်စေချင်ပါတယ်။

"တပည့်တော်တို့လဲ အားထုတ်ချင်ပါတယ်။ အားထုတ်ပါမယ်ဘုရား။ မိသားစုအတွက် အိမ်တွင်းဝိပဿနာများရှိခဲ့ရင် အမိန့်ရှိပေးပါဦး ဘုရား"

"အိမ်တွင်းမှာ အားထုတ်ဖို့ နည်းရှိတာပေါ့ ဒကာကြီး။ ဒါပေမဲ့ စာဝါချဖို့ အချိန်ရောက်နေပြီ။ နောက်မှ အိမ်တွင်းဝိပဿနာ ဆက်ကြတာပေါ့"

**တရားတမန် အများထံ အမှန်ရောက်စေသော်။**

**ဓမ္မဒူတ-မောင်စစ်ကိုင်း**

ဉာဏ်လင်း - ဖေဖော်ဝါရီ၊ ၁၉၉၅-ခုနှစ်၊

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



# ကိုယ်ပိုင်နွားကျောင်းသား

မမွဒူတာ–မောင်စစ်ကိုင်း

"ဆရာတော်ကြီးဘုရား၊ ဘုရားတပည့်တော် အတွက် လမ်းညွှန်ဆုံးမ အဆုံးအဖြတ် ပေးတော်မူပါ ဘုရား "

မိမိသည် ဤစကားရပ်ကို ဆရာတော်ဘုရားကြီး အား လျှောက်ထားလိုသည်မှာ ကြာလှပေပြီဟု ဆိုလည်း မှန်ပေသည်။ မကြာမြင့်သေးဟု ဆိုချေကလည်း မှန်ပေ သည်။

မိမိသည် ဗုဒ္ဓမြတ်စွာ သာသနာ့ဘောင်အတွင်း သို့ ဝင်ရောက်လာချိန် မတိုင်မီကပင် အလုပ်တစ်ခု ဆောင်ရွက်တော့မယ်ဆိုလျှင် မိမိထက် နားလည်သူ၊ ဗဟုသုတ အကြားအမြင်ရှိသူ၊ အတွေ့အကြုံရှိသူ၊ လမ်း မှန်ကို ကွဲပြားခြားနားစွာ ညွှန်ပြနိုင်သူတို့ကို တိုင်ပင် နှီးနှောသည်။ အဆုံးအမကိုခံယူသည်။ အဆုံးအဖြတ်ကို မျှော်လင့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မိမိအတွက် အကျိုးလည်းရှိစေရမည်။ အများအတွက်လည်း အကျိုးရှိစေမည် " ဟူသော အဓိဋ္ဌာန်ချက်အတွင်းမှ လမ်းညွှန်ခင်းပြသည့် လမ်းမှန်ကို လျှောက်မိအောင် ကြိုးစားပါသည်။ ဤအချက်ကိုပင် မိမိနှင့် နှလုံးသွင်းမတူသူတို့က 'အရည်အချင်း နည်းသည်၊ သူများအဆုံးအဖြတ်ပေါ် မှီခိုနေသည်၊ ကိုယ့်လမ်းကို ကိုယ်ကိုယ်တိုင် မှန်မမှန် မရွေးတတ်' ဟု ဆိုတတ်ကြသေး၏။

မိမိ ဝန်ခံပါသည်။ ကိုယ့်လမ်းကို မှန်/မမှန် မဆုံးဖြတ်တတ်သေးပေ။ ဘဝသံသရာတစ်လျှောက်မှာ ခရီးပေါက် တိုးတက်အောင် လျှောက်နေသူတိုင်းကား ကောင်းလမ်း၊ ဆိုးလမ်းတို့၏ လမ်းအဆုံးကို တွေ့တတ်ပေသည်။

ထိုအခါ မိမိ ခွဲခြားနိုင်သော လမ်းဆုံးဖြစ်ပါက တွေဝေငေးမော၍ ရပ်နေစရာမလိုပါ။ ကောင်းလမ်းကိုသာ ဆက်လျှောက်ရပါမည်။ လျှောက်လည်း လျှောက်ခဲ့ပါသည်။

အကယ်၍ အကောင်းလမ်းခရီးတစ်ခုတည်း၌ပင် ကောင်းလမ်းနှစ်မျိုး ရှိခဲ့သော် သို့တည်းမဟုတ် လမ်း

www.burmeseclassic.com

www.burmeseclassic.com



ဆုံအနိုး နားခိုစရာ ဇရပ်ကြီးနှင့် အသီးသီးသော အပန်းဖြေစရာ အဆောက်အအုံငယ်တို့ ရှိခဲ့သော် ခရီးသည်မိမိက ဘယ်အရပ်၌ နားခိုဦးမည်နည်း။ ဘယ်အရပ်၌ နားခိုသည်က မိမိအကျိုး၊ သူတစ်ပါးအကျိုး နှစ်မျိုးစလုံးကို ဆောင်ရွက်ပေးနိုင်မည်နည်း။

လမ်းညွှန်ဆုံးမမည့်ဆရာ လိုချေသည်။ အားကိုးအားထားစရာဆရာ လိုချေသည်။ ဆရာမလို၊ ကိုယ်သာလျှင် ဆုံးဖြတ်ဟု ဆိုချေက ဖြစ်သင့်တော့ ဖြစ်သင့်ပါ၏။ သို့သော် ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် လျှောက်လမ်းပေါက်မြောက် ခရီးရောက်သည်ကား ဗုဒ္ဓမြတ်စွာ တစ်ပါးသာ ရှိချေသည်။

ထို့ကြောင့် မိမိတို့၏ ကျေးဇူးတော်ရှင် ဆရာသခင်၏ ဆရာဖြစ်တော်မူသော သက်တော် (၉၀)ကျော်၊ ပရိယတ္တိမှ၊ ပဋိပတ္တိမှတို့၌ ကျွမ်းကျင်လိမ္မာစွာ နိုင်နင်းသည်နှင့်အမျှ ကျင့်ကြံဆောင်ရွက်တော်မူသော စစ်ကိုင်းတောင်ရိုး နန်းဦးတိုက် ဆရာတော်ဘုရားကြီးအား မေးလျှောက်ထားခြင်း ဖြစ်ပေသည်။

"မောင်စစ်ကိုင်း လျှောက်ထားပုံက လမ်းညွှန်ဆုံးမရမှာရယ်၊ အဆုံးအဖြတ်ပေးရမှာရယ် နှစ်မျိုးဖြစ်နေ

www.burmeseclassic.com

www.burmeseclassic.com



ပါလား။ ဒီလိုဆိုရင် လမ်းကောင်းမကောင်းကို နားလည်အောင် ပြောပြရမယ်။ နောက်ပြီး ဘာလုပ်လို့လဲ တစ်ခါတည်း ယတိပြတ် အမိန့်ချရမလို့ ဖြစ်နေပါပေါ့လား။ မောင်စစ်ကိုင်းက အခုလမ်းလျှောက်တဲ့ခရီး ဘယ်ဆီပေါက်လို့ ဘယ်ဆီရောက်နေပြီလဲ၊ လျှောက်ထားစမ်းပါဦး"

"မှန်လှပါ အရှင်ဘုရား၊ ဘုရားတပည့်တော်က သာသနာကို ကြည်ညို၊ ရတနာသုံးပါးကို မှီခိုအားထားစရာလို့ ဆုံးဖြတ်ယုံကြည်မှုနဲ့ သာသနာ့ဘောင်အတွင်း ရောက်လာခဲ့ပါတယ်ဘုရား"

"အေးလေ၊ တို့များ သိထားပါတယ်"

"အဲဒီအချိန်ကလည်း လမ်းကောင်း လမ်းဆိုးပိုင်းခြားသိလို့ လမ်းကောင်းဘက်ကို လျှောက်လှမ်းခဲ့ပါတယ်ဘုရား။ ယခုအချိန်မှာဖြင့် ဘုရားတပည့်တော်က သာသနာ၀န်ထမ်း ရှင်ရဟန်းအနေနဲ့ သာသနဓဇ မဟာစရိယဆိုတဲ့ ဘွဲ့အပြင် သီးခြားမြို့နယ်စာပြန်ပွဲတွေက မဟာစရိယဘွဲ့မျိုးလည်း ရထားခဲ့ပါပြီဘုရား။

"တပည့်တော်ကိုယ် တပည့်တော်က သင့်တင့်တဲ့ အရွယ် ရောက်နေပြီလို့ သတ်မှတ်ထားပါတယ်ဘုရား။

www.burmeseclassic.com

www.burmeseclassic.com



တပည့်တော် ဘာဆက်လုပ်ရမလဲဆိုတာ အမိန့်ရှိပေးတော်မူပါဘုရား”

“မောင်စစ်ကိုင်း၊ မောင်စစ်ကိုင်း၊ ကိုယ်က သာသနာ့ဝန်ထမ်းဆိုတာ ကိုယ်မမှတ်မိလေရော့သလား။ သာသနာ့ဝန်ထမ်း ဖြစ်သည်နှင့်အညီ သာသနာ့တာဝန် ဆက်ထမ်းပေါ့လေ”

“မှန်လှပါ အရှင်ဘုရား။ သာသနာ့တာဝန် ထမ်းရွက်ရာမှာ မိမိအတွက်၊ သူတစ်ပါးအတွက် ကောင်းကျိုးဖြစ်စေမယ့် အလုပ်မျိုးတွေ ဆောင်ရွက်ချင်ပါတယ်ဘုရား။ ယခုဖြစ်နေတာက စာသင်တိုက်ကြီး တစ်ခုမှာ ပရိယတ္တိဓမ္မလည်း ပို့ချပေးချင်စိတ် ထက်သန်နေပါတယ်ဘုရား။ နောက်ပြီး တရားဟော၊ တရားပြ၊ ကိုယ်တိုင်လည်း ကျင့်ကြံမှု ပိုမိုပြီး အားပြုချင်ပါတယ်ဘုရား”

“အေးလေ၊ မောင်စစ်ကိုင်းရဲ့ အဲဒီလုပ်ငန်းတွေဟာ သာသနာ့ဝန်ထမ်းတွေ လုပ်ရမယ့်အလုပ်ပဲ။ ဒါတွေ လုပ်ရမှာပေါ့”

“မှန်လှပါ အရှင်ဘုရား။ ဒါပေမယ့် စာပေပို့ချတဲ့ ပရိယတ္တိဓမ္မ စာချဆရာတော်များကို ပဋိပတ္တိဓမ္မ

www.burmeseclassic.com

www.burmeseclassic.com



အားသန်တဲ့ ပုဂ္ဂိုလ်များက နွားကျောင်းသားနဲ့ တူတယ်လို့ အမိန့်ရှိကြ၊ ပြောဆိုနေကြပါတယ် ဘုရား"

"ပဋိပတ္တိဓမ္မ ကျင့်ကြံမှုလမ်းဘက်ကို လျှောက် လှမ်းတော်မူကြတဲ့ အရှင်မြတ်တွေကို ပရိယတ္တိဓမ္မ ဘက်ကို ထက်သန်တဲ့ ပုဂ္ဂိုလ်တွေက သာသနာ အစွန့် ရှည်ရေး မကြည့်၊ ကိုယ်ကျိုးကြည့်သမားတွေလို့ ပြောဆို နေတာတွေ ကြားနေရပါတယ် ဘုရား။ အဲဒီအတွက် ဘုရားတပည့်တော်ကို လမ်းညွှန်ဆုံးမ အဆုံးအဖြတ် ပေးတော်မူပါဘုရား"

"ဩော် ဟုတ်ပြီ၊ ဟုတ်ပြီ။ လမ်းညွှန်ပေးဖို့က ပရိယတ္တိဓမ္မအတွက်ရော ပဋိပတ္တိဓမ္မအတွက်ပါ ကြိုးစား အားထုတ်တဲ့အလုပ် နှစ်ခုစလုံးကိုသာ လုပ်ပါလို့ လမ်း ညွှန်ရမှာပဲလေ"

" ဆုံးမပါဆိုတဲ့ စကားအရကတော့ သေသေ ချာချာ မှတ်ထား။ ဘာလို့လဲဆိုရင် သာသနာတော်မှာ ဂန္ထဓူရ စာပေသင်ကြားမှုနဲ့ ဝိပဿနာဓူရတရား ကျင့် မှုလို့ ဓူရနှစ်ဖြာ တာဝန်နှစ်ခုကို ဘုရားရှင်ကိုယ်တော် မြတ်ကြီးက တာဝန်အပ်နှင်းထားတယ် ဆိုတာ သံယာ

www.burmeseclassic.com

www.burmeseclassic.com



တော်တိုင်း သိကြပါတယ်။ ဒီတာဝန် နှစ်ရပ်စလုံးကို ထမ်းရွက်ရမှာပဲလို့လည်း စိတ်ထဲမှာ ဆုံးဖြတ်ထားရမယ်"

"တစ်ခုတော့ ရှိတာပေါ့။ ကျမ်းမာရေးကြောင့် ဖြစ်စေ၊ ကိုယ်ရဲ့ တတ်နိုင်တဲ့ အားအစွမ်းကို ချင့်ချိန်ပြီးတော့ ဖြစ်စေ၊ အခြေအနေပေးမှုပေါ် မူတည်၍ ဖြစ်စေ၊ ဒါတွေကို ထောက်ထားပြီး တာဝန်တစ်ခုသာ တက်နိုင်ရင် ကိုယ်နဲ့မျှတရာ တာဝန်ကိုသာ ထမ်းရွက်ရမှာပဲ"

"ပရိယတ္တိသမားတွေကို နွားကျောင်းသားတွေလို့ ပြောကြတာက ဒီစကားက မပြောသင့်ပါဘူး။ ဒါပေမဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောထားခဲ့တဲ့ အထဲမှာ ဝိပဿနာဓုရကို မကျင့်ကြံဘဲ ဂန္ထဓုရသာ အားသန်တဲ့ ပုဂ္ဂိုလ်တွေကို နွားကျောင်းသားနဲ့တူတယ်၊ အခစားဖြစ်လို့ အခငွေသာရနိုင်တယ်။ နွားရဲ့အရသာ နွားနို့ကို ဘယ်လိုမှ မသောက်ရဘူးလို့ ကဲ့ရဲ့ မိန့်ဆိုထားတာရှိတယ်လေ။

" တကယ်လို့များ ဂန္ထဓုရစာပေ သင်ကြားပို့ချနေပြီး ဝိပဿနာဓုရကိုလည်း အားထုတ်လို့ တာဝန်နှစ်ပါး တစ်ပြိုင်နက် ဆောင်ရွက်ကြမယ်ဆိုရင် စာပေသမား

www.burmeseclassic.com

www.burmeseclassic.com



တွေကို နွားကျောင်းသားတွေလို့ပဲ သတ်မှတ်စေဦးတော့ ဘယ်လိုနွားကျောင်းသားလဲ မေးရင် ကိုယ်နွားတွေ ကိုယ်ကျောင်း၊ ကိုယ်ထိန်းသိမ်း စောင့်ရှောက်တဲ့ နွားပိုင်ရှင်ပေါ့။ ကိုယ်ပိုင်နွားကျောင်းသားပေါ့။ နွားအရသာဖြစ်တဲ့ နွားနို့ကို ကိုယ်ကြိုက်သလိုလည်း သောက်သုံးနိုင်တာပေါ့။ အဲဒီလို စာလည်းသင်၊ ကျင့်လည်း ကျင့်၊ သင်ရင်း ကျင့်၊ ကျင့်ရင်းသင်၊ ဒီလိုဖြစ်ရမယ်လေ"

" အဲဒီလိုဆိုရင် ဘုရား၊ စာပေ ပရိယတ်တာဝန် ထမ်းဆောင်နေကြတဲ့ အရှင်မြတ်တွေက ဝိနည်းလေးစားလို့ သီလကျင့်၊ စာပေထဲကအတိုင်း သမာဓိ၊ ပညာတွေ တိုးတက်အောင် ကျင့်နေရင် ဒါအကောင်းဆုံးပေါ့နော် ဘုရား"

"ဒီလိုပဲ ဖြစ်သင့်တယ်လေ။ ပရိယတ်အတွက် တာဝန် မထမ်းရွက်နိုင်လို့ ပဋိပတ်သာ ကြိုးစားတဲ့ အရှင်မြတ်တွေကို ကိုယ်ကျိုးကြည့် သမားလို့လည်း မပြောသင့်ဘူးလေ။ ခေါင်းတစ်လုံးတည်း အိုးနှစ်လုံးရွက်နိုင်ရင် ရွက်၊ မရွက်နိုင်ရင် အိုးတစ်လုံးကိုတော့ ရွက်ကို ရွက်ရမယ်လေ။ ပဋိပတ်အကျင့်မြတ် ကျင့်သူတွေက မိမိ သိထားသည့် ပရိယတ်စာပေအတိုင်း ကျင့်ကြ၊ အခြား

www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂိုလ်တွေကို သိသင့်တာတွေ ပြန်ပြောရင်လည်း ကောင်းမြတ်တဲ့ အလုပ်နှစ်မျိုးလုံးကို လုပ်ရာရောက်တာပါပဲ"

" ဆရာတော်ဘုရားကြီး အမိန့်ရှိသလို ဆိုရင် စာသင်တိုက်ကြီး တည်ထောင်၊ စာပေပို့ချ၊ သီလ သမာဓိ ပညာ အကျင့်တွေကို သင်ရင်းကျင့်၊ ကျင့်ရင်းသင်၊ ကြိုးစား၊ တရားဓမ္မတွေကိုလည်း ဟောပြောပြသ၊ အဲဒီလို စွမ်းနိုင်သမျှ ဆောင်ရွက်ရမှာပေါ့နော် ဘုရား "

" ဟုတ်တယ်လေ၊ မိမိက စွမ်းနိုင်ပါလျက်နဲ့ စာပေပို့ချမှုတွေ မလုပ်ဘဲ အားထုတ်မှု တစ်ခုတည်းကိုသာ ဆောင်ရွက်မယ်ဆိုရင် ပြောင်းဖူး၊ ကန်စွန်းဉ မျိုးစေ့မျိုးဉတွေကို ပြုတ်စား၊ ဖုတ်စားသလို သာသနာမျိုးစေ့တွေကို ပြုတ်စားတယ်လို့ သတ်မှတ်သင့်တာပေါ့"

"ဘုရားတပည့်တော် သဘောပေါက် နားလည်အောင် ဆက်လက်ရှင်းပြတော်မူပါဦးဘုရား"

"ရှင်းပြဆိုရင် လက်တွေ့နဲ့ ပြောပြမယ်လေ။ အခု မောင်စစ်ကိုင်းတို့ ဆရာတော်ဖြစ်တဲ့ ဓမ္မဒူတ အရှင်ပညာဇောတဟာ တစ်ကိုယ်တည်းအတွက် တောထွက်ပြီး အနှစ်နှစ်ဆယ်ကျော် တောရတွေမှာ ဝိပဿနာရှုရတွေ

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး အားထုတ်ခဲ့တယ်လေ။ သူ့မှာက ပရိယတ္တိစွမ်းအားအနေနဲ့ သာသနဇောသီရိပဝရဓမ္မာစရိယ၊ ဝိသိဋ္ဌဒီဃဘာဏက စတဲ့ ပရိယတ္တိစွမ်းအားတွေ အများကြီး ရှိနေတယ်လေ"

"သူတို့လို ပုဂ္ဂိုလ်တွေသာ တစ်ကိုယ်တည်းအတွက် ကြည့်နေမယ်၊ တောထွက် အားထုတ်မှုသာ ပြုနေမယ်ဆိုရင် မောင်စစ်ကိုင်းတို့လို အခု သံဃာတစ်ရာကျော်၊ သီလရှင် ငါးဆယ်ကျော်ဆိုတဲ့ သာသနာ့မျိုးစေ့သစ်တွေ နှစ်တိုင်း နှစ်တိုင်း ပေါ်လာနိုင်ပါ့မလား"

"ဆရာတော်သာ ဓမ္မဒူတတောရ ပရိယတ္တိစာသင်တိုက်ကြီး မတည်ထောင်ခဲ့ရင် တစ်နှစ်တစ်နှစ် သာသနာ့မျိုးစေ့ တစ်ရာကျော် မပေါ်လာနိုင်တော့ပါဘုရား"

"အေးလေ၊ အဲဒီလို သာသနာ့မျိုးစေ့တွေကို မတိုးပွားစေဘဲ မျိုးစေ့ပြုတ်စားလိုက်ရင် သာသနာကြီးကုန်ခမ်းပျောက်ကွယ်ပြီး မသွားနိုင်ဘူးလား"

"အသေအချာ ပျောက်ကွယ်သွားမှာပါ ဘုရား"

"အခုဆိုရင် မောင်စစ်ကိုင်းတို့ဆရာက စာပေလည်း ပို့ချ၊ တရားလည်းဟော၊ တရားလည်းပြ၊ စာလည်း

www.burmeseclassic.com

www.burmeseclassic.com



ရေး၊ မိမိကိုယ်တိုင်လည်း သီလ၊ သမာဓိတွေ ပြည့်စုံတိုးပွားအောင် ကျင့်ကြံနေတော့ အခစား န္တားကျောင်းသားလား၊ ကိုယ်ပိုင် နွားကျောင်းသားလား"

"ကိုယ်ပိုင်နွားကျောင်းသားပါ ဘုရား"

"အေး ဟုတ်ပြီ၊ မောင်စစ်ကိုင်း လျှောက်ထားသလို လမ်းညွှန်ဆုံးမပြီးပြီ။ အဆုံးအဖြတ်ပေးဖို့ ကျန်သေးတယ် မဟုတ်လား"

"အဓိကကျတဲ့ ဆရာတော်ဘုရားကြီးရဲ့ ဆုံးဖြတ်ချက်ကို နာခံဖို့ အသင့်ပါဘုရား"

"အေး မှတ်ထား၊ အခစား နွားကျောင်းသား မလုပ်နဲ့၊ ကိုယ်ပိုင်နွားကျောင်းသား ဖြစ်အောင်လုပ်"

"ဆရာတော်ဘုရားကြီးရဲ့ အဆုံးအဖြတ်အတိုင်း မဖြစ်ဖြစ်အောင် ဆောင်ရွက်ပါတော့မယ် ဘုရား"

မိမိမဆုံးဖြတ်နိုင်သော အဆုံးအဖြတ်ကို လမ်းညွှန်ဆုံးမပေး၍ ဆုံးဖြတ်ပေးတော်မူသော ဆရာတော်ဘုရားကြီး၏ ကျေးဇူးကား ကြီးမားလှပါပေ၏။

အဆုံးအမ နာခံ၊ အဆုံးအဖြတ် ကျင့်ကြံဖို့အတွက် လျှောက်ရာလမ်းကို မျှော်မှန်းကြည့်မိလိုက်

www.burmeseclassic.com

www.burmeseclassic.com



ပေသည်။ မိမိ လျှောက်ရမည့်လမ်းကား ကျေးဇူးတော်ရှင် မဗ္ဗဒူတ ဆရာတော်ကြီးကဲ့သို့ စာပေလည်း ပို့ချ၊ တရားလည်းဟော၊ တရာလည်းပြ၊ စာလည်းရေးသား၊ ကိုယ်တိုင်လည်း ကျင့်ကြံကြိုးကုတ်အားထုတ်ပါက အခစားနွားကျောင်းသားဘဝမှ လွတ်မြောက်၍ နွားအရသာ နွားနို့ကို လူတိုင်းသောက်သုံးနိုင်ကြသော 'ကိုယ်ပိုင်နွားကျောင်းသားဘဝ' ကို ရောက်ရမည်မှာ သေချာပေသည်ဟု ယုံကြည်မိပါသည်။

မဗ္ဗဒူတ - မောင်စစ်ကိုင်း

မဗ္ဗဒူတတောရ၊ တောင်စွန်း

မွန်ပြည်နယ်။

သီလဝ - အတွဲ (၉)၊ အမှတ် (၁)၊

www.burmeseclassic.com

www.burmeseclassic.com



# အလွယ်ဆုံးအလုပ်

စမ္မဒူတာ –မောင်စစ်ကိုင်း

"လေယာဉ်မောင်းတာနဲ့ ထမင်းချက်တာ ဘယ်ဟာလွယ်သလဲ"

ဤမေးခွန်းကို မိမိသည် အလုပ်တစ်ခုလုပ်ရန် ခက်ခဲနေသည်ဟု ပြောသူတိုင်းကို မေးနေကျဖြစ်ပါသည်။

"ဒါကတော့" ဟူ၍ မျက်နှာအသွင်တစ်မျိုးဖြင့် ဒီမေးခွန်းက လွယ်လွယ်လေး ကလေးတွေမေးလည်း သိပါတယ်ဟူသော ပုံစံမျိုးရှိသော အဖြေရှင်များကိုလည်း တွေ့ရသည်။

တစ်ချို့သော သူများအနေဖြင့် "ထမင်းအိုးချက်တာက လွယ်တာပေါ့" ဟု ချက်ချင်းပင် ဖြေတတ်ကြသည်။ မေးခွန်း၏ အတိမ်အနက်ကို မစဉ်းစားပါချေ။

www.burmeseclassic.com

www.burmeseclassic.com



"လုပ်တတ်ရင် လွယ်တယ်၊ မလုပ်တတ်ရင် မလွယ်ဘူး"ဟု တစ်ဆင့်တက်၍ အမေးမဆက်လေ အောင် "ဒါလေးများ၊ သိပါတယ်" ဟု မဖြေချင် ဖြေချင် အဖြေပေးတတ်ကြသည်။

တစ်ချို့တစ်ချို့သော သူများသည် စကား၏ အသွားအလာ ဆိုလိုနိုင်သည့် အဓိပ္ပါယ်၊ သိစေချင်သော သဘောတရားတို့ကို နှိုင်းချိန်၍ အဖြေပေးဖို့ကတော့ ခပ်ခက်ခက်ပါပဲဟု ဆိုတတ်သူများလည်း ရှိတတ်သည်။

မိမိသည် မည်သို့သော အဖြေရှင်များနှင့် တွေ့ဆုံစေကာမူ မိမိသိစေလိုသော အဓိပ္ပါယ်သို့မရောက် ရောက်အောင် ဖြေကြားလျက် ခေါ်ဆောင်တတ်လေ သည်။ မရ ရအောင်လည်း ခေါ်ဆောင်ရပေမည်။

လေယာဉ်မောင်းတာနဲ့ ထမင်းချက်တာ ဘယ် ဟာ ခက်သလဲဆိုရင် -

မိမိ၏စာကို ဆက်၍မဖတ်သေးမီ စာဖတ်သူ ကိုယ်တိုင် အဖြေတစ်ခုခုကို နှလုံးသွင်းဖြေထားစေချင် ပါသည်။

"ဒါကတော့" ဘယ်လိုပဲဆိုဆို၊ "ထမင်းချက် တာက လွယ်တာပေါ့"ပဲ ပြောပြော လုပ်တတ်ရင်

www.burmeseclassic.com

www.burmeseclassic.com



လွယ်တယ်၊ မလုပ်တတ် မလွယ်ဘူး" ဟု နှလုံးသွင်းသွင်း၊ ဒါမှမဟုတ် သီးခြားအဖြေတစ်ခုကို ဖြစ်စေ ရှေးဦးစွာ ဖြေထားစေ ချင်ပါသည်။

လေယာဉ်မောင်းတတ်ပေမယ့် ထမင်းမချက် တတ်တဲ့ သူတွေဆိုရင် ထမင်းချက်တာ ခက်တာပဲပေါ့။ ထမင်းချက်တတ်ပြီး လေယာဉ်မမောင်းတတ်သူတွေက များစွာတွေ့ဖူး မြင်ဖူးတော့ လေယာဉ်မောင်းတာက များသောအားဖြင့် ခက်သလိုလိုပါပဲ။

အလုပ်တွေကို အမည်တပ်ပြီး တစ်ခုနဲ့တစ်ခု နှိုင်းယှဉ်မှု မပြုဘဲ အလုပ်သဘောကို စဉ်းစားကြည့်ကြ ပါစို့။

အလုပ်ဆိုတာကလည်း လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ နိုင်ငံရေး၊ ဘာသာရေး၊ ကုသိုလ်ရေး စသည့် စသည်အားဖြင့် အရေးအရာတွေနဲ့ ခွဲပြောရင် အလုပ် တွေက မျိုးစုံပဲရှိပေသည်။

စီးပွားရေးအလုပ်ကိုပဲ ပြန်ခွဲရင် ဈေးရောင်း ဈေးဝယ် ကုန်သည်အလုပ်၊ ဝန်ထမ်းအလုပ်၊ နေ့စား အလုပ်၊ ကိုယ်ပိုင်အလုပ် စသည်ဖြင့် အမျိုးမျိုးရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကုသိုလ်အလုပ်၊ အကုသိုလ်အလုပ် ခွဲခြားဝေဖန်ဖို့ထက် ဘယ်အလုပ်က အလွယ်ဆုံးအလုပ်ဖြစ်သလဲဆိုတာ စီစဉ်ဖို့ အဓိကဖြစ်နေပါသည်။

ထို့ကြောင့် အလွယ်ဆုံးအလုပ်ဟု သတ်မှတ်နိုင်ရန် လုပ်ချင်စိတ်ရှိသော အလုပ်လည်း ဖြစ်ရမည်။ လုပ်လည်း လုပ်တတ်ရမည်။ လုပ်နေကျလည်း ဖြစ်ရပေမည်။

ဤသုံးချက် အဓိကဖြစ်သည်။

ဤသုံးချက် ပြည့်စုံလျှင် အားကောင်းလျှင် အလွယ်ဆုံးအလုပ် ဖြစ်လာလေသည်။ လုပ်ချင်တာရှိသော အလုပ်ဖြစ်ရမည်ဆိုရာ၌ ဤအလုပ်ကို မိမိကိုယ်တိုင်ကလည်း လုပ်ချင်စိတ်ရှိရမည်။ လုပ်ကိုင်လျှင်လည်း ဖြစ်ရမည်ဟု စိတ်နှင့်တကွ ဆန္ဒရှိရမည်။ ဖြစ်မည်ဟု ယုံကြည်မှု စိတ်ဆန္ဒရှိရမည်။

လုပ်လည်း လုပ်တတ်ရမည်ဟူရာ၌ မိမိလုပ်ကိုင်မည့် လုပ်ငန်းနှင့်ပတ်သက်၍ ဤသို့လုပ်လျှင် အမှား၊ ဤသို့လုပ်လျှင် အမှန်၊ ဤသို့လုပ်လျှင် အကောင်း၊

www.burmeseclassic.com

www.burmeseclassic.com



၍ သို့လုပ်လျှင် အဆိုးစသည်အားဖြင့် သိနိုင်သော ဗဟုသုတ ပညာ၊ စဉ်းစားဆင်ခြင်သော စိန္တာမယပညာ၊ တကယ်လုပ်သောအခါ၌ တိုးတက်ကြီးပွားအောင် ဆောင်ရွက်နိုင်သောပညာ စသော အသိပညာရှိလျှင် အလုပ်ကို လုပ်တတ်ကိုင်တတ်ရှိသည်ဟု ခေါ်ပါသည်။

လုပ်လည်းလုပ်နေကျ ဖြစ်ရမည်ဟူသည်မှာ အလုပ်တစ်ခုကို လုပ်ချင်စိတ်ရှိ၍ လုပ်ကိုင်နည်း၊ သိသည့်အတိုင်း လုပ်ကိုင်သော်လည်း တစ်ကြိမ်တစ်ခါ အနည်းငယ်မျှ ပြုရုံမျှဖြင့် အကျိုးမဖြစ်ထွန်းနိုင်ပါ။ မဖြစ်နိုင်သော အလုပ်တွေသာ များပေ၏။

မိမိလုပ်ကိုင်သော အလုပ်ကို နည်းမှန်လမ်းမှန်ဖြင့် ထပ်ကာထပ်ကာ ပြုလုပ်နေလျှင် ဝီရိယအားကောင်းလျှင် အလုပ်လုပ်နေကျဖြစ်လျှင် အလုပ်သည် လွယ်ကူလာပေ၏၊ တိုးတက်လာပေ၏၊ အောင်မြင်လာပေ၏။

ထို့ကြောင့် အလွယ်ဆုံးအလုပ်ဟူသည် လုပ်ချင်စိတ်ရှိသောအလုပ်၊ လုပ်တတ်သောအလုပ်၊ လုပ်နေကျအလုပ်ဟူသော အင်္ဂါဖြင့် ညီမျှမှသာ ခေါ်ဆိုနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



အဓိကအားဖြင့် စိတ်ဆန္ဒ၊ အသိပညာ၊ ကြိုးစားမှု၊ ဝီရိယတို့ ပြည့်စုံအားကောင်းပါ၏။ အလွယ်ဆုံးအလုပ်ပင်ဖြစ်ပေသည်။

မသူတော်သည် မကောင်းမှုကို ပြုလွယ်၏။ သူတော်ကောင်းသည် ကောင်းမှုကို ပြုလွယ်၏။ ပုထုဇဉ်သဘာဝ မကောင်းမှုကို ပြုရာ၌ ပင်ကိုယ်စိတ်ဆန္ဒအားဖြင့် ပြုချင်သောစိတ်ဆန္ဒရှိနေ၏။ မောဟ၊ ဝိတက်စသော ပညာအတုအယောင်ဆောင်နိုင်သော ကိလေသာတို့ဖြင့် ပြုလုပ်တတ်၏။ အကုသိုလ်ကို ထပ်ကာထပ်ကာ ပြုနေကျ မကောင်းသော လုံ့လလည်း ရှိ၏။ ထို့ကြောင့် မကောင်းမှုကို ပြုရန်လွယ်ကူသူမှာ အန္ဓပုထုဇဉ် သို့မဟုတ် မသူတော်ဖြစ်ပေသည်။

ကလျာဏပုထုဇဉ်အစ အရိယာအပေါင်း သူတော်ကောင်းတို့သည်ကား မကောင်းမှုကို ပြုချင်စိတ်မရှိ၊ ကောင်းမှုကိုသာ ပြုချင်စိတ်ရှိ၏။ မကောင်းမှုပြုရန် နည်းလမ်းကို မကြံစည်၊ ကောင်းမှုကိုသာ ပြုရန် စဉ်းစားကြံစည် အသိဉာဏ်တိုးလျက် ရှိ၏။ ကောင်းမှုအားကိုး ကောင်းမှု၌ ပျော်လျက် ကောင်းမှုကိုသာ ပြုနေကျဖြစ်ကုန်၏။ ထို့ကြောင့် ကောင်းမှုကို ပြုရန်လွယ်ကူ၏။

www.burmeseclassic.com

www.burmeseclassic.com



ဘဝတစ်ခုလုံး၌ အချိန်ဖြုန်း လူမုန်းသော အလုပ်များကို မိမိတို့ ပြုလုပ်ရတာ လွယ်ကူနေသည်ဟု ဆိုလျှင် မိမိတို့၏ စိတ်ဆန္ဒပညာ ဝီရိယဟူသော သူတော်ကောင်းတရားတို့ ဓာတ်ခံအား ညံ့နေသည်ကို သိနိုင်ပေသည်။

မိမိ, သူတစ်ပါး အများအတွက် အကျိုးရှိ၊ ကောင်းလည်းကောင်းသော အလုပ်များ အပြောများ၌ လွယ်လင့်တကူ ပြုနိုင်သည်မှာ သူတော်ကောင်း စိတ်ဆန္ဒ ပညာ ဝီရိယတို့ အင်အားကောင်းသောကြောင့် ဖြစ်ပါသည်။

ထို့ကြောင့် ကောင်းသောအလုပ်ကို အလွယ်ဆုံးဖြစ်အောင် ကြိုးစားလျက် မကောင်းသောအလုပ်ကို ပြုလုပ်ရန် ခက်ခဲပြီးလျှင် စိတ်ဆန္ဒပညာ ဝီရိယတို့ ကောင်းသော သူတော်ကောင်းစိတ်ဓာတ်များ တိုးတက်များပြားဖို့သာ အမြဲကြိုးစားကြစေချင်ပါသည်။

တရားတမန် အများထံ အမှန်ရောက်စေသော်။

ဓမ္မဒူတ -မောင်စစ်ကိုင်း

ရတနာမွန် - အတွဲ (၂၅)၊ အမှတ် (၅)၊

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



# ဈေးရောင်းရင်း ပါရမီဖြည့်မယ်

ဓမ္မဒူတ ဓမောင်စစ်ကိုင်း

သံသရာဆိုသည်ကို ကရွတ်ကွင်းနှင့် ခိုင်းနှိုင်းဖွဲ့ဆိုကြသည်။ သံသရာအတွင်း သုံးဆယ့်တစ်ဘုံကိုလည်း အဝိုင်းကြီးပမာ အဆုံးအစ ရှာမရဟု တင်စားကြသည်။ သုံးဆယ့်တစ်ဘုံအတွင်း တည်နေကြသော သတ္တဝါတွေသည် ကရွတ်ကွင်းကို ကင်းပတ်၍ လျှောက်သလို တစ်ပတ်ပြီးတစ်ပတ်၊ တစ်ပတ်ပြီးတစ်ပတ် မရပ်မနား တစ်သွားထဲ သွားနေကြရကုန်၏။ သံသရာတစ်ပတ်ကို ရပ်၍ ထွက်သွားကြသော သတ္တဝါတို့နှင့် မမောနိုင်မပမ်းနိုင် မှိုင်တွေနစ်မောလိုက် ပြုံးပျော်ပိုက်ဖြင့် သံသရာကို မရပ်၊ ဆက်ကာဆက်ကာ လှည့်ပတ်နေသော သတ္တဝါဟူ၍ နှစ်မျိုးနှစ်စား ရှိကြလေ၏။ သံသရာလည်သူနှင့် ထွက်သူ ဟူ၍လည်း ခွဲခြားနိုင်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နည်းအားဖြင့် သတ္တဝါတို့ကို တစ်မျိုး တစ်မည်အားဖြင့် ခွဲခြားပြန်သော် ကိုယ်ကာယ တည်း ဟူသော ရုပ်ခန္ဓာသက်သက်သာရှိသော ပုဂ္ဂိုလ်၊ စိတ် တည်း ဟူသော နာမ်ခန္ဓာသက်သက်သာရှိသော ပုဂ္ဂိုလ်၊ ကိုယ်နှင့်စိတ်ပေါင်းစပ်၍ ရုပ်နာမ်ခန္ဓာ နှစ်ပါး တွဲစပ် ထားသော ပုဂ္ဂိုလ်ဟူ၍ တွေ့မြင်ရပြန်သည်။

ထိုသုံးမျိုးသော သတ္တဝါတို့တွင် ရုပ်ခန္ဓာ သက်သက်သာရှိသော အသညသတ်ဘုံမှ သံသရာကို ထွက်မြောက်မှု မရနိုင်၊ အပါယ်ကြဉ်ထား ရုပ်နာမ်ခန္ဓာ ရှိသော လူ့ဘုံ နတ်ဘုံ ဗြဟ္မာ့ဘုံမှလည်းကောင်း၊ နာမ် ခန္ဓာသက်သက်ရှိသော အရူပဗြဟ္မာ့ဘုံမှလည်းကောင်း သံသရာကို ထွက်မြောက်မှု ရနိုင်ပေသည်။

သံသရာမှ ထွက်မြောက်ခြင်းသည် များမြတ် လှစွာသော အကျိုးတရားများကို ရခြင်း ဖြစ်ပေသည်။ အကြောင်းရင်းကို ရှာကြည့်သော် သာမန်အားဖြင့် စိတ်ဟူသော နာမ်ခန္ဓာရှိသောကြောင့်ပေတည်း။

ထိုသို့ဆိုလျှင် စိတ်နာမ်ခန္ဓာရှိသော သတ္တဝါ တိုင်း သံသရာမှ ထွက်မြောက်မှု အကျိုးမြတ်ကို ရကြကုန် သလော။ ဤသို့လည်း မဟုတ်သေးပေ။ စိတ်ရှိရုံ သာမက

www.burmeseclassic.com

www.burmeseclassic.com



ပညာဉာဏ်လည်း ရှိမှသာ ဖြစ်နိုင်ပေသည်။ ထို့ကြောင့် သာမန်အားဖြင့်စိတ်၊ အဓိကအားဖြင့် ဉာဏ်ဟု သိထားသင့်ပေသည်။ မှန်၏။ များမြတ်သော ကောင်းကျိုး အထွေထွေကို ရစေနိုင်သော ပညာဉာဏ်သည် စိတ်တည်းဟူသော နာမ်ခန္ဓာ၌ မှီတွယ်နေသောကြောင့် ပေတည်း။

စိတ်ဟူသည် ကောင်းကျိုးကို ဖြစ်စေနိုင်သော ကုသိုလ်စိတ်၊ မကောင်းကျိုးကို ဖြစ်စေတတ်သော အကုသိုလ်စိတ်ဟု ပုထုဇဉ်တို့၏ သန္တာန်၌သာ သာမန်အားဖြင့် နှစ်မျိုးနှစ်စား အဖြစ်များပေသည်။

ကောင်းကျိုးကို ပေးတတ်သော ကုသိုလ်စိတ်တွင်လည်း ဉာဏ်ပါဝင်သော ကုသိုလ်စိတ်နှင့် ဉာဏ်မပါဝင်သော ကုသိုလ်စိတ်ဟု နှစ်မျိုးရှိပြန်သည်။ ဉာဏ်ပါဝင်၍ ဉာဏ်ဦးဆောင်သော ကုသိုလ်စိတ်ဖြင့် ပြုပြောကြံလျှင် များမြတ်သော ကောင်းကျိုးတွေ့ရ၏။ ဉာဏ်မပါဝင် ပညာမယှဉ်သော ကုသိုလ်စိတ်ဖြင့် ပြုပြောကြံလျှင် နည်းပါးသော ညံ့သောကောင်းကျိုးကိုသာ ရရှိနိုင်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



အချိန်ကာလ၊ ဥစ္စာဓန၊ အားထုတ်မှု ပယောဂ စသည်စသည်တို့ တူညီနေပါလျက် တစ်ဦးနှင့်တစ်ဦး ကုသိုလ်ပြုရာ၀ယ် အကျိုးကွာခြားသွားရခြင်းသည် ဉာဏ်ကွာခြားသောကြောင့် ဖြစ်သည်။ အထူးအားဖြင့် ပညာဉာဏ်ပါသော ကုသိုလ်တို့ကြောင့် သာလျှင် သံသရာမှ ထွက်မြောက်ကုန်ကြသည်။ သံသရာမှ ထွက်မြောက်ရာ နိဗ္ဗာန်၏ အထောက်အပံ့ ဖြစ်ကုန်ကြသည်။

မှန်ပါပေသည်။ အရေးအရာတကာတို့တွင် ဉာဏ်ပါသော စိတ်ကောင်းထားတတ်ဖို့ အရေးသည် အရေးအကြီးဆုံး ဖြစ်ပေသည်။ "အရှင်ဘုရား လမ်းမှန်တည့်မတ်ပေးတော်မူပါဘုရား၊ တရားစခန်းတွေလည်း အားထုတ်၊ အိမ်မှာလည်း အချိန်ရသလို တရားထိုင်၊ တရားစာအုပ် အဆုံးအစတွေကိုလည်း ဖတ်မှတ် ရတော့ ဈေးရောင်းရမှာ ကြောက်လာပါတယ် ဘုရား။ အဲဒါ တပည့်တော်ရဲ့ အခက်အခဲကို ရှင်းပြီး လမ်းမှန်ကို ညွှန်ပြပေးပါဦးဘုရား"

အသက်ကား နှစ်ဆယ်ကျော် သုံးဆယ် အတွင်း မန္တလေးတက္ကသိုလ်ကျောင်းသူ အိမ်မှုရေးရာ တာ၀န်က စတိုးဆိုင်ဖွင့်ထားသူ၊ မိဘဘိုးဘွားမျိုးရိုးက ရတနာ

www.burmeseclassic.com

www.burmeseclassic.com



သုံးပါးကို ယုံကြည်ကိုးကွယ်သည့်အလျောက် သားသမီး မြေးမြစ်တို့ကလည်း ကိုးကွယ်ကြသည်။ ထိုထက်မက သာ၍ တရားနာ၊ တရားအားထုတ် မြတ်သောအလုပ်တို့နှင့် မွေ့လျော်တတ်သူ။

မိမိက မန္တလေးကို ခရီးတစ်ထောက်ရောက်တိုင်း ဆွမ်း၊ ကွမ်း၊ ဝေယျာဝစ္စသာမက ခရီးစဉ် အကြိုအပို့ တာဝန်ယူပေးသူ၊ တရားဓမ္မနှင့် ပတ်သက်၍ မရှင်း မလင်း နားမလည်သည်တို့လည်း အမြဲတမ်း မေး၍ နာခံမှတ်သားသူ၊ ယခုလည်း တရားအဆုံးအမ နာခံလို၍ မေးလျှောက်လာချေပြီ။

"လမ်းမှန်ကို ညွှန်ပြရတာက လွယ်ပါတယ်၊ ဘုရားရှင် ညွှန်ပြခဲ့တဲ့ လမ်းကြောင်းတွေ ရှိပြီးသားပဲ၊ ဒါပေမယ့် ဘယ်လမ်းကြောင်းကို ညွှန်ရမလဲ ဆိုတာ သိရအောင်လို့ ဦးပဥ္စင်းက ပြန်ပြီး မေးကြည့်ရဦးမယ်"

"မေးလိုရာကို မေးပါဘုရား၊ တပည့်တော် သိသမျှ ဖြေပါ့မယ်ဘုရား"

"ဈေးမရောင်းချင်တော့ ဈေးရောင်းဖို့ ကြောက်လာတယ်ဆိုတာ ဘယ်လိုဖြစ်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"မှန်လှပါဘုရား၊ ဈေးရောင်းရမှာ ကြောက်တာက အကုသိုလ်ဖြစ်လွန်းလို့ပါဘုရား၊ အကုသိုလ်ကို ကြောက်လို့ပါဘုရား။ တပည့်တော်က ဥပုသ်နေ့မှာ ရှစ်ပါးသီလခံယူ၊ တခြားနေ့တွေမှာ ငါးပါးသီလခံယူပြီး အမြဲနေပါတယ် ဘုရား၊ ဆရာတော်ကြီးတို့ ဦးပဥ္စင်းတို့လဲ အသိပါဘုရား"

ဈေးရောင်းတဲ့အခါ တပည့်တော်က မညာချင်လို့ ရောင်းနိုင်တဲ့ဈေးအတိုင်း အမြတ်နည်းနည်းပဲ ယူပြီး ပြောတော့လဲ ပစ္စည်းတွေက အစစ်မဟုတ်သလို ပြောကြ၊ မေးကြပါတယ် ဘုရား။ ဈေးတွေကိုလည်း တစ်ချို့ တစ်ဝက်မက အရမ်းဆစ်ကြပါတယ် ဘုရား။ နောက်ပြီး ဈေးမြင့်ပြီး ပြောပြန်တော့လဲ မဲ့ကာရွဲ့ကာနဲ့ ဈေးမဝယ်ဘဲ ဟိုပစ္စည်းကို ထုတ်ပြခိုင်း၊ ဒီပစ္စည်း ထုတ်ပြခိုင်းနဲ့ တပည့်တော် စိတ်မထားတတ်တိုင်း အကုသိုလ်ဖြစ်နေရလို့ ဈေးရောင်းရမှာ ကြောက်နေပါတယ် ဘုရား"

"အေး၊ ဟုတ်ပြီ၊ စိတ်မထားတတ်လို့ ဆိုတဲ့ စကားက အရေးကြီးတယ်။ ဈေးဝယ်သူတွေက လူအမျိုးမျိုး၊ စိတ်အထွေထွေဆိုတော့ သူတို့ကို ထည့်

www.burmeseclassic.com



တွက်လို့ မရဘူးလေ။ အမိက စဉ်းစားကြည့်ရမှာ မိမိ သန္တာန်မှာ အကုသိုလ်ဖြစ်လာတာက သူတို့ကြောင့် လား၊ မိမိကြောင့်လား"

"မိမိကြောင့်ပဲ အကုသိုလ်ဖြစ်ရတာပါ ဘုရား"

"တစ်ခါထပ်ပြီး စဉ်းစားကြဦးစို့။ မိမိကြောင့် အကုသိုလ် ဖြစ်တယ်ဆိုရင် စိတ်ထားတတ်လို့ ဖြစ်တာ လား၊ စိတ်မထားတတ်လို့ ဖြစ်တာလား"

"စိတ်မထားတတ်လို့ ဖြစ်ရတာပါဘုရား"

"ဒါဖြင့် ဈေးရောင်းရင်း ကုသိုလ်ဖြစ်ချင်ရင် ဘာအရေးကြီးသလဲလို့ သိပြီမဟုတ်လား"

"အခုတော့ သိပြီးသွားပါပြီဘုရား၊ စိတ်ထား တတ်ဖို့ အရေးကြီးပါတယ်ဘုရား၊ စိတ်ကလေး ဘယ်လိုထားရမယ်ဆိုတာလဲ အမိန့်ရှိပေးပါဦးဘုရား"

"ဟုတ်ပါပြီ၊ ဟုတ်ပါပြီ၊ အမိန့်ပေးပါ့မယ်။ ဦးပဥ္စင်းတို့ သာသနာတော်မှာ တရားစခန်းဝင်၊ တရား အားထုတ်၊ တရားနာ တရားစာပေတွေ ဖတ်၊ မှတ်သွား ကြပြီးရင် အကုသိုလ်တွေကို ကြောက်လာတတ်ကြတယ်၊ ဒါတွေက ကောင်းတဲ့ လက္ခဏာတွေပါ။ ဒါပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



အကုသိုလ်ကို ကြောက်တယ်ဆိုပြီး ဟိုအလုပ်က အဆင်မပြေ၊ ဒီအလုပ်ကလဲ မလုပ်ချင်၊ ကုန်ကုန် ပြောလိုက်မယ်ဆိုရင် မိသားစုတွင်းကိုလဲ တခြားသူတွေက တရားမသိ၊ ငါကသာ တရားသိတယ် ဆိုပြီး ဘယ်သူနဲ့မှ ပေါင်းသင်းလို့ မတည့်တာတွေ ဖြစ်လာတတ်တယ်။

"ငါက တရားသိတယ်လို့တော့ ဖြစ်လာ ပါတယ် ဘုရား၊ ဒါပေမယ့် မိသားစုတွေနဲ့ အဆင်ပြေ အောင်လဲ နေပါတယ်၊ မတည့်တာ မရှိပါဘူး ဘုရား"

"ကောင်းပါတယ်၊ ကောင်းပါတယ်၊ အသိဉာဏ်ကို အရာရာမှာ ယှဉ်ပြီး စိတ်မထားတတ်တော့ တရားရပြီးရင် တရားသိပြီးရင် ဘာအလုပ်မှ ကိုယ်နဲ့ မဆိုင်တော့သလို ဖြစ်လာတတ်ကြတယ်။ တရားသိလို့ အရိယာဖြစ်ပြီးလဲ အိမ်မှုကိစ္စတွေ လုပ်ကြသေးတယ်။ စီးပွားရေး လုပ်ကြသေးတယ်။ တိုက်ရေး၊ ခိုက်ရေးတွေ အမှုအခင်းဆုံးဖြတ်ရတဲ့ အရေးတွေ ကိုင်တွယ်ဖြေရှင်းရတဲ့ ရှင်ဘုရင်တွေ၊ စစ်သေနာပတိတွေ အလုပ်လုပ်ကြရသေးတာပဲ။ ဗိမ္ဗိသာရမင်းကြီးဟာ တိုင်းပြည်အုပ်ချုပ် မင်းလုပ်နေတာ။ အဲဒါ သောတာပန် အရိယာပုဂ္ဂိုလ်ကြီးပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လားဘုရား၊ တပည့်တော်တို့က တရားရသွားရင် ဘာအလုပ်မှ မလုပ်တော့ဘဲ ဖိမ်နဲ့ နေနေပြီလို့ ထင်နေတာ"

"ဒီလို မဟုတ်သေးပါဘူး၊ အဲဒီလို အထင်လွဲ အမြင်လွဲတွေကြောင့် တစ်ချို့ တရားအားထုတ်နည်းတွေမှာ တရားသဘောနဲ့ ကွဲလွဲကုန်ကြတာ၊ သာဓကတစ်ခုပြောပြမယ်။ သာဝတ္ထိပြည်ကြီးဆိုတာ ဘုရားရှင်လက်ထက်မှာရှိတယ်၊ လူဦးရေ ခုနစ်ကုဋေ ရှိတယ်၊ ငါးကုဋေက အရိယာဖြစ်ပြီးကုန်ပြီ၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ကြီးတွေပေါ့။ အားလုံးလယ်ထွန်၊ ကုန်ရောင်း၊ နွားကျောင်းဈေးဝယ်လုပ်ငန်း အသွယ်သွယ်တွေကို လုပ်ကြ၊ ကိုင်ကြ ပြောကြဆိုကြ ဆောင်ရွက်ကြတာပဲ"

"သူတို့က အကုသိုလ် မကြောက်ကြဘူးလား ဘုရား၊ အကုသိုလ်တွေ မဖြစ်ကြဘူးလား"

"ကြောက်ကြတာပေါ့၊ ကြောက်လို့လဲပဲ အကုသိုလ် အပြစ်နည်းအောင် အမြတ်မ်းဉာဏ်ယှဉ်တဲ့ စိတ်ဓာတ်ကလေးနဲ့ စိတ်ကောင်းထားနေကြတယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆိုရင် ဘုရား၊ အဲဒီထဲက ဈေးသည်တွေ ညဏ်ယှဉ်ပြီး စိတ်ကောင်းထားပုံလေး အမိန့်ရှိပေးပါဦး"

"ပြောပေးပါ့မယ်၊ အဲဒီတုန်းက ဈေးသည်တွေ ခဏထား၊ အခုဈေးရောင်းတဲ့ နေရာမှာ အကုသိုလ် မဖြစ်အောင်၊ ကုသိုလ်တောင်မှ များမြတ်တဲ့ အကျိုး ရအောင် ဈေးရောင်းနည်း သင်ပေးမယ်"

"အမိန့်ရှိပါဘုရား။ တပည့်တော်က အဲဒီနည်းကို တကယ်လိုချင်နေတာပါဘုရား"

မလှူတတ် ဈေးရောင်း၊ ကျောင်းဆောက်ချင် သစ်ပင်စိုက် ဆိုသလို ဒို့ ဈေးရောင်းနေတာ အဝတ် လိုချင်သူ လွယ်လင့်တကူ သူတို့စိတ်ကြိုက်တွေ ရအောင် ပေးလှူနေကြတယ်။ ဈေးအနေနဲ့က ဆယ်ဖို့တစ်ဖို့ စသည်ဖြင့် သမားရိုးကျ အမြတ်ယူတာ ကိစ္စ မရှိပါဘူး။ ထို့အတူပဲ ဆန်ဆီဆား ရောင်းတဲ့သူတွေကလည်း အများအတွက် စားသောက်ရေး ပြေလည်အောင် ဒို့ အလှူပေးနေတယ်။ အလှူမဏ္ဍပ်ကြီး ထိုးထားတယ်။ ဒို့က အလှူရှင်လို့ စိတ်ထားလိုက်ရင် ဒါနဖြစ်ပြီပေါ့"

"ဒီလိုဆိုတော့လဲ မလှူတတ် ဈေးရောင်း ဆိုတာ သဘောပေါက်လာတော့တယ် ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"ဈေးဝယ်သူ ဆန္ဒအလိုက် အကြိုက်ဆောင်ပြီးတော့ နမူနာပြရ၊ နှုတ်က ချိုသာစွာပြောရ ဒါတွေက ကာယကံ၊ ဝစီကံ၊ သီလကုသိုလ်တွေပေါ့။

"မိမိတို့ ဈေးရောင်းတဲ့အခါမှာ ပစ္စည်းစုံအောင် အကောင်းတွေ ရွေးတင်တတ်တယ်၊ ကိုယ်ကြိုက်တဲ့ ပစ္စည်းတွေပေါ့၊ ဒါတွေကို မိမိက တပ်မက်မှု တဏှာလောဘ ရှိနေတယ်။ ဒါန သီလကုသိုလ်တွေ ဖြစ်သလို ဈေးဝယ်သူတွေကို ရိုရိုသေသေ ထုပ်ပိုးချည်နှောင်ပြီး ပေးလိုက်တော့ ဒီပစ္စည်းမှာ တပ်မက်တဲ့ တဏှာလောဘ တွေကို ခါတွက်ပြီးသား ဖြစ်မသွားဘူးလား"

"ဖြစ်သွားပါတယ်ဘုရား"

ငွေရေးကြေးရေးကို အဓိကမထားရဘူး၊ သမ္မာ အာဇီဝအလျောက် ဈေးနှုန်းနဲ့ ရောင်းရတယ်၊ ဒီလိုဆိုရင် နိက္ခမကုသိုလ် ဖြစ်တယ်။

ဈေးရောင်းလို့ ရောင်းကောင်းတယ်၊ အဆင်ပြေတယ်၊ ဝင်ငွေကောင်းတယ်ဆိုတာ ရောင်းသူ တော်လို့လား၊ ကံကောင်းလို့ ရတာလား။

"ကံကောင်းလို့ ကံကပေး၊ ကံက ကျွေးလို့ပါ ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုကံ, ကံ၏အကျိုးကို ယုံကြည်သိမြင်တာသည် ပညာကုသိုလ်ဖြစ်တယ်။

ဈေးရောင်းတဲ့အခါ ကိုယ်နှုတ်စိတ် ဝီရိယတွေနဲ့ ကြိုးစားသူများကို ကူညီတဲ့ အနေနဲ့ ရောင်းပေးတော့ ဝီရိယကုသိုလ်ဖြစ်တာပေါ့။

ဒီလိုဉာဏ်ယှဉ်ပြီး ဈေးရောင်းပေမယ့် ဆိုင်ထဲ ဝင်လာကတည်းက မဝယ်ဘဲ ဈေးမေး၊ ဟိုပြခိုင်း၊ ဒီပြခိုင်း လုပ်တတ်တဲ့ ဈေးဝယ်တွေနဲ့လည်း မကြုံရဘူးလား။

အဲဒီလို ဈေးဝယ်တွေနဲ့ ကြုံရလို့ စိတ်ညစ်ရတာပါဘုရား။

အဲဒါဆိုရင် သည်းခံလိုက်၊ သည်းခံတဲ့ကုသိုလ်ရတယ်။ သူတို့လာလို့ သည်းခံတဲ့ ကုသိုလ်ရပါလား၊ သူတို့ကိုပင် ဝမ်းမြောက်ဝမ်းသာ ကုသိုလ်ဖြည့်ဖက်အဖြစ် ကျေးဇူးတင်ရမှာပါ။

အရှင်ဘုရားပဲ ကတ်သီးကတ်သပ် ကုသိုလ်ဖြစ်အောင် ပြောတတ်တယ်ဘုရား။

www.burmeseclassic.com

www.burmeseclassic.com



"ဦးပဥ္စင်းက တမင်လုပ်ပြီးပြောတာ မဟုတ်ပါဘူး၊ အရှင်ဘုရားက မိန့်ခဲ့တဲ့အတိုင်း သည်းခံခိုင်းတာပါ"

"ပစ္စည်းတစ်ခုကို ရောင်းဈေးမေးလို့ ရောင်းနိုင်တယ်။ ဈေးအမှန်ပြောလိုက်တာက ဝစီသစ္စာကုသိုလ်ဖြစ်တယ်။

"ဈေးဝယ်လာတဲ့သူကို မဝယ်ဝယ်အောင် ရောင်းမယ်ဆိုတဲ့ စိတ်အဓိဋ္ဌာန်နဲ့ ချိုချိုသာသာ အဆင်ပြေအောင် ရောင်းလိုက်လို့ ဝယ်သွားရင် မိမိ အဓိဋ္ဌာန်ပြည့်လို့ အဓိဋ္ဌာန်ကုသိုလ်"

ဈေးဆိုင်ဖွင့်ကတည်းက ဖြစ်စေ၊ မိမိဆိုင်ကို ရောက်လာမှဖြစ်စေ မိမိဆိုင်က ပစ္စည်းကို ဝယ်မယ်လို့ စိတ်ကလေး ဖြစ်သူတိုင်း မိမိနဲ့ ဆက်ဆံနေတဲ့သူတိုင်းကို ကျန်းမာပါစေ၊ ချမ်းသာပါစေဆိုတဲ့ စိတ်ကလေးထားနေတာက မေတ္တာကုသိုလ်၊ တစ်ခါတလေ အဆင်ပြေအောင် ပြောဆိုပြီး မိမိက ရောင်းချပေးချင်ပေမယ့်လို့ သူက သဘောမကျဘဲ ထွက်သွားတော့လည်း လျစ်လျူရှုလိုက်ရတယ်၊ အဲဒါက ဥပေက္ခာကုသိုလ်တဲ့။

www.burmeseclassic.com

www.burmeseclassic.com



အရှင်ဘုရား မိန့်သလိုဆိုရင် ဈေးရောင်းနေတာက အမြဲပါရမီကုသိုလ်ဆယ်မျိုး ဖြစ်နေတာပေါ့ဘုရား။

ဟုတ်တယ်လေ၊ ယခုလို ပညာဉာဏ်ယှဉ်ပြီး စိတ်ကောင်းထားလို့ ဖြစ်လာတဲ့ ကုသိုလ်က ပါရမီကုသိုလ်တွေပေါ့။ ပါရမီ ၁၀-ပါး အပြည့်အစုံ ဈေးရောင်းရင်းနဲ့ ရတယ်။ ကုသိုလ်သာမန်က သံသရာအတွင်း ကောင်းကျိုးတွေ ရတယ်၊ ပါရမီကုသိုလ်က သံသရာခရီးမှာ ကောင်းရာဘုံဘဝတွေ ခံစား စံစားနိုင်ပြီး နောက်ဆုံးတော့ မိမိတို့ လိုလားတောင့်တတဲ့အတိုင်း ရည်ရွယ်ထားတဲ့အတိုင်း ဆုထူးဆုမြတ်တွေနဲ့ ပြည့်စုံပြီး နိဗ္ဗာန်ကို စံဝင်သွားစေနိုင်တယ်လေ”

“အရှင်ဘုရား၊ အမိန့်ရှိမှပဲ ဈေးရောင်းရမှာ မကြောက်တော့ပါဘူး။ စိတ်ထားတတ်ရင် ကုသိုလ် ပါရမီတွေ ပြည့်ပြည့်စုံစုံ ရတာမို့ ဝမ်းမြောက်ဝမ်းသာ ဈေးပိုရောင်းချင်လာပါတယ်ဘုရား”

“ဟုတ်တယ်၊ နေရာတိုင်းမှာ စိတ်ထားတတ်ရင် ကုသိုလ်ရတယ်။ အသိပညာဉာဏ်ပါပြီး အလုပ် လုပ်ရင်

www.burmeseclassic.com

www.burmeseclassic.com



အလုပ်တိုင်းမှာ သာမန်ကုသိုလ်မက ပါရမီ ကုသိုလ် ဖြစ်တယ်၊ ပါရမီကုသိုလ်ကလည်း တစ်ပါးတည်းသာမက ဆယ်ပါးလုံး ပြည့်စုံစေနိုင်တယ်။

ဒါကြောင့် တရားနာ၊ စာဖတ်၊ တရား အားထုတ် တရားအသိတွေ တိုးပြီး အကုသိုလ်တွေကို ကြောက် တတ်ပါစေ၊ အကုသိုလ်ကို ကြောက်သည့်အလျောက် အရာရာတိုင်းမှာ ဉာဏ်ယှဉ်ပြီး စိတ်ထားတတ်လို့ များမြတ်တဲ့ ကုသိုလ်ပါရမီတွေ ပြည့်ပြည့်ဝဝ ဖြည့်နိုင် သဖြင့် အကျိုးထူးတရားတွေလည်း ရပါစေ။

"သာဓု-ပါဘုရား၊ အရှင်ဘုရားပေးတဲ့ ဆုနဲ့ ပြည့်စေဖို့ ဈေးရောင်းရင်း ပါရမီဖြည့်ပါတော့မယ် ဘုရား"

တရားတမန် အများထံ အမှန်ရောက်စေသော်။

ဓမ္မဒူတ - မောင်စစ်ကိုင်း

ဉာဏ်လင်း - မတ်လ၊ ၁၉၉၅-ခုနှစ်၊

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



# ဖြေရှင်းရမယ်

မမ္မဒူတ–မောင်စစ်ကိုင်း

'ပြဿနာ' ဟူသော စကားနှင့် ပတ်သက်၍ အများနားလည်ကြသည်မှာ အမေးပုစ္ဆာ ပြဿနာဟုလည်းကောင်း၊ အခက်အခဲပြဿနာဟုလည်းကောင်း၊ နားလည်ကြပါသည်။

'အမေးပုစ္ဆာပြဿနာ' ဖြစ်ပါက အမေးရှိရင် အဖြေရှိရမည်၊ အဖြေဘုရားအလောင်း အမေးနွားကျောင်းသား' စသည်အားဖြင့် ပြဿနာအမေးကို ပြေလည်သွားစေလိုကြသည်။ ဖြေရှင်းပေးစေလိုကြသည်မှာ အများဆန္ဒပင် ဖြစ်ပေသည်။

'အခက်အခဲပြဿနာ' ဖြစ်ပါက 'ပြဿနာ ဆိုတာ အရှုပ်'၊ 'ရှုပ်ရင် ရှင်းရခက်တယ်'၊ 'ရှင်းလေ ရှုပ်လေ' စသည် စသည်အားဖြင့် အခက်အခဲ ပြဿနာအရှုပ်ကို

www.burmeseclassic.com

www.burmeseclassic.com



မတွေ့လိုကြ မဖြစ်လိုကြပေ။ တွေ့ကြ ကြုံရလျှင်လည်း ပြဿနာအတွင်း မပါဝင်ဘဲ ရှောင်ထွက်လိုကြသည်။ အသာအယာ အေးအေးဆေးဆေး နေလိုကြသည် မှာလည်း အများဆန္ဒပင် ဖြစ်ပေသည်။

'ပြဿနာ'ဆိုတာ ဖြစ်ပေါ်လာဖို့ မကောင်း သည်မှာ အမှန်ပင်။ ပြဿနာဖြစ်လာသည် ဆိုသည်မှာ မိုးကျရွှေကိုယ် ပေါ်ပေါက်လာသည် မဟုတ်ချေ။ ဖန်တီးသူ, စတင်သူ ရှိစမြဲပင် ဖြစ်လေသည်။ အမှန်ကို အမှန်အတိုင်း, အရှိကို အရှိအတိုင်း, အဟုတ်ကို အဟုတ်အတိုင်း တည်ရှိနေသည်တို့ကို အမှန်ကို အမှား, အမှားကို အမှန်စသည်ဖြင့် မိမိတို့ ထင်မြင် ယူဆချင် သည့်အတိုင်း အကြံမှား, အပြောမှား, အပြုမှား သောကြောင့် 'ပြဿနာ' စတင်ခဲ့ရခြင်း ဖြစ်ပေသည်။

'အမှိုက်ကစ ပြာသာဒ်မီးလောင်' ဆိုသည်မှာ ပြဿနာ မှန်သမျှ ဖြေရှင်းဖို့ သတိပေးချက် တစ်ရပ်ပင် ဖြစ်သည်။ ပြဿနာတစ်ခုဖြစ်ပေါ်လာပါက သေးငယ် သည်, အင်အားမရှိသေး, စသည်ဖြင့် မေ့လျော့ပေါ့ဆ နေကြပါက အမှိုက်က စတင်သည့် မီးသည် ခုနစ်ဆောင် တိုက်ခန်း ဘုံနန်းပြာသဒ်ကိုပင်မချန် အားလုံးကို

www.burmeseclassic.com

www.burmeseclassic.com



လောင်ကျွမ်းသွားတတ်ပေသည်။ အသေးအဖွဲ ပြဿနာကလေးများကြောင့်ပင် မိသားစု စိတ်ဝမ်းကွဲ, အိမ်ထောင်ပျက်, အဖွဲ့အစည်းပြိုကွဲ, တစ်နိုင်ငံလုံး, တစ်ကမ္ဘာလုံးပင် မီးဟုန်းဟုန်းတောက်ခဲ့ကြသည့် ဖြစ်ရပ်များကိုပင် တွေ့ခဲ့ကြရပါသည်။

ဘုရားရှင်၏ ဗုဒ္ဓသာသနာအတွင်း၌ ပြဿနာဖန်တီးသူ ရှိခဲ့၍ ပြဿနာပေါ်ပေါက်လာခဲ့ပါက သာသနာတော်ကြီး မပြိုကွဲနိုင်ပြီလော, သာသနာတွင်း ပြဿနာဝင်လာပါက သဗ္ဗညုတ ဘုရားရှင်သည် မည်သို့သော ဩဝါဒအမိန့်စကား မြွက်ကြားခဲ့လေသနည်း၊ တာဝန်ရှိသူတို့ တာဝန်သိဖို့ လိုပါသည်။

ယမန်နှစ် နွေကာလ ခရီးစဉ်တစ်ထောက် နားရောက်စဉ်က မြို့တစ်မြို့ရှိ အဆွေခင်ပွန်း ရဟန်းတစ်ပါးက မိမိအား ဤနှလုံးသွင်းနှင့် သက်ဆိုင်သော စကားရပ်များကို မေးလျှောက်လာပါသည်။

'အရှင်ဘုရား အရှင်ဘုရားတို့ရဲ့ ဆရာတော် ဓမ္မဒူတဆရာတော်ကြီးအကြောင်း မေးလျှောက်ချင်လို့ပါ ဘုရား'

www.burmeseclassic.com

www.burmeseclassic.com



'တပည့်တော်ကို မေးလျှောက်မည့်အစား ဆရာတော်ကြီးကြွလာတဲ့အခါဖြစ်စေ၊ မွန်ပြည်နယ် ဘီလင်းမြို့နယ် တောင်စွန်း ဓမ္မဒူတတောရကျောင်းမှာ ဆရာတော်ကြီးရှိစဉ်ဖြစ်စေ မေးလျှောက်ရင် မကောင်းပေဘူးလား'

'ကောင်းတော့ ကောင်းပါတယ်ဘုရား၊ ဒါပေမယ့် အရှင်ဘုရားက ဆရာတော်ကြီးရဲ့ တပည့်အရင်းဆိုတော့ ဆရာတော်ကြီးရဲ့ နှလုံးသွင်း၊ အယူအဆ၊ သာသနာတော်အတွက် ရှုမြင်ပုံ၊ သာသနာပြုစိတ်ဓာတ်တွေကို အနီးကပ်ဆုံး ပြောပြနိုင်မယ် ထင်လို့ပါဘုရား။ နောက်ပြီး ဆရာတော်ကြီး ကို တိုက်ရိုက်မေးလျှောက်ရမှာ မဝံ့လို့ပါဘုရား'

'မေးလျှောက်ရင် ဆရာတော်ကြီးက ဝမ်းမြောက်ဝမ်းသာ လက်ခံဖြေပေးမှာပါဘုရား။ တပည့်တော်ကို မေးရင်လည်း တပည့်တော် သိသလောက် ဖြေပေးပါမယ်ဘုရား၊ ဘယ်လို အကြောင်းကိစ္စပါလဲဘုရား'

'သက်သတ်လွတ်ကိစ္စပါဘုရား'

'သက်သတ်လွတ်ကိစ္စက ဘာတွေများ ဖြစ်နေပါလဲ ဘုရား'

www.burmeseclassic.com

www.burmeseclassic.com



'ဒီလိုပါ၊ ဘုရားတပည့်တော်က ဆရာတော်ကြီးပြုစုရေးသားတဲ့ ကျမ်းစာအုပ်တွေကို ဖတ်ပြီး ကြည်ညိုနေတဲ့သူပါ ဘုရား၊ ဖတ်တဲ့စာအုပ်တွေထဲမှာ ဗုဒ္ဓ၏ သက်သတ်လွတ်လည်း ပါပါတယ်ဘုရား၊ ဗုဒ္ဓ၏ သက်သတ်လွတ်က 'မြင်သား၊ ကြားသား၊ ယုံမှားသား' ဆိုတဲ့ အစွန်းသုံးပါးကလွတ်ရင် အသားကြီးဆယ်မျိုး ပညတ်ထားတာက လွတ်ရင် ဘုဉ်းပေးလို့ရတယ် ဆိုတာ အားလုံးအသိပါဘုရား၊ ယခုခေတ်စားနေ ပြောနေကြတဲ့ များသောအားဖြင့် သက်သတ်လွတ်က အရှင်ဒေဝဒတ် တောင်းတဲ့ဆုငါးပါးထဲ ပါလာလို့ ဘုရားရှင်က လုံးဝ ခွင့်မပြုတာကိုလည်း သိထားပါတယ် ဘုရား'

'ဟုတ်တယ်လေ၊ ဆရာတော်ကြီးက သက်သတ်လွတ်ကိစ္စကို ဒီအတိုင်း ဘုရားရှင်အလိုကျ ရေးထားတာပဲ မဟုတ်လားဘုရား'

'ဟုတ်ပါတယ်ဘုရား၊ ဘုရားရှင်အလိုကျ ရေးသားပေမယ့် သက်သတ်လွတ်စားတာက ခေတ်စားလာတဲ့ အချိန် ဖြစ်နေတော့ ဆရာတော့်ကို သဘောမကျတဲ့ လူကမကျ၊ အတိုက်အခံလုပ်သူတွေက လုပ် ဖြစ်စရာ ရှိလို့ပါဘုရား'

www.burmeseclassic.com

www.burmeseclassic.com



'ဒါတွေက ဖြစ်လာနိုင်တဲ့သဘောတွေပါပဲ'

'ဖြစ်လာနိုင်တယ်မက ဖြစ်နေပါတယ်ဘုရား။ သက်သတ်လွတ်အကြောင်း ဗုဒ္ဓအလိုကျ ဂယဏာန မသိသူတွေက သက်သတ်လွတ်စားပြီး သဘောမကျ ဖြစ်နေ၊ ဗုဒ္ဓအလိုကျ သိပေမယ့် တစ်ချို့က ဒီဆရာတော် သက်သတ်လွတ်စားမှ မြတ်တယ် ထင်ပြီး အယူမှား အရိုးစွဲနေတဲ့ သူတွေကို အချိန်ကုန်ခံသွားပြောနေတယ်၊ ချွတ်ဖို့ဘယ်လွတ်မလဲ' အမှန်သိတဲ့ပုဂ္ဂိုလ်များကတော့ 'အမှန်ကို အမှန်၊ အမှားကိုအမှား ရေးသားဝံ့တဲ့ ဟောဝံ့တဲ့ သတ္တိရှိတဲ့ ဆရာတော်ကို ချီးကျူးပါတယ်' လို့ အမျိုးမျိုး ပြောနေကြပါတယ် ဘုရား'

'မှန်ပါဘုရား၊ တပည့်တော်လဲ ကြားမိပါတယ်။ ဆရာတော်ကြီးလဲ ကြားမိပါတယ်ဘုရား'

'အဲဒီလိုဆိုရင် တပည့်တော် သိချင်တာက ဆရာတော်ကြီးလဲ ကြားနေပါလျက် ဘယ်လိုနှလုံးသွင်းပြီး ဒီလိုဟောနေ ပြောနေ ရေးသားနေတာလဲလို့ သိချင်လို့ပါ ဘုရား'

'ဆရာတော်နှလုံးသွင်းကို ခဏထားပြီး တပည့်

www.burmeseclassic.com

www.burmeseclassic.com



တော်ရဲ့ နှလုံးသွင်း, သက်သတ်လွတ် လေ့လာချက်ကို ပြောရရင် နားထောင်နိုင်ပါ့မလား'

'ကောင်းတာပေါ့ဘုရား၊ တပည့်ဆိုတာ ဆရာရဲ့ အရိပ်မှာ ခွေးသိပ်မှီခိုပြီး ကြီးပွားလာရတာပဲ။ ဆရာ တော်ရဲ့ နှလုံးသွင်းနဲ့လဲ နီးစပ်နိုင်တာပေါ့ဘုရား'

'တပည့်တော်တို့ သာသနာတော်မှာ ဘုရားရှင်ရဲ့ သက်သတ်လွတ်အမိန့်တော်တွေ အရှင်ဘုရား သိပြီးသား ဆိုတော့ အထူးမပြောတော့ပါဘူး။ တပည့်တော် လေ့လာ ရသလောက်က လွန်ခဲ့တဲ့ အနှစ် ၅၀, ၆၀ အတွင်းမှာ တစ်ကြိမ်, အနှစ် ၂၅-၃၀ အတွင်းမှာ တစ်ကြိမ် ထေရဝါဒ သာသနာအတွင်းကို အခြားအယူဝါဒဖြစ်တဲ့ သက်သတ်လွတ်စားမှ မြတ်တယ်ဆိုတဲ့ ဝါဒက သိသိ သာသာကြီး ထိုးဝင်လာတာ တွေ့ရပါတယ်။ အဲဒီလို ထိုးဖောက်ဝင်ရောက်လာတိုင်း အာမဂန္ဓသုတ္တန်စတဲ့ ဘုရားရှင်ရဲ့ တရားတော်တွေနဲ့ ကိုင်တွယ်ပြီး ဆရာ တော်ကြီးတွေက ကျမ်းစာတွေရေး, ဆောင်းပါးတွေ ရေး, ဟောပြောပြသ ဖြေရှင်းခဲ့ကြရပါတယ်ဘုရား။ ဒါ့ကြောင့် အနှစ် ၂၅-၃၀ တွင် တစ်ကြိမ်, တစ်ကြိမ်

www.burmeseclassic.com



ဝင်ရောက်စမြဲမို့ ဖြေရှင်းလိုက် ပျောက်သွားလိုက် ဒီလို ဖြစ်နေပါတယ်ဘုရား'

'ဒီလိုဆိုရင် သက်သတ်လွတ်စားတဲ့ အယူဝါဒက လုံးလုံးပျောက်သွားသလားဘုရား'

'သက်သတ်လွတ်ဝါဒက ဘုရားမပွင့်မီ ကာလက ရှိနေတဲ့ ပြဟ္မာတို့ရဲ့ အတွေး၊ အကြံ၊ အယူဝါဒတစ်ခုပါ။ ဘုရားရှင်ပွင့်တော်မူတဲ့ ကာလကို ပြန်မျှော်ကြည့်ရင် အယူမျိုးစုံ ဝါဒအဖုံဖုံ အတွေးအခေါ် အရပ်ရပ်တွေကို ထိုးဖောက်ပြီး အမှန်တရားကို ဖော်ထုတ်ခဲ့ရတာပါ။ ဗုဒ္ဓသာသနာနဲ့ မဆိုင်ပါဘူး၊ အဲဒီဗြာဟ္မဏဝါဒ ရှိနေ သရွေ့ သက်သတ်လွတ်ဝါဒ ရှိနေဦးမှာပါ'

တပည့်တော်တို့ ဗုဒ္ဓသာသနာအတွင်း ဝင်ရောက်လာတတ်တဲ့ သက်သတ်လွတ်ကသာ ဖြေရှင်းလိုက် ပျောက်သွားလိုက် ပြန်ပေါ်လိုက် ဖြစ်နေတာပါ။

အခုဆိုရင် 'ဘုရားရှင်ပင် သက်သတ်လွတ် ဆွမ်းအမြဲဘုဉ်းပေးတယ်၊ သက်သတ်လွတ်မစားရင် သစ္စာလေးပါး မသိဘူး၊ အရိယာဖြစ်ခါနီးလေ အသားဟင်းတွေက အန္တရာယ်ပေးလေလေ' ဆိုတဲ့ အသံစုံတွေက

www.burmeseclassic.com



ဘုရားရှင် အဆုံးအမ ပရိယတ်မရှိ ပဋိပတ် မသိတဲ့ သူတွေ ရမ်းတုတ်နေကြတာပါဘုရား'

'တချို့ ပရိယတ် ပဋိပတ် ကျွမ်းကျင်တော်မူတဲ့ ဆရာတော်များ သက်သတ်လွတ်စားကြတာတွေ တွေ့ ရပါတယ် ဘုရား'

'အနည်းအကျဉ်း ရှိပါတယ်။ အသက်အရွယ် ကြီးရင့်လာတဲ့အခါ နှလုံးသွင်း တစ်မျိုးနဲ့ ဘုဉ်းပေး တော်မူကြပါတယ်'

'ဘယ်လို နှလုံးသွင်းတယ်လို့ သိရပါသလဲ ဘုရား'

'တပည့်တော် တွေ့ဖူးတဲ့ ဆရာတော်တစ်ပါးက သာမန်ဆွမ်းဟင်းတွေကို ဘုဉ်းပေးတဲ့အခါ သန္တုဋ္ဌိ သလ္လေခအကျင့်ဆောင်ပြီး ဘုဉ်းပေးပါတယ်။ ကျန်းမာ ရေးနဲ့ သပ္ပါယမမျှရှာဘူးလေ။ ဒါနဲ့ပဲ ဟင်းသီးဟင်း ရွက်တွေကို ဘုဉ်းပေးတော့ ကျန်းမာပြီး စာသင်စာချ တရားပြ တရားနှလုံးသွင်းနိုင်တယ်။ ဒါကြောင့် ကျန်းမာ ရေးအတွက် အာဟာရသပ္ပါယမျှဖို့ ဘုဉ်းပေးပါတယ်တဲ့၊ သက်သတ်လွတ်စားမှ မြတ်တယ်, တရားရတယ် စတဲ့ နှလုံးသွင်းမှားကိုတော့ ဘုရားရှင်ရဲ့ အလိုတော်ကို ဆန့် ကျင်ပြီး ဘုဉ်းပေးဝံ့တော်မူကြမယ် မထင်ပါဘုရား'

www.burmeseclassic.com

www.burmeseclassic.com



'တပည့်တော်လဲ ဒီလိုပဲ လက်ခံထားပါတယ် ဘုရား၊ အရိုးစွဲနေတဲ့ သက်သတ်လွတ်သမားတွေကို ချွတ်ဖို့ ကျွတ်မယ် မထင်ပါဘုရား'

'အမှားကြာလျှင် အမှန်ထင် ဘုရားရှင်ပင် ချွတ်ဖို့ မလွယ်'ဘူးလို့ ရှေးဆရာတော်များ ဩဝါဒ ပေးထားတာပဲ။ တပည့်တော်တို့ ပြောဟောရေးသားနေတာက သာသနာတော်ကို ကြည်ညိုလို့ ဘုရားရှင်အလိုကျ သိကျင့်လိုကြတဲ့ သူတွေအတွက် ဖြစ်ပါတယ်။ နောက်ပြီး တပည့်တော်တို့ကို သဗ္ဗညုဘုရားရှင် ခိုင်းစေခဲ့တဲ့ တာဝန်တစ်ရပ်ကို တာဝန်ကျေအောင် ဆောင်ရွက်ရတာပါဘုရား'

'ဒီလို ဖြေရှင်းပြရမယ်လို့ ဘုရားရှင်က ပါဠိတော်ထဲမှာ ဟောထားတာ ပါပါသလားဘုရား'

'ပါပါတယ်ဘုရား၊ သုတ္တန္တပိဋကတ်, သီလက္ခန္ဓဝဂ္ဂ ပါဠိတော်, ဗြဟ္မဇာလသုတ္တန် တရားတော်ကြီးမှာ သုပ္ပိယပရိဗိုဇ်က ရတနာသုံးပါးရဲ့ဂုဏ်ကို ဆန့်ကျင်ပြီး မဟုတ်မမှန်တဲ့ အပြစ်တွေကို ပြောတော့ "တတြ တုမှေဟိ အဘူတံ အဘူတတော နိဗ္ဗေဌေတဗ္ဗံ-ဣတိပေတံ အဘူတံ၊ ဣတိပေတံ အတစ္ဆံ၊ နတ္ထိ စေတံ

www.burmeseclassic.com



အမှေ့သု၊ န စ ပနေတံ အမှေ့သု သံဝိဇ္ဇတိ” ဆိုတဲ့ ပါဠိရပ်နဲ့ ‘အဲဒီလို ရတနာသုံးပါး အပြစ်ပြောရာ၌ သင်ချစ်သားတို့သည် မဟုတ်မမှန်သည်ကို မဟုတ်မမှန်သောအားဖြင့် ‘သင်တို့ ပြောတဲ့ အပြစ်စကားသည် မဟုတ်။ သင်တို့ပြောတဲ့ အပြစ်သည် မမှန်။ သင်တို့ပြောတဲ့ အပြစ်သည် ငါတို့၌မရှိ။ ငါတို့၏ ရတနာသုံးပါး၌ ဤသဘောသည် အထင်အရှားမရှိ’ ဟူ၍ ပြဿနာကို ဖြေရှင်းပယ်ဖျောက်ရမယ်”လို့ ပါရှိပါတယ်ဘုရား’

‘ဒီလိုဆိုတော့လဲ သာသနာနဲ့ ပတ်သက်လို့ ပြဿနာတွေ ပေါ်ပေါက်လာရင် တပည့်တော်တို့ တပည့်သာဝကတွေမှာ ဖြေရှင်းဖို့ တာဝန်ရှိတယ်လို့ မှတ်ရမှာပေါ့ ဘုရား’

‘ဖြေရှင်းရမှာပေါ့ဘုရား၊ ဒါက ဘုရားရှင်စေခိုင်းတဲ့ တာဝန်တစ်ရပ်ပဲလေ၊ ဒီလိုမှ ပြဿနာဖြစ်အောင် စလုပ်တဲ့သူက လုပ်ရင် ပြဿနာကကြီးလာပြီး ‘အမှိုက်ကစ ပြဿာဒ်မီးလောင်’ ဆိုသလို သာသနာအတွက် ထေရဝါဒနဲ့ မစပ်ဆိုင်တဲ့ အယူဝါဒတွေနဲ့ ဖုံးလွှမ်းပြီး အဓမ္မ မမှန်တဲ့ တရားတွေ ဖြစ်လုန်မှာပေါ့ဘုရား။ ဒါ့ကြောင့် သာသနာအတွက် ( )။

www.burmeseclassic.com

www.burmeseclassic.com



ရှုပ်ထွေးတဲ့ ပြဿနာမှန်သမျှကို ရှင်းသွားအောင် ပြဿနာက အသေးကလေးပါလို့ ပေါ့ပေါ့ဆဆ မနေဘဲ ကြိုတင်ကာကွယ်မှုတွေ ဖြေရှင်းမှုတွေကို တပည့်တော်တို့ ဘက်ကလည်း ပြုလုပ်ရမှာပါဘုရား။

'ဒီလိုဆိုပြန်ကော့ ဗုဒ္ဓအယူဝါဒ မဟုတ်တဲ့ သက်သတ်လွတ်ဝါဒကို ဓမ္မဒူတ ဆရာတော်ကြီးက ဘုရားခိုင်းတဲ့ တာဝန်အရ ရေးသားဟောပြတာနဲ့ တူပါတယ်ဘုရား၊ အများဘယ်လိုပြောပြော သာသနာ တော်အတွက် ဖြစ်ပေါ်လာတဲ့ ပြဿနာ အရှုပ်အထွေး တွေကို ဖြေရှင်းမှုတစ်ရပ်လို့ နှလုံးသွင်းတော်မူတယ်လို့ မှတ်ယူရမှာပေါ့ ဘုရား'

'တပည့်တော်က ဒီလို ယူဆသလို ဆရာတော် ကြီးလဲ ဒီလိုပဲ ယူဆမယ်လို့ ထင်ပါတယ်ဘုရား၊ နောင်မှ ဆရာတော်ကြီးရဲ့ အယူအဆကို မေးလျှောက် ကြည့်ပါဦး မယ်ဘုရား"

တရားတမန် အများထံ အမှန်ရောက်စေသော်။

ဓမ္မဒူတ - မောင်စစ်ကိုင်း

ညောင်လင်း - မေလ၊ ၁၉၉၅-ခုနှစ်

www.burmeseclassic.com

www.burmeseclassic.com



# ခေါင်းဆောင်ကောင်း
# နောက်လိုက်ကောင်း

ဓမ္မဒူတ မောင်စစ်ကိုင်း

လောကကြီး၌ ပုဂ္ဂိုလ်များကို သာမန်အားဖြင့် ခွဲခြမ်း ဝေဖန်ကြည့်ရှုပါက 'ခေါင်းဆောင် နောက်လိုက်' ဟူ၍ နှစ်မျိုးနှစ်စား တွေ့နိုင်ပေသည်။ တစ်ချို့သော ပုဂ္ဂိုလ်က ရှေ့တန်းမှ မားမားမတ်မတ် ခေါင်းဆောင်လို၏။ တစ်ချို့သောပုဂ္ဂိုလ်က ခေါင်းဆောင်သူ၏ နောက်မှသာ နောက်လိုက် ဖြစ်လိုကြပေသည်။

လုပ်ငန်းလည်း ကျွမ်းကျင်အစွမ်းသတ္တိလည်း ရှိသူတို့သာ ခေါင်းဆောင်အဖြစ်များ၍ လုပ်ငန်း မကျွမ်းကျင် စွမ်းအင်သတ္တိနည်းသူများကား နောက်လိုက်အဖြစ်များကြပေသည်။ သို့ဖြစ်၍ မိမိသည် 'ခေါင်းဆောင်မည်လော၊ နောက်လိုက်မည်လော'ဟု အကြောင်းကိစ္စရပ် ပေါ်လာတိုင်း ပေါ်လာတိုင်း မိမိ ရပ်တည်သင့်သော အပိုင်းကဏ္ဍမှ ပါဝင်လှုပ်ရှားသင့်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ခေါင်းဆောင်သာ လုပ်မည်၊ နောက်လိုက် မလုပ်နိုင်၊ နောက်လိုက်သာ လုပ်မည်၊ ခေါင်းဆောင် မလုပ်နိုင်'ဟု ဖြစ်ရခြင်းမှာ 'ခေါင်းဆောင်အဖြစ်က ကောင်း၍လော၊ နောက်လိုက်အဖြစ်က ကောင်း၍ လော' စသည်ဖြင့် စစ်ကြော ဝေဖန်သင့်ပေသည်။

ထိုသို့ ဝေဖန်တတ်သူ တစ်ယောက်ကို ထူး ထူးခြားခြား တွေ့မိခဲ့ဖူးလေသည်။

နေရာကား စစ်ကိုင်းတောင်ရိုး၊ ကျောက်စိမ်း တိုက်၊ ဓမ္မဒူတဆရာတော်ဘုရားကြီး၏ ဓမ္မာနုပဿနာ သတိပဋ္ဌာန်တရားစခန်းပွဲ။

အချိန်ကား တရားစခန်းပွဲအတွင်းဖြစ်လေသည်။

'အရှင်ဘုရား၊ တပည့်တော်မက ယောဂီအသစ် ပါဘုရား'

'ယောဂီအသစ်ဆိုတော့ ဒီအသက်အရွယ် အထိ တရားအားမထုတ်သေးဘဲ ဘာကြောင့် အချိန်တွေဖြုန်း နေရတာလဲ'

'ခေါင်းဆောင်ကောင်း ရွေးနေလို့ပါဘုရား'

'ဒါဆိုရင် ဒကာမကြီးက နောက်လိုက်ပေါ့'

'မှန်လှပါဘုရား၊ အခု ဝိပဿနာတရားစခန်း ပွဲမှာ တပည့်တော်က နောက်လိုက်ပါဘုရား။ ဓမ္မဒူတ

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကြီးနဲ့ အရှင်ဘုရားတို့က ခေါင်းဆောင်ပေါ့ဘုရား။ အိမ်မှုကိစ္စ၊ စီးပွားရေး၊ လူမှုရေးတွေမှာတော့ တပည့်တော်က ခေါင်းဆောင်၊ မိသားစုက နောက်လိုက်ပေါ့ဘုရား'

'ဒကာမကြီး ပြောမှပဲ လူတွေဟာ ခေါင်းဆောင် ဖြစ်လိုက်၊ နောက်လိုက်ဖြစ်လိုက်နဲ့ပါလား'

'မှန်ပါတယ်ဘုရား၊ တပည့်တော်တို့ ကိုယ်တိုင်က အဲဒီသဘောတရားကို နားလည်ပြီး မိသားစု စီးပွားရေးတွေကို ခေါင်းဆောင်၊ အသုံးနဲ့အဖြုန်းကို ခွဲခြား။ ဒီလို ဦးဆောင်ခဲ့လို့ နောက်လိုက်ဖြစ်တဲ့ မိသားစုကို ကိုယ်ကျန်းမာ စိတ်ချမ်းသာ၊ စီးပွား ပညာ ကုသိုလ်တွေ ပြည့်စုံ လောကအလယ်မှာ မျက်နှာမငယ်ရပါဘုရား'

'ဒါဆိုရင်လဲ ဒကာမကြီးက ခေါင်းဆောင် ကောင်းပေါ့'

'စီးပွားရေးဘက်မှာတော့ ခေါင်းဆောင် ကောင်းပေါ့။ ဘာသာ သာသနာအရေးမှာတော့ တပည့်တော်တို့က နောက်လိုက်တစ်ခါ ဖြစ်ရတော့ မိမိအတွက် ကိုယ်ကျန်းမာ စိတ်ချမ်းသာစွာနဲ့ ကုသိုလ် တိုးပွား၊ အကုသိုလ်နည်းပါးအောင် လမ်းညွှန်ဦး ဆောင်ပေးမယ့် ဆရာကောင်းတွေကို ရှာဖွေ ဆည်းကပ် ရတာပါဘုရား'

www.burmeseclassic.com

www.burmeseclassic.com



'ဝမ်းမြောက်ဝမ်းသာ မှတ်သားသင့်တဲ့ စကား ပါပဲ၊ ယောဂီအသစ်ဆိုလို့ အပြစ်တင်မယ် စိတ်ကူးပြီး ပြောမိကာမှ ချီးကျူးဖို့တောင် ကောင်းနေပါပေါ့လား'

'တပည့်တော်တို့ ဇနီးမောင်နှံ တိုင်ပင်ပြီးမှ ဒီတရားစခန်းကို ရောက်လာခဲ့တာပါဘုရား၊ အရှင် ဘုရားက ချီးကျူးမယ်ဆိုရင် တပည့်တော်ရဲ့ ခင်ပွန်း ကိုပါ ချီးကျူးပေးပါဘုရား'

'အရမ်းကာရောတော့ မချီးကျူးသေးပါဘူး၊ ချီးကျူးသင့်တဲ့အကြောင်းကို ပြောပြမှ ချီးကျူးနိုင် မှာပေါ့'

'မှန်လှပါဘုရား၊ တပည့်တော်ရဲ့ခင်ပွန်း သည်က အမိရေ တို့တစ်တွေ ဒုတိယအရွယ် ကုန်ခါ နီးလာပြီ။ ဘုရားဒကာ၊ ကျောင်းဒကာ၊ ရဟန်း ဒကာ၊ သား သမီးတွေ ရှင်ပြု၊ နားသ၊ ရေတွင်း၊ ရေ ကန်၊ ဇရပ်၊ တန်ဆောင်း အလှူပေါင်းမျိုးစုံ ပြုခဲ့ဖူး ပါပြီ။

'ဥပုသ်နေ့တိုင်း ဥပုသ်စောင့်၊ ကြားရက်တွေ မှာ ငါးပါးသီလကို ခိုင်မြဲအောင် ထိန်းလို့ သီလတွေလဲ ဆောက်တည်ခဲ့ဖူးပြီ'

'ဘာဝနာအလုပ်ကတော့ ဘုရားဝတ်ပြောက်၊ ပုတီးစိပ်၊ မေတ္တာပို့၊ သမထမည်ကာမျှပါပဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဝိပဿနာဘာဝနာ တရားအစစ်ရှာဖို့ အရေးကြီးတယ်။ ကုန်ရှုံးတစ်ခေါက် လင်ရှုံးတစ်ယောက်၊ ဆရာရှုံးရင် တစ်သံသရာလုံးမှောက် ဆိုတော့ ဝိပဿနာ ဆရာကောင်းတွေ့ဖို့ အရေးကြီးတယ်။ ခေါင်းဆောင် ဆရာကောင်း ရှာကြစို့လို့ ပြောပါ တယ်ဘုရား'

'ဒီလိုဆိုတော့ ဒကာကြီးကိုလဲ ချီးကျူးပါတယ်၊ တကယ်လဲ ချီးကျူးထိုက်ပါတယ်'

'တပည့်တော်တို့ ဇနီးမောင်နှံ သားရေး သမီးရေး စီးပွားရေးက တစ်ဖက်၊ ကုသိုလ်မျိုးစုံက တစ်ဖက်နဲ့ ဝိပဿနာတရားအတွက် ခေါင်းဆောင်ကောင်းကို အမြဲအမြတ် မျက်စိဖွင့် နားစွင့်ပြီး စုံစမ်းနေခဲ့ပါတယ် ဘုရား'

'ဒီစစ်ကိုင်းတောင် ကျောက်စိမ်းတိုက် ဓမ္မဒူတ တရားစခန်းက ၁၀-နှစ်ရှိပြီ ဆိုတော့ ၁၀-နှစ်တိုင်တိုင် စုံစမ်းနေရတာလား'

'မဟုတ်ပါဘုရား၊ တပည့်တော်တို့ အကြံအစည် ဖြစ်တာ ငါးနှစ်သာ ရှိပါသေးတယ်ဘုရား။ သတင်းတွေ စုံစမ်းတော့လဲ ကြားရတဲ့သတင်းနဲ့ မလုံလောက် စိတ် မချနိုင်သေးပါဘုရား။ တရားဝင်ဖူးတဲ့ ယောဂီတွေကို လေ့လာ၊ ပေတံနဲ့တိုင်း စံချိန်ထိုးကြည့် ရပါသေးတယ် ဘုရား'

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်ပေတံနဲ့ စံချိန်ထိုးပြီး ဘာတွေ သိခဲ့သလဲ ဆိုပါဦး'

'တပည့်တော်တို့ ကိုင်ထားတဲ့ ပေတံစံချိန်က အရှင်ဘုရားတို့ ဟောတဲ့အထဲမှာ ပါတဲ့ ဝိပဿနာ သတိပဋ္ဌာန်တရားကို ရှုပွားကြတဲ့ ယောဂီမှာ ဆိုတဲ့ စံချိန်ပေတံပါဘုရား'

'ဩော် . . . ဟုတ်ပြီ ဟုတ်ပြီ၊ ဝိပဿနာ သတိပဋ္ဌာန်တရားကို ရှုပွားရတဲ့ ယောဂီမှာ - စိုးရိမ် ပူဆွေး ငိုကြွေးခြင်းမှ မုချလွတ်ကင်းရမည်သာ။ ကိုယ်စိတ်နှစ်ဖြာ လွန်ဆင်းရဲတဲ့ အကျိုးမဲ့ဘေး ချုပ်ငြိမ်းကွာ၊ စိတ်စင်ကြယ်ကာ အရိယာမဂ်နဲ့ နိဗ္ဗာန်ရချက် ကျိုးသုံးဖြာ၊ အဲဒါကြောင့် ရှုကြ ပွားကြ သတိပဋ္ဌာန ဘာဝနာ ဆိုတာလား'

'မှန်လှပါဘုရား'

'အဲဒီပေတံနဲ့ တရားစခန်းသတင်းနဲ့ ဘယ်လို တိုင်းယူလို့လဲ'

'တရားဝင်ဖူးတဲ့ ယောဂီတွေကို လေ့လာ ကြည့်ခဲ့ ပါတယ်ဘုရား။ နောက်ပြီး ဆရာတော်ကြီး ကိုယ်တိုင်က ပရိယတ် ပဋိပတ် နှစ်ရပ်လုံး ကျွမ်းကျင်၊ စာတတ်

www.burmeseclassic.com

www.burmeseclassic.com



ပေတာတ် ပဋိပတ်ပါ ကျွမ်းကျင်တော်မူကြတဲ့ သံဃာတော်တွေ၊ ဆရာကြီး ဆရာလေးတွေရဲ့ အလယ်စစ်ကိုင်းတောင်ရိုးမှာ ၁၀-နှစ်တာခရီး တိုးတက်အောင်မြင်ပြီး လျှောက်လှမ်းခဲ့တာရယ်။ တစ်နှစ်ထက်တစ်နှစ် ယောဂီတွေများ ဝင်လိုသူတိုင်း လက်မခံနိုင်၊ အလှူရှင်တွေဘက်က ပြည့်စုံ။ နောက်ပြီး တရားဝင်ပြီးသူတိုင်း၊ တရားနာပြီးသူတိုင်း တရားနဲ့ပျော်။ တရားနဲ့မွေ့လျော်နေချင်ကြတာကို လေ့လာမိပါတယ်ဘုရား'

'အခု ယောဂီ တရားအားထုတ်ပြီးတဲ့ အခြေအနေကိုရော ပြန်လေ့လာပြီးပြီလား'

'လေ့လာပါတယ်ဘုရား၊ တပည့်တော်မှာ ကိုယ်လဲကျန်းမာ၊ စိတ်လဲ ကျန်းမာ၊ စိုးရိမ်ပူဆွေးမှုတွေ နည်းပြီးစိတ်လဲ အလွန်စင်ကြယ်လာပါတယ် ဘုရား။ နိဗ္ဗာန်ကိုမမြင်ရသေးပေမယ့် နိဗ္ဗာန်ရောက် ရင် တကယ်အေးငြိမ်း ချမ်းသာမယ်ဆိုတာ ယုံကြည်ပါပြီဘုရား။ တပည့်တော်လဲ တရားနဲ့ပျော်၊ တရားနဲ့ မွေ့လျော်နေချင်ပါတော့တယ်ဘုရား"

'ဒီလို တရားနဲ့ပျော်ရင် စစ်ကိုင်းတောင်မှာ အရှိန်ထုတ်တော့မှာလား'

www.burmeseclassic.com

www.burmeseclassic.com



'ဟာ. . . မဟုတ်သေးပါဘုရား၊ ဘုရားရှင်ရဲ့ တရားအမှန်ကို စာပေနဲ့အညီ အားထုတ်မှု မှန်အောင် သင်ပြပေးတဲ့ ဆရာကောင်းနဲ့ တွေ့တဲ့အကြောင်း တပည့်တော်ရဲ့ ခင်ပွန်းကို ပြောပြရပါဦးမယ် ဘုရား'

'ဒကာမကြီး ပြန်ဖြေမှပဲ ဘုရားရှင်လက်ထက်တော်က မိမိပရိသတ်မှာတော့ ခေါင်းဆောင်၊ မဂ်ဖိုလ် နိဗ္ဗာန်တရားနဲ့ ပတ်သက်လို့ နောက်လိုက်ဖြစ်နေကြရှာတဲ့ သူငယ်ချင်းနှစ်ယောက် ခေါင်းဆောင်ကောင်းရှာတာ သွားသတိရတယ်'

'တပည့်တော်တို့ သိအောင် အမိန့်ရှိပေးပါဦးဘုရား'

'အဂ္ဂသာဝကများဖြစ်ကြတဲ့ အရှင်သာရိပုတ္တရာအလောင်းတော် ဥပတိဿနဲ့ အရှင်မောဂ္ဂလာန်အလောင်းတော် ကောလိတတို့ဟာ မသေရာ နိဗ္ဗာန်တရား အထူးရှာဖို့ ထွက်ရာက ခေါင်းဆောင်ကောင်းမဟုတ်တဲ့ ပရိဗိုဇ်သိဥ္စည်းဆရာကြီးနဲ့ တွေ့ပြီး တပည့်ခံ၊ လာဘ်လာဘတွေ ပေါ်များလာ၊ တပည့်ပရိသတ်တွေ များစွာနဲ့ နေကြသတဲ့'

'မှန်လှပါ အရှင်ဘုရား'

www.burmeseclassic.com

www.burmeseclassic.com



'ဆရာကောင်း မတွေ့သေးတော့ တွေ့အောင် ရှာဖို့ တိုင်ပင်ကြတယ်။ ဒကာမကြီးတို့ ဇနီးမောင်နှံ လိုပေါ့။ တွေ့ရင် တစ်ဦးကိုတစ်ဦး ပြန်ပြောဖို့လေ'

'မှန်လှပါဘုရား၊ ဆက်ပြီး အမိန့်ရှိပါဦး ဘုရား'

'ဘုရားရှင်လဲ ပွင့်ထွန်း။ တပည့်သံဃာတွေလည်း ပေါ်ပေါက်နေတဲ့ အချိန်ဆိုတော့ မိမိတို့နဲ့ အကြောင်းဆုံတဲ့ အရှင်အဿဇိထေရ်ကို အရှင်သာရိပုတ္တရာ အလောင်းတော်က ဖူးတွေ့မြင်ပြီး တရားနာရတဲ့ အတွက် သောတာပန်ဖြစ်သွား၊ အရှင်မောဂ္ဂလာန် အလောင်းတော်ကို ပြန်ဟောပြပြန်တော့လဲ တရားနာရလို့ သောတာပန် ဖြစ်သွားပြန်တယ်'

'ဒီလိုဆို အလောင်းတော်နှစ်ပါးက ဘုရား ရှင်ထံ မသွားကြဘူးလား ဘုရား၊ အလောင်းတော် တွေရဲ့ ဆရာသိဥ္စည်းပရိဗိုဇ်ကိုရော မခေါ်သွားကြဘူးလား ဘုရား'

'အလောင်းတော်နှစ်ပါးလဲ ဘုရားရှင်ထံ ကြွ သွားပါတယ်။ မသွားခင်မှာလဲ ဆရာဖြစ်တဲ့ သိဥ္စည်း ပရိဗိုဇ်ကို လိုက်ဖို့ ခေါ်ပါသေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ခေါ်ပေမယ့် တည်ထားတဲ့ စရည်းအိုးကြီး အဖြစ်က ခပ်ခွက် လက်ငင်းအိုးအဖြစ် မရောက်ချင်ဘူးတဲ့။ မလိမ္မာသူတွေများတဲ့ လောကမှာ အများစုက ငါထံလာ၊ အနည်းစု လိမ္မာသူတွေက ဘုရားထံ သွားလိမ့်မယ်။ ငါကတော့ မလိမ္မာတဲ့သူတွေရဲ့အလယ်မှာ ခေါင်းဆောင်လုပ်နေတော့မယ်လို့ ပြောပြီး ဘုရား ရှင်ထံ မလိုက်သွားဘူးလေ'

'ကိုယ်မှားမှန်း သိပါရက်နဲ့ ခေါင်းဆောင် မှားက နောက်လိုက်ကောင်း မလုပ်ချင်တော့ မိမိတစ် ဦးအတွက် အများပရိသတ်တွေ နစ်နာတာပေါ့၊ ရှုံး တာပေါ့ဘုရား'

'မှန်တာပေါ့ ဒကာမကြီး၊ အမှန်က ခေါင်းဆောင် နောက်လိုက်ဆိုတာ အရေးမကြီးပါဘူး။ မိမိက တကယ်ခေါင်းဆောင် အရည်အချင်းအစွမ်း ရှိရင် လုပ်ပေါ့။ မရှိရင် နောက်လိုက်ကောင်းလုပ်ပေါ့။ အခု ကြည့်လေ၊ အဂ္ဂသာဝက အရှင်မြတ်နှစ်ပါးဟာ ခေါင်းဆောင်ကောင်း ဘုရားရှင်နဲ့တွေ့တော့ နောက်လိုက်ကောင်း၊ မိမိပရိသတ် နောက်လိုက်တွေနဲ့ တွေ့တော့ မိမိတို့က ခေါင်းဆောင်ကောင်း။ ဒီလိုနဲ့ပဲ နိဗ္ဗာန်ကို စံဝင်တော်မူသွားကြပြီလေ။

www.burmeseclassic.com

www.burmeseclassic.com



'ဒါကြောင့် ဒကာမကြီးနဲ့တကွ မိသားစုတွေ၊ သတ္တဝါတွေဟာ ခေါင်းဆောင်တစ်လှည့် နောက်လိုက်တစ်ခါနဲ့ အကောင်း ခေါင်းဆောင်၊ အကောင်း နောက်လိုက်ဖြစ်ကြပြီး အမှားခေါင်းဆောင်၊ အမှား နောက်လိုက်ဘဝက လွတ်ထွက်နိုင်ကြ၍ အဂ္ဂသာဝက အရှင်မြတ်နှစ်ပါးကဲ့သို့ နိဗ္ဗာန်သို့ ကြွသွားနိုင်တဲ့ သူတော်ကောင်းတွေ ဖြစ်ကြပါစေ'

'အရှင်ဘုရားဖြစ်စေလိုတဲ့ ဆန္ဒအတိုင်း တပည့်တော်တို့ လိုက်နာကျင့်ကြံနိုင်သည်ဖြစ်ပါစေ ဘုရား'

မဓုဒူတ မောင်စစ်ကိုင်း

မဓုရသ - အမှတ် (၆၇)၊ ဇူလိုင်လ၊ ၁၉၉၅-ခုနှစ်၊

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



# ကရုဏာ ဒေါသ

ဓမ္မဒူတ – အရှင်ဆေကိန္ဒ

'ကရုဏာ ဒေါသော၊ ကရုဏာ ဒေါသော' ဟူ၍ လူအများ ခေါ်ဝေါ်သုံးစွဲနေကြ၏။

ကရုဏာကား သိမ်မွေ့နူးညံ့သော ကုသိုလ် သဘောတရားတစ်မျိုး ဖြစ်သည်။

ဒေါသသည်ကား ခက်ထန်ကြမ်းတမ်းသော အကုသိုလ်သဘောတရား တစ်မျိုးဖြစ်သည်။

ဆန့်ကျင်ဘက်တရားနှစ်မျိုးဟု ပြောဆိုနိုင်၏။ ထိုတရားနှစ်မျိုးသည် တစ်ပြိုင်နက် မဖြစ်နိုင်ချေ။ ကရုဏာဖြစ်နေလျှင် ဒေါသမဖြစ်နိုင်။ ဒေါသဖြစ် နေလျှင် ကရုဏာမဖြစ်နိုင်။

ကရုဏာ ဒေါသောဖြင့် ဆုံးမသည်ဟူရာ၌ ခွဲခြား၍ ကြည့်နိုင်ပါသည်။

ဆရာနှင့်တပည့်၊ မိဘနှင့်သားသမီး၊ လူကြီး သူမနှင့်ကလေးသူငယ် စသည်တို့၏အကြား၌ ကရုဏာ နှင့်ဒေါသတို့ ဖြစ်တတ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မိဘသည် မိမိ၏ရင်သွေးငယ်သားငယ်ကို ဂရုတစိုက် စောင့်ရှောက်သည်။ အရွယ်မရောက် လူလားမမြောက်သေးသော သားသမီးတို့ကို အာရုံပြု၍ ကရုဏာဖြစ်တတ်သည်၊ သနားတတ်သည်၊ လမ်းမလျှောက်တတ်သေး၍လည်း သနားတတ်သည်။ မစားသောက်တတ်သေး၊ စကားမပြောတတ်သေး၊ ပညာမပြည့်စုံသေး စသည်စသည်ဖြင့် ကရုဏာသက်၍ သနားတတ်ကြသည်။

ပြေးဆော့၍ ချော်လဲသောအခါ၊ အမြင့်အရပ်ကို တက်၍ပြန်ပြုတ်ကျသောအခါ၊ စာမေးပွဲကျ၊ အမှတ်နည်းသောအခါ မိဘများက သားသမီးတို့ကို ပြောတတ်၊ ဆူတတ်၊ အော်ငေါက်တတ်ကြသည်။

ဤသို့သောအခါ၌ ကရုဏာ ဒေါသောဟု သုံးစွဲပြောဆိုတတ်ကြ၏။

စဉ်းစား၍ ကြည့်ပါ၊ ပြေးဆော့၍ ချော်လဲသော် မနာအောင် ဖေးကူ၍ ပြေးထူချင်စိတ် ဖြစ်သလော၊ အပြစ်သဘော ပြောလို၍ မိမိအလိုမကျ ဖြစ်ကြသလော၊ စာမေးပွဲကျ၊ အမှတ်နည်းသော် မိမိက သင်ပြပေးလိုစိတ်၊ ကိုယ်တိုင် မသင်နိုင်က စာမေးပွဲ

www.burmeseclassic.com



မကျေ အမှတ်များအောင် ပြုပေးလိုစိတ် ရှိသလော၊ သို့မဟုတ်၊ မိမိဖြစ်စေချင်သလို မဖြစ်၍ သဘော မကျမှု ဖြစ်သလော။

ဆင်းရဲဒုက္ခ မပြည့်စုံမှုကို တွေ့ကြုံနေသော သူကို တွေ့မြင်ရသောအခါ၌ သနားတတ်မှုသည် ကရုဏာကုသိုလ်စိတ်သာတည်း။

မိမိဖြစ်လိုမှုတို့အတွက် သား သမီး တပည့် တပန်းစသူတို့က မဖြည့်ဆည်းပေးနိုင်၊ ဖြစ်မလာ နိုင်၍ အလိုမကျမှု စိတ်ဖြစ်ရခြင်းသည် ဒေါသ သဘော မကျမှုပင် ဖြစ်ပေသည်။

ကရုဏာဖြစ်လျှင် ဩော် . . . ဖြစ်မှဖြစ်ရ ပလေ၊ သနားပါတယ်' ဟူသော သူတော်ကောင်း တို့၏ စိတ်နှလုံး တုန်လှုပ်မှု သနားစိတ်ဖြစ်နေတတ် ပေသည်။

ထို့ကြောင့် ကရုဏာ ဒေါသော ဟု ဆိုနေကြ သကဲ့သို့ ကရုဏာစိတ်မှ ဒေါသစိတ်သို့ မကူးပြောင်း စေဘဲ ကရုဏာသနားစိတ်သာလျှင် မွေးမြူနိုင်ကြရန် ကြိုးစားသင့်ပေသည်။

မွေ့အမြင် - အတွဲ (၁) အမှတ် (၁)၊ မတ်လ၊ ၁၉၉၇-ခုနှစ်၊

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



# မရှာဘဲ တွေ့၊

# မမေ့သော တန်ဖိုး

ကောင်းမွန်သာ

ကျွန်တော်ကတော့ ဘွင်းဘွင်းသမားပဲ၊ လုပ်ရင်လည်း ရှင်းရှင်း၊ ပြောရင်းလည်း ဘွင်းဘွင်းပဲလေ။ တစ်ချို့က ကျွန်တော့်ကို "လူ့ဂွစာ"တဲ့၊ တစ်ချို့ကတော့လည်း "တိဟိတ်ကောင်"တဲ့။

သူတို့ပြောတဲ့ "လူ့ဂွစာ" ဆိုတာက ဟိုလူနဲ့လည်း ပေါင်းရသင်းရ အဆင်မပြေ၊ ဒီလူနဲ့လည်း ပေါင်းရသင်းရ အဆင်မပြေ၊ ဒီလိုလူကို ခေါ်တာ။ ဆိုးတဲ့လူကို ခတ်နိုပ်ပေးလေ့ရှိတဲ့ ဘွဲ့တံဆိပ်တစ်မျိုးပေါ့။

ကျွန်တော့်စိတ်ထဲမှာ ရှိတဲ့ အမှန်အတိုင်း ပြောပြပါ့မယ်။ ဆင်ခြေဆင်လက်တက်တာ မဟုတ်ပါဘူး။ တွေ့တဲ့လူနဲ့ တည့်အောင် ပေါင်းရမယ်။ ရာဇဂြိုဟ်မြို့

www.burmeseclassic.com

www.burmeseclassic.com



ရောက်ရင် ရာဇဝင်ပြုပ်လို ကျင့်ရမယ်လို့ဆိုတဲ့ အယူအဆကို ကျွန်တော်က လက်မခံနိုင်ဘူး။ ကောင်းတဲ့သူတွေကိုပဲ ရွေးပေါင်းမယ်၊ အဆင်ပြေအောင် နေမယ်။ မကောင်းတဲ့သူမှန်း သိလျက်နဲ့တော့ မပေါင်းနိုင်ဘူး။ အဆင်ပြေအောင် နေပေးပါဆိုလည်း နေမပေးနိုင်ပါဘူး။ ဒါ ကျွန်တော်ရဲ့စိတ်ဓာတ်၊ ကျွန်တော်ရဲ့အကျင့်ပေါ့။ ဒီစိတ်ဓာတ်မျိုး၊ ဒီအကျင့်မျိုးရှိလို့ သူတို့က "လူ့ဂွစာ" လို့ တံဆိပ်ခတ်ကြရင်လည်း ကျေကျေနပ်နပ်ပဲ ခံယူပါမယ်။ ကျွန်တော့်အကျင့်နဲ့ စိတ်ဓာတ်ကိုတော့ မပြင်နိုင်ဘူးလေ။

အဲ . . အဲဒီလို စိတ်ဓာတ်နဲ့အကျင့်ရှိနေတာကိုပဲ သူတို့က "တိဟိတ်ကောင်"လို့ ဒုတိယမ္ပိ ဘွဲ့တံဆိပ် ထပ်ပေးတာနဲ့ တူပါတယ်။ တိဟိတ် ဆိုတာမျိုးက ဘယ်အလုပ်ဖြစ်ဖြစ်၊ မလုပ်သေးရင်နေရော၊ လုပ်ပြီးဆိုရင် အပြတ်ပဲ၊ နားကင်းနဲ့သိကြာမင်း ဆင်းပြီး တားရင်တောင် ဂရုမစိုက်ဘူး။ ကိုယ်မှန်တယ်လို့ ဆုံးဖြတ်ပြီးရင် မဖြစ်ဖြစ်အောင် လုပ်တယ်။ မရရအောင်ယူတယ်။ မနိုင်နိုင်အောင် တိုက်တယ်။ အဲဒီသဘောရှိတဲ့သူကို

www.burmeseclassic.com

www.burmeseclassic.com



"တိဟိတ်ကောင်"လို့ အများက သတ်မှတ်လေ့ရှိကြတယ်။ ဒီလိုဆိုရင် ဒုတိယမြို့ ဘွဲ့တံဆိပ်ကို ကျွန်တော် ပျော်ပျော်ကြီး ခံယူပါ့မယ်။ ဘာလို့လဲဆိုတော့ ကိုယ်ကောင်းတယ်လို့ ဆုံးဖြတ်ပြီးရင် ဘယ်သူမှ မတားနဲ့တော့။ မရတော့ဘူးလေ။ ကိုယ့်ဆုံးဖြတ်ချက်အတိုင်း ကိုယ်လုပ်တယ်။

မကောင်းဘူးလို့ သတ်မှတ်လိုက်ရင်လည်း ဒီအလုပ်မျိုးမလုပ်တော့ဘူး။ ဒီအပြောမျိုး မပြောတော့ဘူး။ အို - မကောင်းတဲ့သူတွေ မှန်သမျှနဲ့လည်း မပေါင်းတော့ဘူးလေ။

ဟုတ်တယ်လေ၊ လူဆိုတာ ကောင်း, မကောင်း ခွဲခြားသိမှ လူအစစ်၊ ကိုယ့်ကိုယ်ကိုယ်တော့ လူအစစ်ဖြစ်ချင်ကြတာချည်းပဲ။ အကျိုးရှိ မရှိ ခွဲခြားသိတတ်တာနဲ့ ပတ်သက်လို့ လုပ်ငန်းကိုင်ငန်းတွေကို ခဏထားပါဦး။ အလှူကိစ္စတစ်ခုမှာ ဆိုပါစို့။ မိဘတွေက လှူခိုင်းတယ်။ ကျွန်တော်ငယ်ငယ် ကလေးဘဝကတည်းက သူများကို ကိုယ့်မှာရှိတဲ့မုန့်တွေ ခွဲဝေပေးခိုင်းတယ်။

လှူတယ် ပေးတယ်ဆိုတာ ကိုယ့်ပစ္စည်း ကုန်သွားတာပဲလေ။ နှမြောတာပေါ့။ မိဘခိုင်းလို့သာ ဆိုပြီးတော့

www.burmeseclassic.com



မလုပ်နိုင်ပါဘူး။ တစ်ခုတော့ရှိတယ်။ လှူတယ်၊ ပေးတယ် ဆိုတာကို ဘယ်လိုသဘောရှိသလဲ၊ ဘယ်လိုအကျိုးရမလဲ၊ ဒါတွေ သိအောင်တော့ အစမ်းလှူကြည့်ဦးမယ်ဆိုပြီး ကျွန်တော် စမ်းကြည့်ခဲ့တယ်။

ကျွန်တော်ရဲ့မုန့်တွေကို ကစားဖော်တွေကို နည်းနည်းစီ ခွဲပေးတယ်၊ လှူတယ်ပေါ့။ သူတို့ပျော်သွားကြတယ်။ သူတို့ပျော်တာတွေ ကြည့်ပြီး သူတို့ဆီက ပျော်ရွှင်မှုတွေက ကျွန်တော်ရဲ့ရင်ထဲမှာ စိတ်ချမ်းသာမှုအဖြစ် ပြောင်းလဲပေါ်ပေါက်လာတယ်။ တယ်ဟုတ်ပါလား၊ နောက် အဖော်တွေက ကျွန်တော်ကို သူများတွေထက် ပိုခင်လာတယ်။ ပိုချစ်လာတယ်။ ကျွန်တော်ရဲ့ ပြောစကားတွေကို သေချာ နားထောင်လာတယ်။ လက်ခံလာတယ်။ ဒါန လှူတယ်၊ ပေးတယ်ဆိုတာ နည်းတာများတာ ခဏထား၊ ပြန်ရလာတဲ့အကျိုးကတော့ များတာ၊ ကောင်းတာ ကျွန်တော်ကိုယ်တိုင် သိလာတယ်လေ။ ကျွန်တော် ဆုံးဖြတ်လိုက်တယ်။ "အမြဲတမ်း စွမ်းနိုင်သမျှ လှူမယ်"လို့။

အပေါင်းအသင်း မများချင်တဲ့ ကျွန်တော်က အားကိုးအားထား ဆရာသမားအဖြစ် တင်မြှောက်ရမယ့်

www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂိုလ်ကိုလည်း မမှားချင်ဘူး။ အရွေးမလွဲချင်ဘူး။ ဒီတော့ ကျွန်တော် စိစစ်ရတယ်၊ လေ့လာ ရွေးချယ်ခဲ့တယ်။

ကျွန်တော်သဘောကျ ကြည်ညိုတဲ့ အားကိုးရမဲ့ ဆရာသမားကို တွေ့ပြီ "ပိဂ်လ" အမည်ရတဲ့ မထေရ် တစ်ပါးပေါ့။ အရှင်မြတ်က အမ္ဗရိယကျောင်းမှာ သီတင်းသုံးတယ်။ အရှင်မြတ်ရဲ့ သွားပုံ လာပုံ နေပုံ ထိုင်ပုံ စကားပြောသံကအစ သိမ်မွေ့တယ်၊ မေတ္တာဓာတ် ပါတယ်၊ ကရုဏာရှိတယ်။ နောက်ပြီး ကျွန်တော် မသိလို့ မေးချင်တာတွေ မေးရင် နားလည်တဲ့အထိ ရှင်းပြတယ်။ မသိသိအောင် ဥပမာတွေနဲ့ ပြောပြတယ်။ ဒါကိုကပဲ ကျွန်တော့်ဆရာကို ကျွန်တော် ကြည်ညိုတာ။

တစ်နေ့ ဆရာ့အထံမှာ ကျွန်တော်သီလခံယူတယ်၊ သရဏဂုံ သုံးပါးနှင့်တကွ သီလဆောက်တည်ဖို့အတွက် ဆရာမထေရ်က ကျွန်တော့်ကို စစချင်း ဆောက်တည် ရမယ့် သိက္ခာပုဒ်ကစပြီး ပြောပြတယ်။

ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိ - ယာမိ - သူ၏အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်

www.burmeseclassic.com



တည်ပါ၏။ နောက်ထပ် နောက်ထပ် သိက္ခာပုဒ်တွေကိုလည်း ဆောက်တည်သေးတယ်လေ။

သီလဆောက်တည်ပြီး အများတွေလို ကျောင်းမှာ အိမ်မှာ အေးအေးဆေးဆေး နေလို့ ကျွန်တော့ဘဝက မဖြစ်သေးဘူး။ ကျွန်တော်က လယ်သမား၊ လယ်သမားဆိုတာ ထွန်ချိန်တန်ထွန်၊ ထယ်ချိန်တန်ထယ်၊ ပျိုးချိန်တန်ပျိုးနဲ့ ဒီလိုပဲ အချိန်ရှိခိုက် လုံ့လစိုက်ရတယ်လေ။

အခုလည်း သီလသာ ဆောက်တည်ထားတယ်။ နွားနှစ်ကောင် ထမ်းပိုးယှဉ်ပြီး လယ်ပြင်ကို ထွက်ခဲ့ရပြန်ပြီ။ လယ်ထွန်ဖို့ အချိန်ကိုး။ တစ်မနက်လုံး ပင်ပန်းထားတော့ တစ်ရေးတစ်မောလောက် သစ်ပင်အောက်မှာ အပန်းဖြေရင်း အိပ်ပျော်သွားတယ်။

ဖြတ်ခနဲ နိုးလာလို့ ကြည့်လိုက်တော့ စားကျက်ထဲလွှတ်ထားတဲ့ နွားတစ်ကောင် ပျောက်နေတယ်။ လယ်သမား နွားပျောက်လို့ ဘယ်ဖြစ်မလဲ၊ လယ်သမားနဲ့နွားခွဲထားလို့ ဘယ်ရမလဲ၊ နွံ့ထဲ၊ ဗွက်ထဲ အတူတွဲနေရတာ မဖြစ်ဘူး၊ လိုက်ရှာမယ်။

ဟိုကြည့်၊ ဒီကြည့်၊ ရှာဖွေပြီး လှမ်းကြည့်တော့လည်း ပျောက်တဲ့နွားကို မမြင်။ ဟိုတောင်ထွန်း အမြင့်

www.burmeseclassic.com

www.burmeseclassic.com



ပေါ်က တက်ကြည့်ရင်ဖြင့် နွားဘယ်မှာရှိတယ်၊ မြင်ရမှာပဲ။ တောင်ပေါ်ကို အရင်တက်ကြည့်မှ ဖြစ်မယ်။ ဒီတောင်ပေါ်ကို မတက်ဖြစ်တာ နှစ်ချီလများ ကြာခဲ့ပါပြီ။ လမ်းလဲ မမှတ်မိတော့ဘူး။ လမ်းမသိလဲ ကိစ္စမရှိပါဘူး။ တောင်ထိပ်မြင့်မြင့်ပေါ် ရောက်ရင် ပြီးတာပါပဲ။ ချုံနွယ်သစ်ပင် တိုးမပေါက်ရင်လဲ လမ်းရှင်းဖို့ ပခုံးမှာလွယ်ထားတဲ့ အသွားထက်ထက် ဓားတစ်လက်ပါသားပဲ. . . ။

အတွေးထက် အပြေးက အရေးကြီးတယ် ဆိုပြီး တောင်ထိပ်ကို မြန်မြန်တက်ခဲ့တယ်။ တောင်ပေါ်အရောက်မှာ ကျွန်တော်ရဲ့ခေါင်းတွေ ရီဝေဝေဖြစ်လာတယ်။ ပတ်ဝန်းကျင်ကို အမှတ်မထားမိနိုင်လောက်အောင် မိန်းမောသလို ဖြစ်နေတယ်။ ကျွန်တော့်ကို တစ်စုံတစ်ရာက ညှို့ယူထားသလိုပဲ။ ရောက်ပြီးသားနေရာ လျှောက်ပြီးသားလမ်းကလေးကိုပဲ နှစ်ပတ်သုံးပတ် ဝေ့ဝဲပြီး ပြန်ရောက်နေတာကို သိသိကြီးနဲ့ ကိုယ့်ခြေထောက်တွေကို ကိုယ်အစိုးမရနိုင် ဖြစ်နေတယ်။ ကိုယ့်စိတ်ကိုယ်တင်းပြီး ပတ်ဝန်းကျင်ကို အာရုံစိုက်နိုင်ပြီး ကြိုးစားနေတုန်းမှာပဲ ကျွန်တော့်တစ်ကိုယ်လုံး တင်းကြပ်မှုကို

www.burmeseclassic.com

www.burmeseclassic.com



ခံစားလိုက်ရတယ်။ ညာလက်နဲ့ အတင်းတွန်းခွာပေမယ့် တွင်းကြပ်မှုက လျော့မသွားဘူး။ အသက်တောင် ရှူလို့ မဝတော့အောင် တဖြည်းဖြည်း တိုးတိုးလာတယ်။ ကျွန်တော့်ကို ရစ်ပတ်ဖျစ်ညှစ်ထားတဲ့ အေးစက်စက် ချော တောတော အရာကြီးကို အားယူပြီး ငုံ့ကြည့်လိုက်မိတော့ ကျွန်တော့်နှလုံးသားဟာ ပါးစပ်ကနေ ခုန်ထွက်သွားမတတ်အောင် ကျွန်တော် လန့်ဖျပ်သွားမိတယ်။ ဧရာမစပါးကြီး မြွေကြီးပါလား။ ကျွန်တော်ရဲ့ ခန္ဓာကိုယ်ကို ရစ်ပတ်တုပ်နှောင် ညှစ်ခြေပစ်လိုက်ပြီးမှ တဖြည်းဖြည်း သူ့ရဲ့အာခံတွင်းထဲ ဆွဲသွင်းမျိုချဖို့ ကြိုးစားနေတာ။

ကျွန်တော် ဘာလုပ်သင့်သလဲ. . .။ သတိရလိုက်ပြီ၊ စပါးကြီးမြွေရဲ့ရန်က လွတ်နေတဲ့ ယာဘက်လက်၊ နောက်ပြီး ဓားထည့်ထားတဲ့ ဓားအိမ်ရဲ့အပေါ်ဘက်က ဓားရိုး၊ ပြောပြတာကမှ ကြာလိမ့်ဦးမယ်။ သတိရတာနဲ့ တစ်ပြိုင်နက် ထက်မြက်လှတဲ့ဓားကို ဆွဲထုတ်ပြီးသား ဖြစ်သွားပြီလေ။ ဘယ်လောက်လျှင်မြန်သလဲ၊ သေရေး၊ ရှင်ရေး၊ လက်နှေးနေလို့ ဘယ်ဖြစ်မလဲ။

www.burmeseclassic.com



ဒါပေမဲ့ အသိဉာဏ်တစ်ချက် လက်ခနဲ ပေါ် လာပြီ။ ကျွန်တော်ကြည်ညိုတဲ့ ဆရာသမား၊ လေးစားတဲ့ အရှင်မြတ်။ အထပ်ထပ်ဆုံးမတဲ့ရဟန်းတော်ရဲ့ သီလ သိက္ခာပုဒ်ကို ဆောက်တည်ထားတယ်လေ။

လေးစားကြည်ညိုအပ်တဲ့ ဆရာသမားထံမှ ခံယူ ဆောက်တည်လာတဲ့ "သူတစ်ပါးအသက်ကို မသတ် ပါဘူး" ဆိုတဲ့ သီလသိက္ခာပုဒ်ကို ဘယ်မှာ ဖျက်ပစ်လို့ ကောင်းပါမလဲ။

ခါးက ခါးအိမ်ထဲကို လျောခနဲ့ ပြန်ဝင်သွားပြီး ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားတဲ့လက်ကလည်း ပြေ လျော့ရုံမက လွှတ်လိုက်ပြီ။

အလိုလေး - ကျွန်တော်က လွှတ်ပေမယ့် သူက မလွှတ်ပါလား။ တဖြည်းဖြည်း ပိုပိုပြီး တင်းကြပ်စွာ ရစ် ပတ်ခံနေရပါလား။ သေရေးနဲ့ရှင်ရေးမှာ ဒီအတိုင်း ဆိုရင် ရှင်ရေးက ဝေးပြီလေ။

လက်ထဲမှာ ခါးက တစ်ဖန်ရောက်လာပြန်တယ်။ စပါးကြီးမြွေရဲ့ ဦးခေါင်းကိုသာ အပိုင်ဖြတ်နိုင်ရင် လွတ်ပြီ၊ ဘယ်မှာလဲ စပါးကြီးမြွေရဲ့ဦးခေါင်း။

www.burmeseclassic.com

www.burmeseclassic.com



မြင်နေရတာက စပါးကြီးမြွေရဲ့ဦးခေါင်း၊ ဒါပေမယ့် ကျွန်တော့်စိတ်မျက်စိမှာ တွေ့လိုက်ရတာက ဆရာသခင် ပိဂ်လအရှင်မြတ်ရဲ့ တည်ငြိမ်အေးချမ်းတဲ့ မျက်နှာ၊ မလုပ်သင့်ဘူး။ သီလသိက္ခာကို ဆောက်တည်ထားပြီးတော့ သူတစ်ပါးအသက် မဖျက်ဆီးသင့်ပါဘူး။ မိမိရဲ့အကျင့်သီလကိုလည်း ဖျက်ဆီးဖို့ မသင့်ဘူး။

ဒီလိုအခြေအနေမှာ အကောင်းအဆိုး ဝေခွဲဖို့ အရေးကြီးတယ်။ အမှားအမှန် ဆုံးဖြတ်ဖို့ အရေးကြီးတယ်။ ဒါ ကျွန်တော်ရဲ့အကျင့် ကျွန်တော်ရဲ့စိတ်ဓာတ်။

BURMESE CLASSIC

**စပါးကြီးမြွေရဲ့ ရစ်ပတ်မှုက အသက်ရှူရပ်တော့မတတ် ခံစားနေရပြီးလေ။ ဒါက အရေးမကြီးဘူး။** အလုပ်သင့်ဆုံးကို အမြန်ဆုံး ဆုံးဖြတ်ဖို့က အရေးကြီးတယ်။ သေရေးနေရေးက အရေးမကြီးဘူး။ အမှား အမှန်ဝေဖန်ဖို့ အကောင်းအဆိုးကို ဆုံးဖြတ်ဖို့သာ အဓိက။ "လူ့ဂွစာ"လို့ ဆိုဆို၊ "တိဟိတ်ကောင်" လို့ပဲ လျှောင်လျှောင် ဆုံးဖြတ်ချက်က အရေးကြီးတယ်။ ကျွန်တော် အလုပ်သင့်ဆုံးကို လုပ်ရမယ်။

www.burmeseclassic.com

www.burmeseclassic.com



ဓားအိမ်ထဲကနေ ဓားအရိုးကို လက်နဲ့ကျစ်ကျစ် ပါအောင် ဆုပ်ကိုင်ပြီး လှစ်ခနဲ ဆွဲထုတ်လိုက်ပြီ၊ တစ်ဆင့်တော့ အောင်မြင်သွားပြီ။

မျက်စိကို မှိတ်၊ အံကို ကြိတ်လိုက်ပြီ။ စပါးကြီးမြွေရဲ့ ရစ်ပတ်မှုအားကို တုံ့ပြန်နိုင်တဲ့ အားတစ်ခု ရင်တွင်းက လှစ်ခနဲ ပေါ်လာ၊ ရင်တွင်းက အင်အားနဲ့ တစ်ပြိုင်နက် ထက်မြက်လှတဲ့ ဓားသွား လှစ်ခနဲ လှုပ်ရှားသွားတယ်။

ကျွန်တော်ရဲ့ကိုယ်ပေါ်မှာ ရစ်ပတ်ထားတဲ့ တင်းကြပ်မှုတွေ သိသိသာသာ ပြေလျော့သွားတယ်။ ကျွန်တော်ကိုယ်တိုင် ကျွန်တော်ရဲ့အသက်ကိုအားပါးတရ တစ်ဝကြီး ရှူရှိုက်နိုင်ပြီလေ။ ဒါဖြင့် ကျွန်တော်ရဲ့ဆုံးဖြတ်ချက် မှန်တာပေါ့။ “တီဟိတ်ကောင်”ရဲ့ ဆုံးဖြတ်ချက် မှန်တာပေါ့။

BURMESE CLASSIC

အသက်တစ်ဝကြီး ရှူရှိုက်လို့ အားအင်တွေ ပြည့်လာမှ ဟိုရှာ ဒီကြည့်၊ နွားပျောက်တာကို သတိရမိတယ်။ ဟော - ဘသားချောက ဟိုး အနိမ့်ပိုင်းမှာ အစာမက်နေတာကိုး။ ပျောက်တဲ့နွားကို တောင်ပေါ်စီးက မြင်ရပေမယ့် ရှာစရာတစ်ခု ကျန်သေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့အသက်ကိုသာ စွန့်မယ်၊ ငါ့ရဲ့ဆောက်တည်းထားတဲ့သိက္ခာပုဒ်ကို လုံးဝမစွန့်နိုင်ဘူး"လို့ ဆုံးဖြတ်ပြီး မျက်စိတစ်မှိတ် အံကြိတ်ပြီး အဝေးကို လွှင့်ပစ်ထုတ်ခဲ့တဲ့ ကျွန်တော်ရဲ့ဓား ဘယ်မှာလဲ၊ ဟော - ရှေ့ခမ်လှမ်းလှမ်းက ချုံပိတ်ဘေးမှ ကျွန်တော့်ဓား။

နွားပျောက်ကိုလည်း ရှာလို့တွေ့ခဲ့ပြီ။ ဓားပျောက်ကိုလည်း ရှာလို့တွေ့ခဲ့ပြီ။ 'မရှာဘဲ တွေ့လိုက်ရတာက သီလကျေးဇူး'။ ဆောက်တည်ကျင့်သုံးနေတဲ့ မိမိရဲ့ သီလသိက္ခာကို မဖျက်ဆီးဘဲ အသက်စွန့်မယ်။ ကိုယ့်အသက် ကိုယ်ပြန်လုယူနိုင်တဲ့ အခွင့်လမ်းကို စွန့်လွှတ်လိုက်မယ် ဆိုတဲ့ ရင်တွင်းအင်အားအကြောင်းကို နားလည်သွားပြီး ပါးစပ်ထဲရောက်ခါနီး အစာကို စွန့်ထားသွားတဲ့ စပါးကြီးမြွေဟာလည်း အခုဆိုရင် တောတွင်းတစ်နေရာမှာ သူ့အတွက် သူ့အစာသစ် ထပ်ရှာနေမှာပါပဲ။ သူ့အစာလည်း သူရှာရှင်း တွေ့မှာပါလေ။

ရှာလို့တွေ့တာထက် မရှာဘဲ တွေ့လိုက်ရတဲ့ သီလကျေးဇူးက အထူးပဲ မြတ်လှပါတယ်။

ဓမ္မအမြင် - အတွဲ (၁) အမှတ် (၁)၊ ကောင်းမွန်သာ

www.burmeseclassic.com